
www.burmeseclassic.com

ဒေါက်တာ မိုလာ

# အမျိုးသားတွေ လိုချင်တာက SEX

# အမျိုးသမီးတွေ လိုအပ်တာက LOVE

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

ဖတ်လို့ကောင်းတယ်....

ဖတ်ပြီး မှတ်စရာလည်းပါတယ်...

ဖတ်မှတ်ပြီး သိမ်းထားဖို့ လက်ဆောင်ကမ်းချင်ပါတယ်

.................................

................................. မှ

.................................

................................. အတွက်

အမှတ်တရလက်ဆောင်

အမျိုးသားတွေ လိုချင်နေတာက Sex

အမျိုးသမီးတွေ လိုအပ်တာက Love

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ

**အုပ်ရေ**

၁၀၀၀

**ထုတ်ဝေသူ**

ဦးချစ်ညွန့်(ဖင်ရတနာစာစောစာပေ)

၂၀၅/က၊ မြို့သစ် က+ခ ရပ်ကွက်၊ အင်းစိန်။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

သင်းလဲ့ဝင်း

အမှတ် (၁၂)၊ ဓါနလမ်း၊ (၈)ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်။

**မျက်နှာဖုံးနှင့် အတွင်းပုံ**

ပန်းချီ ကျော်ဝင်းမောင်

**ကွန်ပျူတာစာစီ**

ဝင်းဝင်းရွှေ(ပုံရိပ်ရှင်)

**အတွင်းဖလင်**

ပုံရိပ်ရှင်

**တန်ဖိုး**

ကျပ် ၂၀၀၀

၆၁၆.၇

မိုလာ(ဒေါက်တာ)

အမျိုးသားတွေ လိုချင်နေတာက Sex၊ အမျိုးသမီးတွေ လိုချင်နေတာက Love/ဒေါက်တာမိုလာ။ – ရန်ကုန်။

ဖင်ရတနာစာစောစာပေ၊ ၂၀၁၃။

၁၄၅–စာ၊ ၁၂.၅ x ၁၈.၅ စင်တီမီတာ။

(၁) အမျိုးသားတွေ လိုချင်နေတာက Sex၊ အမျိုးသမီးတွေ လိုချင်နေတာက Love

# မာတိကာ


| | | |
|---|---|---|
| * | စာရေးသူ့အမှာ | ၇ |
| ၁။ | အကြင်နာပေးခြင်း | ၉ |
| ၂။ | Sex Education | ၁၀ |
| ၃။ | အမျိုးသား နဲ့ အမျိုးသမီး… | ၂၇ |
| ၄။ | အချစ်နောက်ကွယ်မှာ | ၃၅ |
| ၅။ | ဘာလဲ… အချစ် | ၄၄ |
| ၆။ | အမျိုးသမီးတွေ လိုချင်တာ… | ၅၅ |
| ၇။ | အမျိုးသားတွေ လိုချင်တာ… | ၆၆ |
| ၈။ | ရွေးချယ်တဲ့ ပုံစံ | ၇၇ |
| ၉။ | ဖောက်ပြန်မှုတွေ… | ၈၉ |
| ၁၀။ | အမျိုးသားများရဲ့… နံနက်… | ၉၉ |
| ၁၁။ | Love & Sex | ၁၀၉ |
| ၁၂။ | G-Spot | ၁၂၀ |
| ၁၃။ | အမျိုးသမီးနား ချဉ်းကပ်မယ်ဆိုရင် | ၁၃၂ |
| ၁၄။ | အိမ်ထောင်ပြုမယ်ဆိုရင် Anti-Virus လို မိန်းမကို ယူရမယ် | ၁၄၈ |


www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်ကျန်းမာရေးပြည့်စုံခြင်းနှင့်အတူ
မရှိမဖြစ်လိုအပ်သောအိမ်ထောင်ရေးဘဝကို
သာယာစွာခံစားစံစားနိုင်မည်ဖြစ်ပါကြောင်း
စာအုပ်ကိုဖတ်ရှုခြင်းဖြင့်သိရှိနိုင်ပါမည်။

## စာရေးသူအမှာ

"အမျိုးသားတွေ လိုချင်တာက Sex၊ အမျိုးသမီးတွေ လိုအပ်တာက Love" ဆိုတဲ့ ခေါင်းစဉ်အရ အမျိုးသမီး၊ အမျိုးသား ကွဲပြားချက်များနှင့် သဘောထားမတူညီမှုကို သိပ္ပံနည်းကျနှင့် သုတေသနများအရ ရေးသားထားဖြစ်ပါသည်။ အချို့သောသူက ဒီလို အမြဲတမ်း မမှန်ကန်ပါဟု မေးခွန်းနှင့်အဖြေ ရှိနိုင်ပါသည်။ စာရေးသူ လက်ခံပါသည်။ သို့သော် ခြုံ၍ စဉ်းစားပြီး ဖြစ်ပျက်လာခဲ့သော အတိတ်နှင့် ဖာတ်လမ်းများကိုကြည့်မည်ဆိုလျှင် မတူညီသော အချက်များရှိနေသည်ကိုတော့ ငြင်းစရာမရှိနိုင်ပါ။

မတူသောအချက်များမှ မိမိစိတ်နှင့် သဘောထားတူသူများသည် ဖြစ်သင့်သည်ကို ပြုပြင်ပြီး အမျိုးသားနှင့် အမျိုးသမီး၏ လိုအင်ဆန္ဒများကို ဖြည့်စွက်နေထိုင်ခြင်းသည် Love, Sex ၏နောက်ကွယ်တွင် ရှိနေသော bonding သည် ပို၍ကြာရှည်နိုင်ပြီး ခန္ဓာကိုယ်ကျန်းမာရေး ပြည့်စုံခြင်းနှင့် အတူ မရှိမဖြစ်လိုအပ်သော အိမ်ထောင်ရေးဘဝကို သာယာစွာ ခံစားစားနိုင်မည်ဖြစ်ပါကြောင်း စာအုပ်ကို ဖတ်ရှုခြင်းဖြင့် သိရှိနိုင်ပါမည်။

စာရေးသူ ဝန်ခံရမည့်အကြောင်းသည် အကြောင်းအရာနှင့် အချက်အလက်များကို စကားပြော အမေးအဖြေနှင့် ရေးထားခြင်းဖြစ်ပါသည်။ တချို့သောအချက်များသည် နားလည်လွယ်ရန် မှတ်စုတွင် ပါသောအချက်များထဲ ရေးသားထားပါသည်။ မူရင်းအဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



အချက်အလက်များသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ကွာခြား၍ ချန်ထားပါသည်။ စာဖတ်သူများအတွက် တစ်ကြောင်းတည်းသောစာသားကြောင့် အတွေးအခေါ်တစ်ခု ပြောင်းလဲသွားလျှင် စာရေးသူ ရေးသားရကျိုးနပ်ပါသည်ဟု ကျေနပ်မိပါတော့သည်။

ဒေါက်တာမိုလာ



## အကြင်နာပေးခြင်း

**ဒေါက်တာနိုး** ။ ။ ဒီနေ့တော့ "အကြင်နာပေးခြင်း" အကြောင်းတွေ ပြောရအောင်ကွာ။

**မောင်အတ္တ** ။ ။ ဟော... ဆရာ။ ဘယ်တွေ ရောက်သွားပြီလဲ။ ဟိုရောက် ဒီရောက်နဲ့။ နောက်ပြီးတော့ အကြင်နာပေးတာတဲ့။

**ဒေါက်တာနိုး** ။ ။ မင်းကလည်း ဒါများ ဘာထူးဆန်းလို့လဲကွာ။ အဆိုတော်ကိုင်ဇာတောင် ဆိုထားတယ်။ "ကြင်နာမှု အထိမ်းအမှတ်အဖြစ် ××× ကေ... အိုင်... အက်စ် ... အက်စ်... တစ်စ်" တဲ့။ ဒါပေမဲ့ လူတွေက အနမ်းကို ကြင်နာတာတွေ၊ ချစ်တာတွေနဲ့ပဲ အသုံးပြုကြတာကွ။ အကြင်နာပေးတာနဲ့ ပတ်သတ်တာတွေကလည်း အများကြီးရှိတာပဲဟာ...။

**မောင်အတ္တ** ။ ။ ဘာတွေများပါလိမ့် ဆရာရယ်။

**ဒေါက်တာနိုး** ။ ။ အနမ်းဆိုတာ နှုတ်ခမ်းနဲ့ ထိတွေ့တာကို အနမ်းလို့ ခေါ်တယ်တဲ့။ ဒါက အနမ်းရဲ့အဓိပ္ပာယ်ပေါ့ကွာ။

**မောင်အတ္တ** ။ ။ ဗျာ... အနမ်းဆိုတာ နှာခေါင်းနဲ့ နမ်းတာ မဟုတ်ဘူးလား ဆရာရယ်။ ပေါင်မုန့် နမ်းကြည့်စမ်းဆိုရင် နှာခေါင်းနဲ့ နမ်းကြည့်တာပါ။ ပါးစပ်နဲ့ နမ်းတာ မဟုတ်ပါဘူး။ နောက်ပြီး မွေးခါစ ကလေးငယ်ငယ်လေးတွေကိုလည်း နှာခေါင်းနဲ့ နမ်းကြတာပဲ။

* The greatest thing you'll ever learn is just to love and be loved in return.

www.burmeseclassic.com



တစ်ခုတော့ ရှိပါတယ်။ နှုတ်ခမ်းနဲ့ နမ်းကြတာလည်း ရှိပါသေးတယ်။ ဒါပေမဲ့ အနမ်းဆိုတာ နှာခေါင်းနဲ့ နမ်းတာလို့ ကျွန်တော်က ထင်နေတာ။

**ဒေါက်တာနိုး** ။ ။ အဲဒါကြောင့် ငါက ပြောချင်နေတာပေါ့။ အနမ်းက အဓိပ္ပာယ်တွေ ရှိကြတယ်။ တိုင်းပြည်တစ်ပြည်နဲ့ တစ်ပြည် ယဉ်ကျေးမှုဓလေ့ထုံးစံမတူတဲ့အပေါ် မူတည်တယ်။








**မောင်အတ္တ** ။ ။ ဟုတ်တာပေါ့ ဆရာ။ ယဉ်ကျေးမှုအနေနဲ့တော့ တွင်တွင်ကျယ်ကျယ် မသိပါဘူး။

**ဒေါက်တာနိုး** ။ ။ အဲ… ဒါတော့ မင်းက သိသားပဲ။ သမိုင်းကို ပြန်လှန်တော့ မြန်မာပြည်အကြောင်းတွေကို ဦးစားပေး ရေးသားတတ်တဲ့ George Orwell က Burmese Days စာအုပ်ထဲမှာ မြန်မာတွေက မနမ်းကြဘူးတဲ့။ နောက်ပြီး နမ်းတယ်ဆိုတဲ့စကားလုံးလည်း မရှိဘူးလို့ မြန်မာပြည်ကို ထူးထူးခြားခြား ညွှန်းဆိုထားလေရဲ့ဗျာ။

**မောင်အတ္တ** ။ ။ ဟုတ်မှာပေါ့။ ဒါတော့ ကျွန်တော်တို့မှ မသိတာ ကြာပြီကိုး။

**ဒေါက်တာနိုး** ။ ။ အေးပါ… ဟုတ်ပါတယ်။ နောက်ပြီး နမ်းတာ ပေါင်းစုံရှိတယ်တဲ့။

**မောင်အတ္တ** ။ ။ နမ်းတာများ ပေါင်းစုံရှိတယ်လို့ ဆရာရယ်။ ပေါက်တီးပေါက်ရာပဲ။

**ဒေါက်တာနိုး** ။ ။ အက်စကီးမိုးလူမျိုးတွေရဲ့ အနမ်းကျတော့ နှုတ်ခမ်းချင်း မဟုတ်ဘူး။ နှာခေါင်းချင်း ထိတာတဲ့။ ဒါကို Eskimo Kiss လို့ ခေါ်တယ်။ အဲ… ရောမယောက်ျားကျတော့ မိန်းမလုပ်

> **တစ်နေကုန် အလုပ်ကအပြန် ယောက်ျား အရက်သောက်လာသလား* စစ်တာတဲ့။**

သူက အိမ်အပြန်မှာအနမ်းပေးရတယ်၊ အမှန်က နမ်းချင်တာထက် တစ်နေ့ကုန် အလုပ်ကအပြန် ယောက်ျား အရက်သောက်လာသလား စစ်တာတဲ့။

**မောင်အတ္တ** ။ ။ အောင်မလေး… ဆရာရယ်။ တကယ်ဆို အနမ်းနဲ့က စစ်ဆေးစရာ မလိုဘူး။ အနားကပ်ရာလည်း

* Loving each other is half of wisdom.

www.burmeseclassic.com






မလိုဘူး။ အဝေးကနေ အရက်နံ့ ဟောင်နေတာပဲလို့တောင် ပြောကြတယ်။

**ဒေါက်တာနိုး ။** ။ မှန်တာပေါ့။ နမ်းတာတောင် တည့်မနမ်းရဘူးတဲ့ ဒီလိုတဲ့။ မျက်နှာချင်းဆိုင်နမ်းရင် နှာခေါင်းချင်းဝှိုက်





တယ်တဲ့၊ ဒါကြောင့် ခေါင်းလေးစောင်းပြီး နမ်းရတယ်တဲ့။ စိတ်ပိုင်းဆိုင်ရာ ပညာရှင်က လေ့လာထားတာက လေဆိပ်တို့၊ ပန်းခြံတို့မှာ အတွဲတွေ နမ်းတာကို လေ့လာလိုက်တော့ ဘယ်ဘက်ထက် ညာဘက် အနေအထားနဲ့ လှည့်ပြီးနမ်းတာ နှစ်ဆရှိတယ်တဲ့။ အတော်တော်တဲ့ ပညာရှင်... သိလား။

**မောင်အတ ။** ။ ဟုတ်ပါ့ဆရာရယ်။ တွေးမှ တွေးတတ်ပလေ။

**ဒေါက်တာနိုး ။** ။ နောက် လေ့လာတဲ့သူက အနမ်းဖွဲ့စည်းမှုပါဝင်တဲ့ ကြွက်သား ၂၀ ဝန်းကျင်ရှိတယ်တဲ့။ အရေးကြီးတဲ့ အနမ်းကြွက်သားကတော့ Orbicularis Oris ကြွက်သားတဲ့၊ ဒီကြွက်သားကနေ နှုတ်ခမ်းကိုရှုပေးလိုက်တာပဲ၊ နောက် ရှိသေးတယ်။ အနမ်းနောက်ကွယ်မှာ လျှာပါတယ်တဲ့။

**မောင်အတ ။** ။ နမ်းလိုက်ရင် လူတွေ ဘာပြောင်းသွားတတ်လဲ။

**ဒေါက်တာနိုး ။** ။ နမ်းပြီဆိုတာနဲ့ မျက်နှာ၊ လျှာ၊ နှုတ်ခမ်းက သတင်းအချက်အလက်တွေကို ဦးနှောက်ဆီ ပို့လိုက်တယ်။ ဆယ်လီဖုန်း ဆက်လိုက်တယ်ပေါ့ကွာ။ ဒီတော့ ဦးနှောက်က ဆရာကြီးကတော့ တုံ့ပြန်တာပေါ့။ ဦးနှောက်က ဓာတုဗေဒပစ္စည်းတွေ ထုတ်လွှတ်တယ်။ လက်နက်တွေပေါ့။ ဒီထဲမှာပါတဲ့ အောက်ဆီတိုစင် (Oxytocin) က သံယောဇဉ်ခံစားမှုဖြစ်အောင် လုပ်တယ်၊ ဆွဲဆောင်အောင် လုပ်တယ် ပေါ့နော်။ ဒိုပါမင်း (Dopamine) ကကျတော့ နာတာတွေ၊ သာယာမှုတွေရဲ့ ခံစားမှုကို ဖန်တီးပေးပြန်ရော။

အဲ... ဆီရိုတိုနင် (Serotonin) ကတော့ ခံစားမှုနဲ့ လှုပ်ရှားမှုတွေကို အဆင်ပြေအောင် ကူညီပေးတယ်။ အဲ... အဒရီနယ်လင်း (Adrenaline) က နှလုံးခုန်နှုန်း မြန်လာအောင်လုပ်ပြီးတော့ ခန္ဓာကိုယ် တုံ့ပြန်မှုတွေ ဆောင်ရွက်ကြတော့တာပါ။ ဒီလို ဓာတုပစ္စည်းတွေ ဆောင်ရွက်မှုကို သဘာဝ အန်ဒေါ်ဖင် (Endorphins) က လူကို ပျော်ရွှင်စေတယ်။

Marriage certificate is just another word for a work permit

www.burmeseclassic.com



အနမ်းကြောင့် သာယာမှု ရလာတယ်။ နှလုံးက မြန်လာတော့ သွေးကြော တွေ ကျယ်လာပြန်တယ်။ ဒီတော့ ခါတိုင်းထက် ပိုပြီးအောက်ဆီဂျင်တွေ ပိုရလာတယ်။

**မောင်အဂ္ဂာ** ။ ။ ဒါကတော့ အနမ်းနောက်ကွယ်က သိပ္ပံပညာရှင် တွေရဲ့ မှတ်သားစရာပေါ့။

**ဒေါက်တာနီး** ။ ။ နောက်အနမ်းတစ်ခုက ကြောက်စရာကောင်းတယ်။ ကောင်းတာရဲ့နောက်ကွယ်မှာ ကြောက်စရာလည်း ရှိတာပဲ။ ပြင်သစ်အနမ်း (France Kiss) တဲ့။ အဲဒီအနမ်းက ချစ်ခြင်းမေတ္တာနဲ့ လိင်ဆက်ဆံမှုဆိုင်ရာအနမ်းပဲ။ ဒီအနမ်းက လျှာကိုအသုံးပြုပြီးတော့ လျှာ ချင်း ထိတာပဲ။ ဒီလိုအနမ်းက အရမ်းရင်းနှီးနေတဲ့သူတွေရဲ့ အနမ်းတဲ့။ ဒီလိုကွာ အနမ်းက တံတွေးချင်းလဲလှယ်တာနဲ့တူတယ်။ ဒါကြောင့် သာမန် အနမ်းက လိင်ဆက်ဆံမှုဆိုင်ရာ ရောဂါမရပေမယ့် ဒီအနမ်းက ခံတွင်းဘက် ဆိုင်ရာ ကူးစက်ရောဂါ ရနိုင်တယ်။ ဒီရောဂါကို အနမ်းရောဂါ၊ နောက် တစ်မျိုးက Infections Mononucleosis ရောဂါလို့ ခေါ်တယ်။ ဒီလိုနမ်းတဲ့ သူတွေဟာ အရင်ကလည်း နမ်းခဲ့ဖူးတဲ့ အတွေ့အကြုံ ရှိကြတယ်။ ဒီ

သာမန်အနမ်းက လိင်ဆက်ဆံမှုဆိုင်ရာ ရောဂါမရပေမယ့်
ဒီအနမ်းက ခံတွင်းဘက်ဆိုင်ရာ ကူးစက်ရောဂါ ရနိုင်တယ်။
ဒီရောဂါကို အနမ်းရောဂါ၊ နောက်တစ်မျိုးက
Infections Mononuclesis
ရောဂါလို့ ခေါ်တယ်။





အနမ်းကိုတော့ လူထုကြားမှာ မနမ်းကြပါဘူး။ နမ်းခဲ့ရင် ရိုင်းစိုင်းတယ်လို့ ယူဆတယ်။

**မောင်အဂ္ဂာ** ။ ။ ဒါတော့ သူတို့တွေ ဂရုစိုက်ကြတာပဲ။

**ဒေါက်တာနီး** ။ ။ လေထဲအနမ်း (Air Kiss) ဆိုတာ ရှိသေးတယ်။ ဒီလို နမ်းတာတော့ တကယ်နမ်းတာမဟုတ်ဘူးပေါ့။ နှုတ်ခမ်းကို လက်နဲ့ထိပြီး လက်ကိုပြတဲ့အနမ်းပဲ။ လူမှုဆက်ဆံရေးမှာသုံးတဲ့ အနမ်းပေါ့။ ဒါကတော့ တစ်ဦးနဲ့တစ်ဦး တကယ်မထိရင် မိတ်ကပ်မပျက် ဘူးတဲ့။

**မောင်အဂ္ဂာ** ။ ။ ထိမှမထိတာ။ ဘာပျက်စီးစရာရှိလဲ ဆရာရယ်။

**ဒေါက်တာနီး** ။ ။ ပါးအနမ်း (Cheek Kissing) ကတော့ များတယ်လေ။ ရင်းနှီးမှုတို့၊ အောင်မြင်မှုကို အသိအမှတ်ပြုတာတို့၊ ဝမ်းနည်းတဲ့ အဖြစ်အပျက်ကို စာနာတာတို့ကို ပြတဲ့အနမ်းပဲ။ ဒီအနမ်းက ချစ်ငွေ့မပါဘူး။ လိင်ဆက်ဆံမှုဆိုင်ရာ ဆန္ဒမရှိဘူး။

အရှေ့တောင်အာရှမှာတော့ နှုတ်ဆက်မှုမှာ ပါးနမ်းတာ မရှိပါဘူး။ ဒါပေမဲ့ မကာအိုမှာရှိနေတဲ့ ပေါ်တူဂီတွေက ဆက်လက်နမ်းနေ တုန်းပဲ။ ပြီးတော့ ဖိလစ်ပိုင်လူမျိုးတွေပေါ့။ သူတို့ရဲ့ နှုတ်ဆက်တဲ့ဓလေ့က ပါးနမ်းတာတွေ ရှိနေတယ်။

**မောင်အဂ္ဂာ** ။ ။ မြန်မာပြည်ကတော့ ရှင်းနေတာပဲနော်။ လူမှုဆက် ဆံရေးမှာလည်း မရှိ၊ ယဉ်ကျေးမှုမှာလည်း မပါဘူး ဆိုတော့ ကောင်းတာပေါ့။

**ဒေါက်တာနီး** ။ ။ ချစ်သူ၊ သမီးရည်းစား၊ လင်မယား ဆိုရင်တော့ တစ်မျိုးပေါ့။ အဲ... ကျန်သေးတယ်။ လက်ကို နမ်းတာ (Hand Kiss) ရှိသေးတယ်။ အဆင့်အတန်း မြင့်လွန်းတဲ့ အခြေအနေမှာ ရှိတတ်ပြီး လက်ကို နမ်းတာကို ငြင်းရင်တော့ ရိုင်းတယ်တဲ့။

**မောင်အဂ္ဂာ** ။ ။ ဒါတော့ ရုပ်ရှင်ထဲမှာ တစ်ခါတလေ တွေ့ရတယ်။

- Marriage is an institude in which a man lose his Bachelor's Degree and the woman gets her Masters.

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနိုး ။ ။ အနမ်းစံချိန်တောင် ရှိသေးတယ်။ ၂၀၁၁ က Rich Langley နဲ့ Louisa Almedover ရဲ့ အနမ်းဟာ ၃၀ နာရီ ၅၉ မိနစ် ကြာတယ်တဲ့။ သူက USA က ပေါ့။ ဒါက သေချာတဲ့စံနှုန်းပဲ။ မသေချာတဲ့သူက အီတလီက St. Andrea Sarti နဲ့ Anna Chen က ၃၁ း ၁၈ း ၃၃ နာရီ ကြာတယ်တဲ့။








ဆောင်အတှာ ။ ။ အိုး... ဟိုး... ဆရာရယ် မယုံနိုင်စရာပဲ။

ဒေါက်တာနိုး ။ ။ ဒါတော့ ကမ္ဘာ့စံနှုန်းဝင်ဖို့ စည်းမျဉ်းရှိတယ်။ မင်း ဝင်ပြိုင်ကြည့်ပါလား။

နံပါတ်တစ်–အနမ်းက ဆက်တိုက်ဖြစ်ပြီး တစ်ချိန်လုံး ထိထားရမယ်။

နှစ်– နှုတ်ခမ်းလွတ်သွားရင် အဆင့်မမီတော့ဘူး။

သုံး– နှစ်ယောက်စလုံး နိုးကြားနေရမယ်လေ။ တစ်လျှောက်လုံး မတ်တတ်ရပ်နေရမယ်။

ငါး–အနားယူခွင့် မပေးဘူး။

ခြောက်–နမ်းနေတုန်း ထွက်မသွားရဘူးတဲ့။ ဒီဆုရဖို့ စိတ်ကူးယဉ်မယ်ဆိုရင်တောင် မလွယ်ဘူး။

ဆောင်အတှာ ။ ။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဆရာရယ်။ မနမ်းရလည်း နေပါစေ။ အေး အေးပဲ နေပါရစေတော့။

ဒေါက်တာနိုး ။ ။ ချင်ပန်ဇီမျောက်တွေတောင် တစ်ကောင်နဲ့တစ်ကောင် တိုက်ပြီးရင် အနမ်းနဲ့အဆုံးသတ်တာတဲ့၊ ဒီတော့ အနမ်းရဲ့အရေးပါမှု၊ ထူးခြားမှုကအနန့်ပဲ။ ဒါတောင် ငါ အကုန်မပြောသေးလို့။

ဆောင်အတှာ ။ ။ တော်ပါပြီ ဆရာ။ မသိချင်တော့ပါဘူး။ ကိုယ့်နိုင်ငံ ဓလေ့ပဲ ကောင်းပါတယ်။ ဟိုလူ့နမ်း၊ ဒီလူ့နမ်းနဲ့ ဒေါသလိုစိတ်တွေ များပြီး ရန်ဖြစ်ကုန်ပါ့မယ်။ ဒီတော့ လူတွေမသိလေ၊ ကောင်းလေပေါ့ ဆရာ။

* Marriage is not just a having a wife, but also worries inherited forever.

www.burmeseclassic.com

## Sex Education

**ဒေါက်တာနီး ॥** ॥ မောင်အဂ္ဂာရေ… ဒီတစ်ပတ်တော့ ဂျါရင်ထဲမှာ မျိုးသိပ်ထားတာတွေ ပြောမယ်ကွာ။

**မောင်အဂ္ဂာ ॥** ॥ ဘာများလဲ ဆရာ။

**ဒေါက်တာနီး ॥** ॥ တို့နိုင်ငံမှာကွာ ကျန်းမာရေးပညာပေးဟောပြောပွဲတွေ၊ စာပေဟောပြောပွဲနဲ့ စာအုပ်စာပေတွေ ပေါ်တယ်။ ကျန်းမာရေးဆိုရင်လည်း ခေါင်းကနေ ခြေထောက်အထိ သက်ဆိုင်ရာ ဆရာဝန်တွေက လူနာတွေ သိသင့်တာ၊ ရှောင်သင့်တာ၊ ဆောင်သင့်တာ ဟောပြောအကြံပေး လမ်းညွှန် ပညာပေးကြတယ်ကွာ။

**မောင်အဂ္ဂာ ॥** ॥ အဲဒီတော့ ဘာဖြစ်လဲ။

**ဒေါက်တာနီး ॥** ॥ ဒါပေမဲ့ Sex Education လိင်ပညာပေးအကြောင်းအရာတွေကျ နည်းတယ်ကွ။ သိပ် မတွေ့ဘူးလို့ ပြောရမှာပဲ အဲဒါ ဘာဝင်မကျတာ။

**မောင်အဂ္ဂာ ॥** ॥ ဆရာ… Sex Education ဆိုပြီး တခြားမလိုတဲ့နေရာမှာ သုံးနေရင် ဘယ်လိုလုပ်မလဲ။

**ဒေါက်တာနီး ॥** ॥ မင်းပြောသလို လူတိုင်းက တွေးမှာပဲ။ ဒါပေမဲ့ အာရှတိုက်ထဲမှာပဲ ကိုယ်တွေ့မြင်ခဲ့တာ ပြောမယ်။ ဘန်ကောက်မှာရှိတဲ့ မာဘွန်ကရောင်း စာအုပ်ဆိုင်ကြီးက အကြီးကြီးပဲ။ အဲ… နောက်ပြီး တရုတ်နိုင်ငံ၊ ပီကင်းမှာရှိတဲ့ စာအုပ်ဆိုင်ကြီးက ခြောက်





ထပ်တိုက်လောက်ရှိတယ်။ စာအုပ်ရှာမယ်ဆိုရင် သိပ်လွယ်တယ် ခေါင်းစဉ်တွေ တပ်ထားတာဆိုတော့ ရှာလို့သိပ်လွယ်တာပဲ။ အဲဒီမှာလည်း Sex Education စာအုပ်တွေက သူတို့ဘာသာနဲ့ ပြန်ရေးထားတာ နည်းတာမှ မဟုတ်တာ။ နောက် ကိုရီးယား ဆိုးလ်မြို့ထဲမှာရှိတယ်။ သူလည်း ခြောက်ထပ်မြင့်တဲ့ စာအုပ်ဆိုင်မှာ တစ်ထပ်ကို တစ်ဘာသာလောက်ထားတယ်။ ကိုရီးယားဘာသာနဲ့ Sex Education စာအုပ်လည်း ရှိတာပဲ။ စင်ကာပူမှာကျ အင်္ဂလိပ်လိုရေးတဲ့စာအုပ်က များသွားရော။

**မောင်အဂ္ဂာ ॥** ॥ ကဲပါ… ဆရာရယ်။ သူများနိုင်ငံက စာအုပ်တွေအကြောင်း မပြောပါနဲ့တော့။

**ဒေါက်တာနီး ॥** ॥ Sex Education ဆိုတာ မီးနဲ့တူတယ်။ အရွယ်မရောက်သေးတဲ့သူတစ်ယောက်ဟာ မီးကို ပူတယ်လို့ ပြောထားပေမယ့် လက်တွေ့မသိနားမလည်ဘဲ တစ်ခါတလေ လက်တည့်စမ်းချင်ကြတယ်။ ဒီတော့ မီးကိုသွားကစားရင် အန္တရာယ်များတယ်။ ဒါကြောင့် လူကြီးတစ်ယောက်က မီးရဲ့အသုံးဝင်ပုံနဲ့ ဆိုးကျိုးကို ပြောရမယ်။ လက်တွေ့အားဖြင့်လည်း မီးနားကပ်ရင် ပူတယ်။ နည်းနည်းခွာရင် နည်းနည်းပဲ ပူမယ်ပေါ့။ ဒီလို ပြောထားရမယ်။ အေး… ဒီလိုပဲ Sex Education နဲ့ ပတ်သက်တဲ့ ကောင်းကျိုး၊ ဆိုးကျိုးကို အသိပေးရမယ်။ နားလည်အောင် ရှင်းပြရမယ်။ မရှင်းပြတတ်ရင် Sex Education စာအုပ်၊ စာပေတွေကို ဖတ်ခိုင်းရမယ်။

**မောင်အဂ္ဂာ ॥** ॥ Sex Education က ကောင်းကျိုး၊ ဆိုးကျိုးရှိသေးလား။

**ဒေါက်တာနီး ॥** ॥ ရှိတာပေါ့ကွာ။ သိပ်ရှိလို့ ကြောက်စရာကောင်းတာ။ လူငယ်တွေ အရွယ်ရောက်ခါစမှာ သွေးသားဟော်မုန်းပြောင်းလဲမှုတွေကြောင့် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေ ဖြစ်တတ်တယ်။ အဲဒီလိုအချိန်မှာ Sex Education ကို နားမလည်ဘဲ မိဘ်ရဲ့ ထိန်းချုပ်ဆန္ဒကို ဦးစားပေးမိရင် ဆိုးကျိုးတွေ ဖြစ်လာတာပဲ။

* A happy marriage is a matter of giving and taking : The husband gives and the wife takes.

www.burmeseclassic.com

www.burmeseclassic.com






မောင်အတ္တ ။ ။ Sex Education ကို နားလည်တော့ ဘာထူးသလဲ ဆရာ။

ဒေါက်တာနိုး ။ ။ အရွယ်ရောက်ပြီး လူတစ်ယောက်အတွက် ထူးခြားမှုကို မသိခဲ့ကြပေမယ့် လူကြီးဘဝမှာ အတွေ့အကြုံနဲ့





ဘဝကိုဖြတ်သန်းလာတော့ နားလည်သွားတာ မသိသာလှဘူးပေါ့။ အရွယ်ရောက်စ ဖွံ့ဖြိုးစကလေးတွေဟာ Sex Education ဆိုတာ နားလည်ရင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဦးစားပေးပြောရရင် ကျန်းမာရေးဆိုင်ရာ မြဲမြံသင့်တာ၊ သန့်ရှင်းရေးလုပ်တာတွေ နာလည်တဲ့အတွက် နောက်ဆက်တွဲရောဂါတွေ မဖြစ်တော့ဘူး။

နောက်ပြီး ဒီလိုအချိန်မှာ အမှားကျူးလွန်ခဲ့ရင် ဖြစ်လာမယ့် အခြေအနေလည်း ကြိုတင်သိထားတော့ လူ့အဖွဲ့အစည်းက မလိုလားအပ်တဲ့ အဖေမပေါ်တဲ့ကလေးရတာ။ အရွယ်မရောက်သေးဘဲ အိမ်ထောင်ပြုလိုက်ရတာ၊ ပညာမစုံခင်မှာပဲ ပညာရေးရပ်တန့်ရတာနဲ့ တစ်ဦးတည်းသော သမီး၊ သားအတွက် မိဘရဲ့ စိတ်ကူးယဉ်အိပ်မက်တွေ ပျက်ပြယ်ပြီး မိသားစုအတွင်း သာယာမှုမရှိတာမျိုး မခံစားရတော့ဘူးပေါ့။

နောက်ပြီး ကြိုတင်ပြင်ဆင်တာ မဟုတ်တဲ့အတွက် ကူးစက်ရောဂါ တားဆီးရေးကိုလည်း နားမလည်တဲ့အတွက် မျိုးဆက်သုဉ်းတာ၊ နောက်ပြီး နိုင်ငံအတွက် နစ်နာတာတွေ တွေ့ရတော့မယ်။ ဒါတွေဟာ ရုပ်ပိုင်းဆိုင်ရာ ကောင်းကျိုး၊ ဆိုးကျိုးတွေပဲ။

မောင်အတ္တ ။ ။ စိတ်ပိုင်းဆိုင်ရာ ကောင်းကျိုးဆိုတာကကော ဆရာ။

ဒေါက်တာနိုး ။ ။ စိတ်ပိုင်းဆိုင်ရာကောင်းကျိုးဆိုတာက ဒီလိုပြဿနာ မရှိဘူးဆိုရင် အေးချမ်းတယ်၊ ရည်ရွယ်ချက်ရှိတာတွေကို အောင်မြင်အောင် လုပ်နိုင်တယ်။ ဘဝမှာ လက်မထောင်နိုင်တယ်။ Sex Education ကို ကောင်းကောင်းသုံးတတ်ရင် အရွယ်ရောက်လို့ အိမ်ထောင်ပြုတဲ့အခါ အိမ်ထောင်ရေးသုခ ခံစားရတယ်။ အိမ်ထောင်ရေးသုခဆိုတာ အဓိပ္ပာယ်အများကြီးပဲ။ ပြောလို့ကုန်မှာ မဟုတ်ဘူး။

မောင်အတ္တ ။ ။ အိမ်ထောင်ရေးသုခဆိုတာ ဘာပြောချင်တာလဲ။

ဒေါက်တာနိုး ။ ။ အေး... အဲဒါ ခက်တာပဲ။ အိမ်ထောင်ရေးသုခဆိုတာ ယောက်ျားနဲ့မိန်းမ အပေးအယူမျှတပြီး ပြည့်

* Love is one long sweet dream, and marriage is the alarm clock.

www.burmeseclassic.com



ပြည့်ဝဝ ခံစားရရင် အိမ်ထောင်ရေးသုခကို ရတယ်။ အရင်က အိမ်ထောင်သည်တွေမှာ မခံစားရဘူးကွ။

> အိမ်ထောင်ရေးသုခဆိုတာ
> ယောကျ်ားနဲ့မိန်းမ အပေးအယူ မျှတပြီး
> ပြည့်ပြည့်ဝဝ ခံစားရရင်
> အိမ်ထောင်ရေးသုခကို ရတယ်။

**မောင်အတ္တ** ။ ။ ဆရာကလည်း လုပ်ပြီ။ အိမ်ထောင်သည်ချင်းအတူတူ အရင်ခေတ်က လူတွေ မခံစားရဘူးတဲ့၊ ဘာများကွာခြားတာမှတ်လို့။

**ဒေါက်တာနီး** ။ ။ ဒီခေတ်က လူတိုင်းတော့ မဆိုလိုဘူးပေါ့ကွာ။ ဒါပေမဲ့ တချို့ အိမ်ထောင်သည်တွေက ယောကျ်ားကလည်း နားလည်၊ မိန်းမကလည်း သဘောပေါက်ဆိုရင် သူများနဲ့ မတူတဲ့ လိင်မှုဆက်ဆံရေး ရှိကြတယ်။ နားလည်ပြီလား။ ဒါက Sex Education ထဲက Health နဲ့ Style ကို သိလို့ပဲ။ ဒီလိုခံစားမှုမျိုးတွေကို အရွယ်မရောက်သေးတဲ့ ကလေးတွေ နားလည်ခဲ့ရင် တလွဲဖြစ်သွားတယ်။ ကလေးတွေက မလုပ်နဲ့ဆိုရင် လုပ်ချင်တယ်။ စမ်းချင်တဲ့ ဗီဇလေးတွေကလည်း ရှိနေတယ်။ ဒီတော့ အစမ်းမှားရင် ဘဝမှားသွားနိုင်တယ်။ Sex Education ဆိုတာ ရှိကို ရှိရမှာပဲ။ ဒါကြောင့် တစ်ခါတလေ တစ်ယောက်နဲ့ တစ်ယောက် အငြင်းပွားကြရတယ်။ Sex Education ဆိုတာ မရှိသင့်ဘူး။ ရှိသင့်တယ်ပေါ့။ ဘယ်လိုပဲငြင်းငြင်း၊ ဘယ်လိုပဲပြောပြော၊ တိုးတက်ကြီးပွားချမ်းသာတဲ့ တိုင်းပြည်မှန်သမျှဟာ Sex Education ကို ရှိသင့်တယ်လို့ ယူဆကြတာပါပဲ။ ကျောင်းတွေမှာလည်း ပြဋ္ဌာန်းချက် ဘာသာရပ်ထဲမှာ သင်ကိုသင်ပေးရတယ်။ ကန့်သတ်ထိန်းချုပ်ထားတာ မရှိဘူး။ ကန့်သတ်ထိန်းချုပ်ခဲ့လို့ ပွင့်ထွက်ပြီး မဖြစ်သင့်တာတွေ ဖြစ်လာတာပဲ။ ပွင့်လင်းလာရင်၊ နားလည်လာရင်၊ အကောင်းအဆိုး သိလာရင် ပညာနဲ့ ထိန်းချုပ်သွားပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပညာနဲ့ ထိန်းချုပ်ရင် ရတာပါပဲ။





**မောင်အတ္တ** ။ ။ ဆရာပြောတာ အရင်တုန်းက လူတွေ အိမ်ထောင်ရေးသုခ မရဘူးဆိုတာ ဘာလို့ပြောရတာလဲ။

**ဒေါက်တာနီး** ။ ။ အကုန်လုံးတော့ မဆိုလိုချင်ပါဘူး။ အရင်ခေတ်က မိဘပေးစားလို့ ယူရတယ်။ အိမ်ထောင်ကျတယ်။ ကလေးမွေးတယ်။ ဒါက အိမ်ထောင်သည်ဘဝကို တွက်ထားတာ။ သဘာဝတရားကြောင့် အရှက်အကြောက်တရားကြီးတယ်။ ဒီတော့ အပြည့်အဝ မခံစားကြရဘူးပေါ့ကွာ။

**မောင်အတ္တ** ။ ။ ဟာ... ဆရာကလည်း အရင်တုန်းက လူတွေ အရှက်အကြောက် ကြီးတယ်ဆိုတာ အခုခေတ်လူတွေက အရှက်အကြောက်မရှိဘူးလို့ ပြောတာနဲ့ တူနေတယ်။

**ဒေါက်တာနီး** ။ ။ ဟာ... ငါပြောတာ ရှင်းရှင်းလေးပဲ။ ဒီခေတ်က ပညာပေးထိန်းချုပ်ထားပြီး ရှက်သင့်တာနဲ့ မရှက်သင့်တာ ခွဲသိတယ်။ ရှက်ရမယ့်ဟာကို ဒီခေတ်လည်း ရှက်တာပဲပေါ့ကွာ။ ဘယ်တူမလဲ။ ပညာနဲ့ Sex Education အသိတရားက ကွာသွားတာကို ပြောတာ။

**မောင်အတ္တ** ။ ။ သိဘူးလေ။ ဆရာပြောတာ တစ်မျိုးကြီးကိုး။

**ဒေါက်တာနီး** ။ ။ နောက်ပြီး တိုင်းပြည်တစ်ပြည်မှာ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံတွေဟာ ကောင်းတာလည်း ရှိသလို ဆိုးတာလည်းရှိတယ်။ ဆိုးတယ်ဆိုတာက လူတွေဟာ အမှိုက်

* Don't marry for money; you can borrow it cheaper.

www.burmeseclassic.com



နေတဲ့ အတွေးအခေါ်တွေ မပြောင်းလဲကြတာပဲ။ သိသင့်တာကိုပဲ သိစေပြီး လူမြင်ကွင်းတွေ၊ အများရှေ့တွေ၊ ရုပ်ရှင်ရုံတွေမှာ လှုံ့ဆော်ပေးတဲ့မြင်ကွင်းတွေကိုတော့ တားဆီးပေးဖို့ လိုလိမ့်မယ်။ ပွင့်လင်းတယ်ဆိုပြီး နေချင်သလို နေလို့တော့မရဘူးလေ။

**မောင်အတ္တ** ။ ။ အဲလိုကောနေကြလို့လား ဆရာရယ်။ ရှက်စရာကြီး။

**ဒေါက်တာနိုး** ။ ။ အေး... မထင်နဲ့။ အနောက်နိုင်ငံကလာတဲ့သူ၊ ဥရောပနိုင်ငံခြားသားတွေက အာရှတိုက်ထဲကိုလာရင် သူတို့က နေချင်သလို နေကြတာရှိတယ်။ ဘန်ကောက်က ဘုရားတစ်ဝိုက်တို့၊ မြို့ထဲတစ်ဝိုက်မှာ စာရေးထားတယ်။ နိုင်ငံခြားသားတွေ လူမြင်ကွင်းမှာ နေချင်သလို မနေကြဖို့ စာကပ်ထားတယ်။ ဥပမာ Don't kiss on the road လို စာတန်းတွေပေါ့။ အမျိုးသားနဲ့ အမျိုးသမီး လူမြင်ကွင်းထဲ နမ်းကြတဲ့မြင်ကွင်းတွေကျ အစိုးရက တားပေးရမယ့်မြင်ကွင်းတွေ။ အရွယ်မရောက်သေးတဲ့ကလေးတွေအတွက် အတုမြင်အတတ်သင်ဖြစ်ကုန်မှာ။

**မောင်အတ္တ** ။ ။ ဆရာ့ဟာလည်း Sex Education က မကုန်နိုင်ဘဲကိုး။

**ဒေါက်တာနိုး** ။ ။ အေး... တကယ်တမ်းကျတော့ ပြောလို့မပြီးဘူး။ ငါ့လိုပဲ ပြောချင်ကြတာတွေ ရှိမှာပဲ။ မြတ်စွာဘုရားလက်ထက်တော်က အမ္ဗပါလီဟာ မင်းသားပေါင်းစုံက နှစ်သက်စွဲလမ်းလို့ စစ်မဖြစ်အောင် ပြည့်တန်ဆာဆိုတာ လုပ်ခဲ့ရတယ်။ ဒါကို ပြန်တွေးကြည့်ရင် Sex ကြောင့် စစ်ကိုတောင်ဖြစ်စေနိုင်တယ်လို့ ပြောနိုင်တာပဲ။ ဒီလို လုပ်ခဲ့လို့ လူတန်းစားမတူတဲ့ဘဝနဲ့ နေခဲ့ရတဲ့ အမ္ဗပါလီဟာ လူတွေရဲ့ တံတွေးခွက်ထဲမှာ ရှိခဲ့ရတယ်။

**မောင်အတ္တ** ။ ။ ဟုတ်တယ်နော်။ Sex ဆိုတာနဲ့ ချစ်ခြင်းမေတ္တာက မရှိတော့ဘူး။





**ဒေါက်တာနိုး** ။ ။ အေး... ဒါကို ဆက်ဆွေးနွေးရင် ပြီးမှာ မဟုတ်တော့ဘူး။ Sex နဲ့ Love ကလည်း ဆက်စပ်တယ်။ တစ်ချိန်ကျ ထပ်ဆွေးနွေးမယ်။ Sex ကြောင့် Love ဖြစ်သွားသလို Love ကြောင့် Sex ဖြစ်သွားတာပဲ။ Sex Education ပြောမယ်ဆိုရင် အရွယ်ရောက်သေးတဲ့သူတွေအတွက် မမှားသင့်တာ မမှားဖို့၊ ကျန်းမာရေး



* Love is the master key that opens the gates of happiness.

www.burmeseclassic.com



အတွက် ကောင်းတာတွေ သိရှိဖို့ပေါ့။ အဲ... အိမ်ထောင်သည်ကျတော့လည်း အိမ်ထောင်ရေးသုခ ခံစားရဖို့ ကြိုတင်ကာကွယ်မှု၊ ဆောင်ရန်၊ ရှောင်ရန် နားလည်ဖို့ပေါ့။ အဲ... အရွယ်ရောက်ပြီးဖြစ်တဲ့ အသက် ၅၀ ကျော်နောက်ပိုင်းကျလည်း Sex Education သိရင် ဘဝသက်တမ်း ဆွဲဆန့်နိုင်မှုပါ ပိုရှိလာတယ်။

**မောင်အတ္တ** ။ ။ အသက် ၅၀ ကျော်ရင် လူ့သက်တမ်းတစ်ဝက် ရှိသွားပြီပဲဟာ။

**ဒေါက်တာနီး** ။ ။ မင်းက ရိုးရိုးလေး တွေးတာကိုး။ လူ့ဘဝသက်တမ်း ဆွဲဆန့်ဖို့ Health ကောင်းရင် Sex ကောင်းတယ်။ Sex မကောင်းတော့ဘူးဆိုရင် Health လည်း မကောင်းတော့ဘူးတဲ့။ ဒီတော့ အသက်ကြီးတဲ့ သူတွေအတွက် Sex က Health နဲ့ ပေတံတစ်ချောင်းပဲ။ တစ်ခါ Sex နောက်မှာ Heart က ပါလာပြန်ရော။ Heart မကောင်းရင် Sex က မကောင်းပြန်ဘူး။ ဒီတော့ လူကြီးတွေအတွက်လည်း Sex Education လိုတယ်။

**မောင်အတ္တ** ။ ။ ဒီလိုဆိုရင် ကျွန်တော် သဘောပေါက်ပြီ။ Sex Education ဆိုတာ အရွယ်တိုင်းလိုတာပဲ။

**ဒေါက်တာနီး** ။ ။ အေး... အိန္ဒိယမှာဆိုတာ ကာမသုတ္တကျမ်းဆိုတာ နာမည်ကြီး။ အိမ်ထောင်သည်တွေ ကလေးမရရင် ရနိုင်တဲ့နည်းကို ဖော်ပြတယ်။ ဆေးမလိုဘူးပေါ့။ ဒါလည်း Sex Education ပဲ။ ပြီးတော့ Sex ကြောင့် အသားအရေလှ၊ ကိုယ်အလေးချိန်လည်း ကျနိုင်တယ်ဆိုပဲ။

**မောင်အတ္တ** ။ ။ အိုး... ဆုံးကို မဆုံးနိုင်တော့ပါလား Sex အကြောင်းရယ်။



## အမျိုးသား နဲ့ အမျိုးသမီး...

**ဒေါက်တာနီး** ။ ။ တို့တစ်တွေ Sex Education အကြောင်း ပြောကြတော့ သဘောကျတယ်လို့ ပြောကြတယ်ကွ။ ဒီတော့ အမျိုးသမီးနဲ့ အမျိုးသားဟာ သဘာဝတရားကကို ခြားနားနေတာတွေကို ပြောကြမယ်။ သဘောသဘာဝကကို အမျိုးသားတွေ လိုချင်နေတာက Sex, ပြီးတော့ အမျိုးသမီးတွေက Love တဲ့။ ဒီစကားပဲ ပြန်ကြည့်ကွာ။ လိုချင်တာဆိုတာ အမြဲတမ်းဆိုတဲ့ အဓိပ္ပာယ် ဖြစ်နေတယ်။ လိုအပ်တာဆိုတာ ပြည့်စုံရင် မလိုအပ်တော့ဘူး။ ဒီတော့ အမျိုးသားတွေရဲ့ လိုအပ်ချက်က မပြည့်တော့ဘူး။ လိုအပ်နေရင်းနဲ့ကို လိုအပ်နေတာပဲလေ။ ယောက်ျားတွေက ဆိုးတာပေါ့နော်။

**မောင်အတ္တ** ။ ။ ဆရာ အဲဒီလိုတော့ ပြောလို့ မရဘူးလေ။

**ဒေါက်တာနီး** ။ ။ ဒါကို လက်ခံပါတယ်။ ဒါပေမဲ့ ငါက အမျိုးသား၊ အမျိုးသမီးတွေကို လေ့လာသူတွေရဲ့ စစ်တမ်းတွေအရ ယေဘုယျပြောမယ်ဆိုရင်တော့လည်း မှန်နေတာပဲ။ အမျိုးသားတွေကို ကြွေးကြော်ထားတာ ရှိတယ်။ "ငါ ယောက်ျားကွ၊ ယောက်ျားဆိုတော့ ယောက်ျားလို နေမှာပဲ" တဲ့။ အဓိပ္ပာယ်တွေ အများကြီးရှိတယ်နော်။ ဒါလည်း ဖြစ်ချင်လို့ဖြစ်တာမှမဟုတ်တဲ့။ သဘာဝက ခန္ဓာကိုယ်၊ အသွေးအသား ဟော်မုန်းတွေက မတူဘဲကိုး။

**မောင်အတ္တ** ။ ။ ဒါတော့ မှန်တာပေါ့။

* If you are afraid of loneliness, do not marry.

www.burmeseclassic.com

www.burmeseclassic.com



**ဒေါက်တာနီး ။** ။ ဒါပေမဲ့ မိခင်ဗိုက်ထဲမှာတုန်းက အမျိုးသားနဲ့ အမျိုးသမီးမကွဲခင်မှာ အတူတူပဲတဲ့။ နောက်မှ ကွဲလာတာ။

**မောင်အတ္တ ။** ။ ဆရာ ကျွန်တော် ကြားဖူးတာ ရှိသေးတယ်၊ ဒဏ္ဍာရီပေါ့နော်။ ဟိုးအရင်တုန်းကပေါ့။ ယောက်ျားနဲ့ မိန်းမဟာ ကျောကပ်ကြီးတွေနဲ့ပေါ့။ ဒီတော့ ခေါင်းနှစ်လုံး လက်ခုနစ်ချောင်း၊ ခြေလေးချောင်းသတ္တဝါ ဖြစ်နေတယ်လေ။ ထူးဆန်းတဲ့ သတ္တဝါလို ဖြစ်နေတာပေါ့။ ဒီတော့ သိကြားမင်းက မြင်ရတော့ ကြည့်မကောင်းဘူး။ ဒီသတ္တဝါတွေ မျိုးဖြုတ်မယ်လို့ ပြောတာကို နတ်တွေက ကြားသွားတယ်လို့ ပြောတာပဲ။ နတ်တွေက သိကြားမင်းကို မျိုးသုဉ်းအောင် မလုပ်ပါနဲ့။ တပည့်တော်တို့ ကြည့်ရှုစီစစ်ပါ့မယ်လို့ ပြောတာပေါ့။ နတ်က ကြံရွယ်တာက ဒီသတ္တဝါတွေ မျိုးသုဉ်းရင်တော့ မကောင်းဘူး။ ငါတို့အတွက်လည်း ကောင်းအောင်ဆိုပြီး ကျောကပ်တွေကို ခွဲလိုက်တယ်။ ဒီတော့ ကျောကပ်သတ္တဝါတွေဟာ တစ်ဖက်က အမျိုးသား၊ တစ်ဖက်က အမျိုးသမီးတွေ ဖြစ်လာတာပေါ့။

ဒီလိုနဲ့ ကျောကပ်တွေဟာ စားဝတ်နေရေးအတွက် လှည့်လည်ကျက်စားတော့ တစ်ဦးနဲ့တစ်ဦး မတွေ့ကြတော့ဘူး။ အရွယ်ရောက်တော့ သွေးသားအရ လူသားတွေဟာ ကိုယ့်အဆက်ကို ကိုယ်ပြန်ရှာကြတယ်။ အဆက်ဟောင်းပေါ့နော်။ ဒါကြောင့် တချို့က ပြောကြတာပေါ့။ ဟိုမှာ ညည်းအဆက်လာပြီတဲ့။ သူတို့တစ်တွေဟာ ကိုယ့်အဆက်ကို ပြန်ရှာဖွေကြတဲ့အခါ တချို့က အဆက်ဟောင်းနဲ့တွေ့ပြီး ကလေးတွေ ရလာကြနဲ့ပေါ့။

ဘဝမှာ စိုပြည်သာယာတော့ ကျေးဇူးရှင်နတ်တွေကို ပူဇော်ပသကြတော့တာပဲ။ ဒီတော့ နတ်ရဲ့ အကြံအစည်လည်း အောင်မြင်တာပေါ့။ ဒါပေမဲ့ တချို့အဆက်တွေ အရွေးမှားလို့ အဆက်မှားနေတော့ ပြန်ကွဲကြတယ်တဲ့။ ဒီလိုပဲ လောကကြီးမှာ အမျိုးသမီးနဲ့ အမျိုးသားတွေ







ဟာ အိမ်ထောင်ကျတဲ့အခါ တချို့က ညားပြီး မကြာခင် ကွဲကြရတယ်။ တချို့ကျတော့ ကြာမှ ကွဲကြရတယ်တဲ့ ဆရာရေ။

**ဒေါက်တာနီး ။** ။ မင်းပြောတာတော့ စိတ်ဝင်စားစရာကောင်းသားပဲ။ အရင်တုန်းက အမျိုးသားနဲ့ အမျိုးသမီး အိမ်ထောင်ကျပြီဆိုရင် ကွဲကြ၊ ကွာကြတာ မရှိကြဘူးလေ။ ဒီခေတ်ကျတော့ အိမ်

* Man and Wife make one fool.

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးဟာ ထီလိုပဲတဲ့။ ပေါက်ရင် တစ်သက်လုံး ပြီးရော။ မပေါက်ခဲ့ရင် ထီပေါက်စဉ် ထွက်တဲ့နေ့မှာ ပလုံတာပဲ။ ပေါင်းခြင်းနဲ့ ကွဲခြင်းဟာ အင်တာနက်လိုပဲ သိပ်မြန်တယ်။ လိုက်မမီဘူး။ ဘယ်သူမှ တားဆီးလို့ မရဘူး။ သူတို့ပဲ ချစ်လို့ယူတယ်။ သူတို့ပဲ ချက်ချင်းမုန်းပြီး ကွဲကြတာ။ အဲဒီအထဲမှာ စားခံကလေးတွေ အရွယ်မရောက်ခင် ကျန်ခဲ့တာပဲ။ သနားစရာ သိပ်ကောင်းတယ်။

မိန်းကလေးတစ်ယောက်ဟာလည်း ဘဝမှာ အိမ်ထောင် တစ်ခု ထူထောင်ပြီးပြီဆိုတာနဲ့ မမြဲခဲ့ရင် အတွေးအခေါ်၊ အယူအဆ၊ စရိုက်၊ အနေအထိုင်၊ အပြောအဆို၊ ပြုမူပုံတွေကလည်း ပြောင်းလဲသွားတာပဲ။ ကောင်းတာကို ဦးမတည်ဘူး။ ဆိုးတဲ့ဘက်ကို ဦးတည်နေတယ်။ အကျင့်စာရိတ္တတွေ ပျက်ပြားသွားတာက တအားဆိုးစေတာပဲ။

**မောင်အတု** ။ ။ ဆရာပြောတဲ့ လမ်းကြောင်း ပျောက်သွားမယ်နော်။

**ဒေါက်တာနီး** ။ ။ အေးပါ။ ငါ သိပါတယ်။ ဒီလို ကွဲကွာကြတာတွေ ဟာ ကမ္ဘာအနှံ့မှာ ဖြစ်နေလို့ပဲ။ ကနေဒါမှာဆိုရင် 25%၊ ဆွီဒင်မှာဆိုရင် 50% တဲ့။ နော်ဝေနဲ့ ပြင်သစ် အပါအဝင်ပေါ့ကွာ။ ဒီတော့ မမြဲဘူးနော်။ ၁၀ ယောက်မှာ မင်္ဂလာဆောင်ရင် သုံးယောက်က ကွဲနေတာ။ လူ့အဖွဲ့အစည်း... အချစ်... အချစ်နဲ့ ကြွေးကြော်ခဲ့တာလေ။ အမှန်တကယ်ကတော့ Sex နဲ့ Love ရဲ့ လိုအင်ဆန္ဒ ကွာနေလို့ပဲ။

ဒါတောင် ရှိတ်စပီးယားဝတ္ထုတွေဖြစ်တဲ့ ရိုမီယိုနဲ့ ဂျူးလီယက် ဘယ်လောက်ချစ်ကြသလဲ။ အချစ်ကို ညွှန်းလိုက်တာများ ကမ္ဘာကို ကျော်သွားတာပဲ။ ဒါပေမဲ့ ထူးခြားတာ ပြောမလို့။ ဒီဇာတ်လမ်းမှာ ရိုမီယိုနဲ့ ဂျူးလီယက်ဟာ ချစ်ကြတာပဲ ရှိတယ်နော်။ မညားသေးဘူး။ ညားပြီးဖြစ်လာတဲ့အခြေအနေကို စဉ်းစားဦး။ နောက် ဇာတ်လမ်းလေး ရှိသေးတယ်။

**မောင်အတု** ။ ။ ဘာလဲ ဆရာ။





**ဒေါက်တာနီး** ။ ။ အဲ့သလို ဇာတ်လမ်းပေါ့။ ဇာတ်လမ်းအတိုင်း အတို ပြောရရင်တော့ ဗင်းနစ်မြို့မှာ အက်ဒီမိုနာဆိုတဲ့အမျိုး သမီးလေးဟာ တော်တော်ချောဆိုပဲ။ သူ့ကို လိုချင်တဲ့သူတွေလည်း အများကြီးပဲ။ ချစ်စရာကောင်းတယ်။ ငယ်ရွယ်နုပျိုတယ်။ လူကြီးရဲ့သမီးလည်း ဖြစ်တယ်။ ဖြူဖြူဖွေးဖွေးလေးပေါ့။ ဒါပေမဲ့ သူရွေးတဲ့သူက အသားမည်းမည်းနဲ့ အိုသဲလိုဆိုတဲ့ ဗိုလ်ချုပ်တစ်ယောက်ကိုပါ။ မိဘတွေက သဘော မတူဘူးပေါ့။ ဒါပေမဲ့ ချစ်တော့ ညားသွားတယ်ဆိုပါစို့ကွာ။

အဲ... တစ်နေ့ကျတော့ အိုသဲလိုက စစ်ထွက်မိန့်ရတော့ သူ့နေရာကို သူ့သူငယ်ချင်းဖြစ်တဲ့ ကဆီယိုကို ခန့်ခဲ့တာပေါ့။ ကဆီယိုနဲ့ အိုသဲလိုကို မနာလိုတဲ့ အိုင်ရိုဆိုတာ ရှိတယ်။ အိုင်ရိုဟာ ရာထူးလုဘက်လည်း ဖြစ်တယ်။ မနာလိုစိတ်လည်း များတယ်ပေါ့။ အိုင်ရိုက အက်ဒ်ဒီမိုနာဆီက လက်ကိုင်ပဝါငှားပြီး ပုံတူချုပ်ထားတယ်။ ဒီလက်ကိုင်ပဝါကိုပဲ ကဆီယို လာတဲ့လမ်းမှာ ချထားတယ်။ ကဆီယိုကလည်း အက်ဒ်ဒီမိုနာရဲ့ လက်ကိုင်ပဝါဆိုပြီး သိမ်းထားမိတယ်။ အဲဒီအခြေအနေမှာ ကဆီယိုတို့ရဲ့အခြေအနေကို မဟုတ်မမှန် ပြောထားတယ်။ ပြန်လာတဲ့အခါကျတော့ အိုသဲလိုက အက်ဒ်ဒီမိုနာဆီက လက်ကိုင်ပဝါ ပြန်တောင်းခဲ့တယ်။ ဒါပေမဲ့ အက်ဒ်ဒီမိုနာက ပြန်မပေးနိုင်တော့ ပိုပြီးသံသယတွေ ဝင်လာတယ်။

နောက်ဆုံးတော့ အိုသဲလိုဟာ မခံစားနိုင်တော့ဘဲ အက်ဒ်ဒီမိုနာကို သတ်ပစ်လိုက်တယ်။ သူချစ်တဲ့သူ တခြားလူနဲ့တွဲနေတာကို မကြားရက်၊ မမြင်ရက်လို့ပေါ့။ နောက်တော့ အိုင်ရိုက ကဆီယိုကို သတ်လိုက်တယ်။ ကဆီယိုသတ်လိုက်တဲ့သူကိုလည်း နှုတ်ပိတ်ဖို့ သတ်လိုက်တယ်။ အဲဒီလူရဲ့အိတ်ထဲမှာ စာတစ်စောင်တွေ့လို့ အာဏာပိုင်တွေက အကုန်လုံး အဖြေမှန်ကို သိသွားတော့တယ်။ အဲဒီတော့မှ အိုသဲလိုဟာ သူ့အမှားသူသိပြီး ယူကျုံးမရ ဖြစ်ရတော့တယ်။ ဒါကို စဉ်းစားကြည့်ရင်လည်း ချစ်လို့ ဖြစ်လာတဲ့ အမှားတွေပဲ။ ဒီဇာတ်လမ်းမှာ ချစ်လို့ ညားပြီးမှ

---

* Marriage is a rest period between romanace.

www.burmeseclassic.com



ချစ်စိတ်လွန်ပြီး အမှားအမှန် မဆုံးဖြတ်၊ သေချာမစစ်ဆေးခဲ့လို့ ဖြစ်ရတာပဲ။

ဒီတော့ ဖြစ်ပျက်တဲ့ ဇာတ်လမ်းတွေကိုကြည့်ရင် အရင်တုန်းက Love ကို Sex ထက် ပိုဦးစားပေးတာပဲ။ ခုလိုနောက်ပိုင်းမှာ Sex ကို ရှေ့တန်းတင်ခဲ့တာတွေ၊ ဆန္ဒတွေကို ဦးစားပေးတာတွေ၊ လိုအင်ဆန္ဒမပြည့်စုံတာတွေဟာ ဆိုးကျိုးဘက်ကို ဦးတည်လာတဲ့ လမ်းကြောင်းပါပဲ။

**မောင်အတ္တ** ။ ။ ဟုတ်တယ်နော်။ အခြေခံမတူတဲ့ အကြောင်းတရားတွေကြောင့် ဖြစ်လာတဲ့ အကျိုးတရား၊ နောက်က ရလဒ်တွေ မတူညီကြတော့ မှတ်သားစရာပဲ။

**ဒေါက်တာနိုး** ။ ။ ဒါကြောင့် စစ်တမ်းကောက်ပြီးကြည့်တဲ့သူက အခြေခံကို ကြည့်မယ်ဆိုရင် အမျိုးသားတွေက Sex လိုချင်ကြပြီး အမျိုးသမီးတွေက Love ကို လိုအပ်တာပေါ့။ ဒါဟာ အခြေခံအကြောင်းတရားပဲ၊ ဒီခေတ်အမျိုးသားတွေဟာ အပြင်ပန်းမြင်ရတဲ့ အမျိုးသမီးတစ်ဦးရဲ့ အသွင်သဏ္ဍာန်ကိုပဲ ကြည့်တယ်။ အမျိုးသမီးတစ်ယောက်က ကျန်းမာတယ်။ မျိုးပွားနိုင်တယ်။ ယဉ်ရှယ်တယ်။ ဒါပဲ ဦးစားပေးကြတယ်လေ။ အမျိုးသမီးတွေက အချစ်ပေါ့။ အချစ်ရဲ့ဆုံးရှုံးမှုကြောင့် စိတ်ဓာတ်ကျတာတွေ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတာတွေ ဖြစ်ခဲ့ရတယ်။ အချစ်ဆိုတာ စွမ်းအားရှိတယ်။ အချစ်နဲ့ပတ်သက်လို့ပဲ မျက်လုံးချင်းဆုံရင်ခုန်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ပေါ့။ သီချင်းတွေဆိုကြ၊ ခံစားချက်တွေ ထုတ်ဖော်ပြီး ပုံဖော်တယ်။ ကဗျာတွေ ရေးတယ်။ သီချင်းတွေ၊ စာအုပ်ထုတ်ကြ၊ မှတ်ကြတယ်။

**မောင်အတ္တ** ။ ။ ဒါလည်း မှန်တာပဲ။

**ဒေါက်တာနိုး** ။ ။ အချစ်ဇီဝကမ္မဗေဒ (The Biology of Love) ဆိုတာရှိတယ်။ သိပ္ပံပညာရှင်တွေက လူတွေဟာ ချစ်တဲ့





အချိန်မှာ ဦးနှောက်ဟာ ဘယ်လို အလုပ်လုပ်သလဲ။ သူတို့လေ့လာတဲ့အခါ အမျိုးသားတွေကိုပဲ ဖော်ထုတ်ခဲ့တယ်။ ဒါတွေဟာ နှစ်သက်မက်မောတာ၊ ချစ်မြတ်နိုးတာ၊ တွယ်တာသံယောဇဉ်ပေါ့။ ဒီလို ဖြစ်ပေါ်မှုတွေဟာ သီးသန့်ခံစားချက်တွေ၊ အပြုအမူတွေကို ဖြစ်စေတဲ့ ဟော်မုန်းရှိတယ်။ တကယ်တမ်းကျတော့ အချစ်ဟာ ဦးနှောက်ရဲ့ အစိတ်အပိုင်း



* Marriage is a three ring circus: engagement ring, wedding ring and suffering.

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာကနေ အလုပ်လုပ်နေတဲ့ ဦးနှောက်ကွန်ရက်၊ ဓာတုဗေဒပစ္စည်းတွေရဲ့ အကျိုးရလဒ်ပါပဲ။

တစ်မျိုးပြောရရင်တော့ နောက် အက်ပီနက်ဖရင်း၊ အီစထရိုဂျင်၊ တက်စတိုစတီရုန်း၊ အောက်ဆီတိုစင်၊ ဒိုပါမင်းတွေ ပါဝင်တဲ့ ဦးနှောက်ဓာတုဗေဒပစ္စည်းတွေကနေ ဖြစ်ပေါ်လာတဲ့အချစ်ပါပဲ။ အတိတ်က လူသားတွေရဲ့ ရာဇဝင်ကိုကြည့်မယ်ဆိုရင်လည်း အိမ်ထောင်ပြုတာဟာ ချမ်းသာမှု၊ အခြေအနေ၊ မိသားစု၊ လူမျိုးစု၊ အုပ်စုနဲ့ နိုင်ငံရေး အခြေအနေပေါ်မူတည်ပြီး ဖြစ်လာတာပါ။ ဒီခေတ်မှာ ဒါတွေ ပျောက်ကွယ်သွားပါပြီ။ ဒီခေတ်က ချစ်တာနောက်မှာ လက်ထပ်တာ ပါလာတာပါ။

**မောင်အတ္တ** ။ ။ ဆရာ စကားမစပ်မေးချင်တယ်။ မြင်မြင်ချင်း ချစ်တယ်ဆိုတာရော။

**ဒေါက်တာနိုး** ။ ။ မြင်မြင်ချင်း ချစ်တယ်။ (Love at first sight) ဆိုတာ ရှိတယ်ကွ။ အရင်တုန်းက သီချင်းလေးရှိတာပဲဟာ။ ဘာတဲ့ **'မြင်မြင်ချင်းပဲ ချစ်မိတယ်။ မြင်မြင်ချင်းပင် ဘာကြောင့်များ ချစ်ချင်တယ်။ ဘဝဟောင်းက ဖူးစာတောင်းကြောင့် ထင်တယ်'** ဆိုတာလေ။ ဘဝဟောင်းကြောင့်လို့ အရင်ကတွေးခဲ့တာ သိပ္ပံပညာရှင်တွေက မြင်မြင်ချင်းချစ်တာဟာ အမှန်တကယ်တဲ့။ မြင်မြင်ချင်းချစ်တာကို ခံစားလာရပြီဆိုရင် ဦးနှောက်က ဒိုပါမင်းနဲ့ အက်ပီနက်ဖရင်းဆိုတဲ့ ဓာတုဗေဒပစ္စည်းတော်တော်များများ ဦးနှောက်က ထွက်လာတာပဲတဲ့။

**မောင်အတ္တ** ။ ။ ထူးဆန်းတယ်နော်။

**ဒေါက်တာနိုး** ။ ။ ဒါပေါ့ကွာ ဘယ်လိုပြောပြော မပြီးဆုံးနိုင်တဲ့ Sex နဲ့ Love ပါပဲ။



## အချစ်နောက်ကွယ်မှာ

**ဒေါက်တာနိုး** ။ * ။ မောင်အတ္တ လူတွေအကြိုက်များတဲ့ Sex နဲ့ Love အကြောင်းပဲ ပြောကြရအောင်ကွာ။ တချို့က ရေးသင့်ကြောင်း၊ ဆက်ရေးဖို့သင့်ကြောင်း အကြံပေးလာကြတော့လည်း တို့တွေ ဆက်ပြောကြတာပေါ့။

**မောင်အတ္တ** ။ ။ ဆရာ ဒါတွေချည်းပဲဆိုရင် ရိုးမသွားဘူးလား။

**ဒေါက်တာနိုး** ။ ။ လူရယ်လို့ဖြစ်လာပြီး အရွယ်ရောက်သည်ကနေ သေဆုံးသည်အထိ ရိုးတယ်ဆိုတာ မရှိဘူး။ ပြောပြီးရင်း ပြောချင်နေကြမှာပဲ။ အကြောင်းအရာက ထပ်နေရင်တော့ တစ်မျိုးပေါ့။ ဒါပေမဲ့ အဖြစ်အပျက်၊ အဓိပ္ပာယ်၊ အခြေအနေ ကွဲနေရင် ရိုးတယ်ဆိုတာ မရှိဘူး။

**မောင်အတ္တ** ။ ။ ဟုတ်ပါတယ် ဆရာ။ ခေါင်းစဉ်တူပြီး မပြီးနိုင်တာတွေ ဆက်ပြောနေသရွေ့ ငြီးငွေ့စရာတော့ ရှိမှာမဟုတ်ပါဘူး။

**ဒေါက်တာနိုး** ။ ။ ချစ်ကြတာကို သီချင်းဆိုတာလေး ပြောချင်တယ်ကွာ။ ဘာတဲ့ ဩော် မှတ်မိပြီ **'ကြက်ဖြစ်ရင်ကျယ် ငှက်ဖြစ်ရင်ကွယ်... တစ်ကိုင်းတည်း နားချင်တယ်...'** တဲ့။

**မောင်အတ္တ** ။ ။ ဟုတ်တယ်လေ။

**ဒေါက်တာနိုး** ။ ။ အတွေးအခေါ်သမားကတော့ အေး အစက တစ်

---

* The difference between marriage and death? Dead people are free.

www.burmeseclassic.com

www.burmeseclassic.com



ကောင်တည်းပေါ့။ နှစ်ကောင်ဖြစ်လာတော့ သစ်ကိုင်း ကျိုးကျနိုင်တယ် တဲ့။ ဒီလိုပဲတဲ့၊ အစက လူပျိုကြီး။ မိန်းမယူလိုက်တော့မှ ဘဝက ပြောင်းလဲသွားတော့တာပဲ ပြောတာ။ ထိုင်နေရင် အကောင်းသား ထသွားမှကျိုးမှန်း သိ ဖြစ်နေတယ်လေ။

**မောင်အတ္တ** ။ ။ဗျာ ဆရာရယ်။ လင်မယားဖြစ်လာရင် ဒီလောက်တော့ ရှိမှာပေါ့။ တစ်ယောက်တည်းတောင် ပူတာ။ နှစ်ယောက်ဆိုတော့ ပိုပူတာပေါ့။ ဆရာ့လိုသာ ပြောမယ်ဆိုရင် ကျွန်တော်ကလည်း သီချင်းလေးကြားဖူးတာ ထပ်ပြောဦးမယ်။ "တူနှစ်ကိုယ် တဲအိုပျက်မှာနေရ၊ နေချင်ပါတယ် မောင်ရယ်" တဲ့။ ဘယ်လိုလုပ်မလဲ။ ဘဝကို မျှဝေစားချင်တာပဲ။

**ဒေါက်တာနိုး** ။ ။အေးပေါ့ကွာ။ အဲဒီလိုပြောရင်တော့ ရှိတာပေါ့။ ဒါပေမဲ့နော် **ဒီခေတ်ဒီအခါမှာ တဲအိုပျက်မပြောနဲ့။ တိုက်အို တိုက်ခန်းထဲနေရတာတောင် စားဖို့အတွက် ပူရ၊ ကလေးအတွက် စိုးရိမ်ရနဲ့၊** ယောက်ျားနဲ့မိန်းမတာဝန်တွေ မယူနိုင်လို့ ကွဲတာလေ။ တကယ်တော့ တဲအိုပျက်ထဲ မနေနိုင်ကြဘူးနော်။

**မောင်အတ္တ** ။ ။ဒါတော့ မငြင်းပါဘူး ဆရာရယ်။

**ဒေါက်တာနိုး** ။ ။ကဲပါ ဒါတွေက ဆေးပညာနဲ့ သိပ္ပံနည်းအရ မတိကျဘူး။ ဆေးသိပ္ပံသဘောတရားတွေနဲ့ ပြောကြရအောင်။ အမျိုးသားရော၊ အမျိုးသမီးရော တပ်မက်မှုကတော့ တက်စတိုစတီရုန်း (Testosterone) နဲ့ အီစထရိုဂျင် (Estrogen) လို့ခေါ်တဲ့ Sex ဟော်မုန်းတွေကနေ ဖြစ်လာတာပဲ။ ဒီဟော်မုန်းတွေကပဲ ရုပ်ပိုင်းဆိုင်ရာ တွန်းအားတွေ ဖြစ်ပေါ်တယ်။ တပ်မက်မှုဖြစ်ပေါ်လာတဲ့အခါမှာ ဦးနှောက်ရဲ့ အရေးကြီးတဲ့ နှစ်ပိုင်းက တက်ကြွလာတယ်။ တစ်ပိုင်းက ဟိုက်ပိုသာလမက်စ် (Hypothalamus) ပေါ့။ ဒီ အပိုင်းက ဆာလောင်မွတ်သိပ်စေတယ်ပေါ့။ ဒုတိယအပိုင်းက အေမစ်ဒါလ (Amygdala) ပေါ့။





ဒီအပိုင်းကကျတော့ တက်ကြွ လှုပ်ရှားစေတဲ့ အပိုင်းပါပဲ။ ဒီနှစ်ပိုင်းက တပ်မက်မှုရမ္မက်တွေ ဖြစ်ပေါ်လာတဲ့ အချိန်မှာ ဦးနှောက်ရဲ့ သော့ချက်ပေါ့။

ဒီလို တပ်မက်မှုဖြစ်တဲ့အခါ ဦးနှောက်တက်ကြွမှုတွေကြောင့် ဒိုပါမင်း (Dopamine) တွေ တအား ထွက်လာတော့တာပဲ။ ဒီဓာတုဗေဒ ဓစ္စည်းက တစ်ခါ လိင်ဆွဲဆောင်မှုရှိစေနိုင်တဲ့ တက်စတိုစတီရုန်းတွေ ထုတ်ပြန်ရော။ ဒါကြောင့် မြင်မြင်ချင်းတွေ့တဲ့အခါ လွှမ်းမိုးမိတာတွေ ဖြစ်လာတာပဲ။

**မောင်အတ္တ** ။ ။ဒီလိုကျတော့ Love နဲ့ ဆေးပညာဖြစ်စဉ်နဲ့ ကွက်တိပဲနော်။

**ဒေါက်တာနိုး** ။ ။မှတ်သားစရာကတော့ အိမ်ထောင်ကျပြီးတဲ့အခါ ဖခင်ဖြစ်သူ အမျိုးသားတွေမှာ တက်စတိုစတီရုန်းဟာ လူပျိုတုန်းကထက် ကျသွားတာပဲတဲ့။ ဒီလိုဖြစ်ရတာဟာ မိဘအနေနဲ့ သားသမီးတွေအပေါ် ပြုစုပျိုးထောင်လာရလို့...

**မောင်အတ္တ** ။ ။ဒါကြောင့် လူပျိုနဲ့ အိမ်ထောင်သည် ကွာနေတာ ဖြစ်မှာပေါ့...

**ဒေါက်တာနိုး** ။ ။တက်စတိုစတီရုန်းဟာ အဓိက Sex ကို အားပေးတဲ့ ဟော်မုန်းပဲ။ ယောက်ျားတွေမှာ မိန်းမတွေထက် ဆယ်ဆကနေ အဆ ၂၀ လောက် များတယ်။ ဒါကြောင့် ယောက်ျားတွေရဲ့ Sex တွန်းအားက မိန်းမတွေထက် များနေတာပေါ့။ ဒီတက်စတိုစတီရုန်းဟာ ယောက်ျားတွေကို မိန်းမတွေထက် ပိုပြီး သန်မာကြီးထွားကြမ်းတမ်းပြီး အမွှေးအမှင်တွေ ထူထပ်စေတာပေါ့။ ဒါပေမဲ့ ပြောမယ်ဆိုရင် အမျိုးသမီးတွေထက် အောက်ဆီတိုနင် (Oxytonin) နည်းသွားပြန်ရောပဲ။

အောက်ဆီတိုနင်က အပွေ့အဖက်ဟော်မုန်းလို့ ပြောနိုင်တယ်။ ဒါပေမဲ့ အမျိုးသားတွေက နည်းတယ်ဆိုပေမယ့် အမျိုးသား အမျိုးသမီး ချစ်တင်းနှောလို့အပြီးမှာ အောက်ဆီတိုနင်တွေက တအား

* Women need a reason to have sex. Men just need a place.

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတော့တာပဲ။ ဒီအချိန်မှာ အမျိုးသားနဲ့ အမျိုးသမီးဟာ အစွမ်းကုန် အချစ်ဆုံးလို့ ခေါ်ရလောက်အောင် အင်နဲ့အားနဲ့ ပွေ့ဖက်ကြတယ်။ ဒါတွေဟာ ခန္ဓာကိုယ်တွင်းမှာ ဦးနှောက်က စေခိုင်းချက်တွေကြောင့် လူတွေမှာ ဖြစ်ပေါ်လာတဲ့ ရုပ်ပြတွေပဲတဲ့။

အမျိုးသားကတော့ ကိစ္စပြီးတာနဲ့ အောက်ဆီတိုနင်ကို ပျောက်သွားတော့တာပဲ။ အဲဒီအချိန်မှာ အမျိုးသမီးကို မပွေ့ဖက်ချင်တော့ပြန်ဘူး။ ဒါတွေဟာ ဆေးသိပ္ပံပညာ သဘောအရ ဖြစ်လာရတာဆိုတော့ မှတ်သားသင့်တာပဲ။ တော်တော်လည်း မူယာမာယာများတဲ့ အောက်ဆီတိုနင်နော်။

**မောင်အတ္တ** ။ ။ ဟုတ်ပါ့ ဆရာရယ်...။ ကျွန်တော်တော့ ဆရာပြောမှ ဖြစ်စဉ်လေး သိရတော့တယ်။ စိတ်ဝင်စားစရာတော့ ကောင်းသား။

**ဒေါက်တာနိုး** ။ ။ အေး Dr. Rebecca Turner က ပြောတယ်။ ဒီဟောမုန်းတွေကို လူသားတွေရဲ့ စိတ်ခံစားမှု ပူးကပ်စေနိုင်တဲ့ကော်လို့ ပြောတယ်။ ဒီတော့ အမျိုးသားနဲ့ အမျိုးသမီး ချစ်ကြ

> အမျိုးသမီးတွေက အမျိုးသားတွေထက်
> အောက်ဆီတိုနင်တွေ တအားများနေလို့
> အမျိုးသမီးတွေဟာ အမျိုးသားတွေထက်
> ချစ်စိတ်ထဲမှာ ပိုပြီးအရူးအမူး နစ်မြုပ်ဝင်သွားတာပဲတဲ့…

ပြီဆိုပါစို့။ အဲဒီအခါ အောက်ဆီတိုနင်တွေက များလာတယ်လေ။ အချစ် ဟော်မုန်းပေါ့။ ဒီဟော်မုန်းက နွေးထွေးမှုတွေ မပြောပြနိုင်လောက်တဲ့





ခံစားချက်တွေ ဖြစ်လာတာပဲ။ အမျိုးသမီးတွေက အမျိုးသားတွေထက် ချစ်စိတ်ထဲမှာ ပိုပြီး အရူးအမူး နစ်မြုပ်ဝင်သွားတာပဲတဲ့။

ဒါကြောင့် ဆယ်ကျော်သက်အရွယ် ငယ်ရွယ်တဲ့ မိန်းကလေးတွေဟာ အရွယ်ရောက်ပြီဆိုတာနဲ့ ဒီဟော်မုန်း ကြောင့် ပညာအသိတရားနဲ့ ထိန်းချုပ်မထားခဲ့ရင် မဖြစ်သင့်တာတွေ ဖြစ်လာနိုင်တာကို မိဘတွေ သိထားဖို့ လိုအပ်တယ်။ အရွယ်လွန်မြောက်လာရင် ပတ်ဝန်းကျင်နဲ့ ပညာက ဘဝကို ထိန်းချုပ်သွားပါလိမ့်မယ်။ ဒါကို မိဘတိုင်း သဘောပေါက်ဖို့၊ နားလည်ပေးဖို့ လိုအပ်တယ်။ ဒါကြောင့် သိပ္ပံနည်းက ဆေးပညာသဘောနဲ့ အမျိုးသား အမျိုးသမီး သဘာဝရဲ့ Sex Education လိုအပ်တာပေါ့။

**မောင်အတ္တ** ။ ။ ဒါတော့ သိပ်ထောက်ခံတယ် ဆရာရေ။

**ဒေါက်တာနိုး** ။ ။ အောက်ဆီတိုနင်ကြောင့် ချစ်သူနာမည်လေး ကြားချင်နေတာ၊ သူ့အသံကို ကြားယောင်နေတာတွေ ဖြစ်လာတာပဲ၊ နောက်ပြီးတော့ အမျိုးသမီးတွေရဲ့ အနှစ်သက်ဆုံးတွေဖြစ်တဲ့ စိတ်ကပ်တွေ၊ လက်ဝတ် ရတနာတွေ၊ ကားတွေဟာလည်း ချစ်မိလို့ အောက်ဆီတိုနင်များလာရင် မလိုချင်တော့ဘူး ဖြစ်လာတယ်။ **အမျိုးသမီးတွေဟာ သူတို့ ချစ်ကြိုက်သဘောကျနေသရွေ့ ဟော်မုန်းတွေရဲ့ တွန်းအားကြောင့် ပါးတွေကိုသွေးရောက်ပြီး နီမြန်းလာတယ်။ တောက်ပလာတယ်။ ရွှန်းလာတယ်ပေါ့…** မချစ်ရင် ပုံမှန်ပဲ။

**မောင်အတ္တ** ။ ။ ရှက်သွေးဖြာတယ်ဆိုတဲ့ အသုံးအနှုန်းက ဒါပဲ ဖြစ်မှာပါ။

**ဒေါက်တာနိုး** ။ ။ အေး ဒါကို သရုပ်ဆောင်လို့ မရဘူးလေ။ ရုပ်ရှင်ရိုက်တဲ့ မင်းသမီးတောင် အောက်ဆီတိုနင် တက်မလာဘူးဆိုရင် ချစ်သွေး၊ ရှက်သွေးဖြာတဲ့မျက်နှာ နေတတ်မှာ မဟုတ်ဘူး။ အထဲက ခံစားလေ ဟော်မုန်းရဲ့ တွန်းအားများလေ။

* A man loses his sense of direction after four drinks; a woman loses hers after four kisses.

www.burmeseclassic.com



**မောင်အတ္တ** ။ ။ မခံစားဖူးဘဲနဲ့ လုပ်လို့ ဘယ်ရမလဲနော်။

**ဒေါက်တာနီး** ။ ။ အမျိုးသားနဲ့ အမျိုးသမီး ကွာခြားချက် ရှိသေးတယ်။ အမျိုးသမီးတွေက သူ့ရဲ့လိုအပ်ချက်တိုင်း အမျိုးသားတစ်ယောက်တစ်ယောက်တည်းနဲ့ပဲ ကျေနပ်ချင်တာ၊ အမျိုးသားတွေကျတော့ သူ့ရဲ့လိုအပ်ချက်တစ်ခုနဲ့တင် အမျိုးသမီးတိုင်းနဲ့ ကျေနပ်ချင်နေတာပဲ။

**မောင်အတ္တ** ။ ။ ဒါတောင် ချစ်သူတွေဟာ အရူးအမူးချစ်ကြတာနော်။

**ဒေါက်တာနီး** ။ ။ အေး ဟုတ်တယ်။ အပျို၊ လူပျိုမှမဟုတ်ဘူး။ ချစ်စိတ်ဝင်လာရင် ဒီလိုပဲဖြစ်တာပဲ။ အသက် ၃၃ နှစ်ရှိတဲ့ ဂျိုစဖင်း (Josephine) ဆိုတဲ့ ကလေးအမေ တစ်ယောက် ရှိတယ်။ သူ့ဘဝကို ကလေးတွေနဲ့ပဲ အချိန်ကုန်ခဲ့ရတယ်။ ယောကျ်ားမရှိဘူးပေါ့။ အလုပ်တစ်ခုလျှောက်တာ အလုပ်ရပြီး လေးလလောက်မှာ ကုမ္ပဏီရဲ့နှစ်ပတ်လည် ခရစ်စမတ်ပါတီကို ဗိမ်ခံသင်္ဘောပေါ်မှာ ကျင်းပတယ်။ သူဟာ သင်္ဘောပေါ် တက်တော့ သူ့ရဲ့အလှကို လူတိုင်းက ငေးကြည့်လောက်အောင် ဖြစ်သွားတယ်။ သူ့ကိုလည်း ဝိုင်းချီးမြှောက်ပေါ့။ အဲဒီမှာ အရပ်ရှည်ရှည်၊ အသားမည်းမည်း လူတစ်ယောက်နဲ့ စကားပြောဖြစ်တော့ သူဟာ သူမကို ရယ်မောပျော်ရွှင်အောင် ပြောပြပါတယ်။ သူဟာ ဆွဲဆောင်မှုရှိတဲ့အထဲမှာ ပါနေတယ်။ အဲဒီညမှာ ကကြခုန်ကြနဲ့ တစ်ညတာ သူနဲ့ ပျော်ပါးခဲ့တယ်။

နောက်နေ့ ကလေးတွေဆီရောက်တော့ သူ့ကိုယ်သူ အံ့ဩမိခဲ့တယ်။ သူ့စိတ်က သင်္ဘောပေါ်မှာ ရှိခဲ့တဲ့အချိန်တွေကို သတိရနေတယ်။ သူ့ကိုပဲ အချိန်တိုင်း သတိရနေမိတယ်။ နောက်ပိုင်း သူဟာ ကိုယ်အလေးချိန် ကျလာတယ်။ ဟိုလူဆီကို ဖုန်းဆက်ချင်နေတယ်။ စကားပြောချင်နေတယ်။ Message တွေ ခဏခဏပို့တယ်ပေါ့။ သူ့အတွက် အမှတ်တရ လက်ဆောင်လေးတွေပေးဖို့ စဉ်းစားနေတယ်။





ကလေးတွေစားဖို့၊ ကျောင်းသွားဖို့၊ သွားဆေးခန်းသွားဖို့တွေကို ပစ်ပယ်လာတယ်။ သူဟာ အချစ်အတွက်နဲ့ အရာရာတိုင်းကို အနစ်နာခံလာဖို့တွေအထိ တွေးလာတယ်။

ဆိုလိုချင်တာက ဒီဂျိုစဖင်းဟာ ကလေးရပြီး အိမ်ထောင်သည်အမျိုးသား မရှိတော့ဘူး။ ဒါပေမဲ့ ဟော်မုန်းတွေရဲ့ တွန်းအားကြောင့် အချစ်ကို အရူးအမူးဖြစ်သွားစေတယ်။ အမှားအမှန် မဝေခွဲနိုင်တော့ဘူး။ ဒီလို အိမ်ထောင်သည်တစ်ယောက်တောင် ဒီလိုဖြစ်တယ်ဆိုရင် အပျိုလူပျိုတွေရဲ့ချစ်ခြင်းအပေါ် ထားရှိတဲ့ ခံစားချက် ဘယ်လောက်ပြင်းထန်သလဲ စဉ်းစားကြည့်ပေါ့ကွာ။

**မောင်အတ္တ** ။ ။ ဒါပေါ့ ဆရာ။ ဒါကြောင့် ကိုရီးယားရုပ်ရှင်တွေမှာ ဒီလိုဇာတ်လမ်းတွေ ခဏခဏ ပါတာပဲ။

**ဒေါက်တာနီး** ။ ။ အေး... လူတွေဟာ အချစ်သစ်တွေ့ပြီဆိုတာနဲ့ ဦးနှောက်က ဓာတုဗေဒပစ္စည်း ထပ်ထွက်လာတယ်။ ဒီ ထွက်လာတဲ့အတွက် ၉၀ ရာခိုင်နှုန်း ချစ်သူတွေဟာ ရုပ်ပိုင်းဆိုင်ရာ ခံစားမှုနဲ့ တုံ့ပြန်မှုတွေ ဖြစ်ပေါ်လာတယ်။ ဒီတော့ အိပ်မရတာ၊ စားချင်သောက်ချင်စိတ် မရှိတာ။ နေရထိုင်ရတာ မဖော်ပြတတ်တာ။ ပျော်ရွှင်ကြည်နူးနေတာ၊ အသက်ရှူနှုန်းမြန်တာ၊ ဒူးတွေအားနည်းတာနဲ့ နှလုံးတရင်ခုန်နေတာ၊ လက်တွေကလည်း ချွေးစေးပြန်တာတွေ ဖြစ်လာတယ်။

ဒီလိုဖြစ်ရတာဟာ ချစ်သူက ပထမဆုံးအကြိမ်မှာ ငြင်းဆိုမှာကြောက်တာကြောင့်ပဲလို့ ဆိုပါတယ်။ တကယ်လို့ ချစ်မိကြပြီဆိုရင်လည်း ကျန်းမာရေး ပိုကောင်းလာနိုင်တယ်တဲ့။ လေ့လာချက်တစ်ခုအရဆိုရင် အချစ်ဟာ ကင်ဆာရောဂါနဲ့ တခြားရောဂါတွေတောင် ကုပေးနိုင်တယ်ဆိုပဲ။

**မောင်အတ္တ** ။ ။ ဆရာ ဒါဆို ကင်ဆာဝေဒနာရှင်တွေကို အချစ်သင်ရှာခိုင်းရမယ်။

* Behind every successful man is a surprised woman.

www.burmeseclassic.com

www.burmeseclassic.com






**ဒေါက်တာနိုး** ။ ။ ဒါတွေက စာအုပ်ထဲမှာပဲ ရှိတာ။ လက်တွေ့ဆိုရင် မြွေကိုက်သွားမှာ။ အမျိုးသမီးတွေက မုန့်ကို ဝေ မစားပါဘူး ဆိုနေမှ။

**မောင်အတ္တ** ။ ။ ဒါတော့ ဒါပေါ့ ဆရာ။ ဝေမစားဘူးဆိုရင် အသက်ရှင်ဖို့ ခိုးစားပေါ့... ဟုတ်ဘူးလား။





**ဒေါက်တာနိုး** ။ ။ ခိုးစားလည်း ပေါ်တာပဲ။ ဝေစားလည်း မိတာပဲကွ။ အချစ်ပဲ ဦးစားပေးတဲ့သူကို အချစ်နာ (Love-sick) ကျတယ်လို့ ခေါ်နိုင်တယ်။ သူတို့တွေက မအိပ်၊ မစားနဲ့ အပြုအမူကလည်း ထပ်တလဲလဲ ဖြစ်လာတယ်။ ဒီလိုဖြစ်ရတာဟာ ဆီရိုတိုနင် (Serotonin) နည်းပြီး အောက်ဆီတိုနင်တွေ များနေတဲ့ဖြစ်စဉ်ကြောင့်ပဲတဲ့။ ဆီရိုတိုနင်က သတိပြုခံစားချက်ပေးဖို့ ပတ်ဝန်းကျင်ကို သိဖို့၊ အားလုံးရဲ့ ကျန်းမာရေးနဲ့ဆိုင်တဲ့ ဦးနှောက်အာရုံကြော ဓာတုပစ္စည်းပဲ။ စိတ်ဓာတ်ကျတာ၊ စားချင်သောက်ချင်စိတ်နည်းတာ ဆီရိုတိုနင် နည်းလာလို့ပဲ။ အမျိုးသမီးတွေဟာ အောက်ဆီတိုနင်များပြီး ဆီရိုတိုနင်နည်းနေလို့ အရိုးသားတွေအပေါ်ထားတဲ့ အချစ်ဟာ ရှုးသွပ်တာတွေ ဖြစ်တာပဲ။

**မောင်အတ္တ** ။ ။ အင်း အမျိုးသမီးတွေက ချစ်ပြီဆိုရင် မလွယ်ဘူးနော်။

**ဒေါက်တာနိုး** ။ ။ အေး သိပ္ပံပညာရှင်တွေကတော့ အရူးအမူးချစ်သူတွေရဲ့ ဦးနှောက်ကို Scan ရိုက်တယ်ဆိုတာကလည်း ဦးနှောက်ပုံရိပ်ဖမ်းယူတာပေါ့။ ဒီတော့ အရူးအမူးချစ်သူတွေရဲ့ ဦးနှောက်ထဲမှာ ဒိုပါမင်တွေ များနေတာကို တွေ့ရှိတာပဲ။ ဒိုပါမင်ဆိုတာ ပျော်ရွှင်စေတဲ့ ဟော်မုန်းလို့ ပြောနိုင်တယ်လေ။ သူတို့က အဲဒီထိအောင် Love နဲ့ Sex ကို စနစ်တကျ လေ့လာကြတယ်။ လွယ်လွယ်ပြောတာတော့ မဟုတ်ဘူးနော်။ ချစ်ပြီးမုန်းဖို့ဆိုရင်လည်း မြန်တယ်နော်။

**မောင်အတ္တ** ။ ။ ဆရာ ဒါကြောင့်ပေါ့။ "စနေနေ့မှာပဲ တွေ့တယ်... စနေနေ့မှာပဲချစ်တယ် ချစ်သူ... စနေနေ့မှာပဲ ချစ်တယ်... စနေနေ့မှာပဲ မုန်းတယ် ချစ်သူ ဆိုပါတော့"။

---

* Sex is not the answer. Sex is the question.

www.burmeseclassic.com

www.burmeseclassic.com

## ဘာလဲ...အချစ်

**ဒေါက်တာနီး ။** ။ ချစ်လွန်းလို့ သဝန်တိုတတ်တဲ့ အမျိုးသမီးအကြောင်း ပြောရဦးမယ်။ တစ်မျိုးတွေးရင်တော့ ရယ်စရာကြီး ပေါ့။ အိမ်တစ်အိမ်မှာ လင်မယားနှစ်ယောက်ရှိတယ်။ အိပ်ခန်းထဲမှာ အမှိန်မီး(Dim Light)နဲ့ ရိုးရိုးမီး နှစ်မျိုးရှိတယ်ကွ။ အမှိန်မီးကတော့ အိပ်စက်တဲ့ အချိန်ဖွင့်တယ်။ ရိုးရိုးမီးကတော့ အလင်းရောင်ရဖို့ဆိုတော့ အလင်းဓာတ် လိုချင်ရင် ဖွင့်ထားတာပေါ့။

တစ်နေ့ကျတော့ ညပိုင်း တစ်နာရီဝန်းကျင်မှာ မိန်းမ လုပ်သူက အိပ်ရာနိုးတော့ ယောက်ျားလုပ်သူက စကားပြောလိုက်တာ လင်မယား ရန်ဖြစ်တော့တာပဲတဲ့...။

**မောင်အတ္တ ။** ။ ဘာလေးပြောလိုက်လို့လဲ။ အိပ်နေရင်းကနေပြီးတော့ ရန်တောင် ဖြစ်တယ်လို့။

**ဒေါက်တာနီး ။** ။ အေး ပြောလိုက်တဲ့စကားကတော့ "တမီးပိတ်လိုက်" လို့ပြောတာ။

**မောင်အတ္တ ။** ။ ဒါလေးနဲ့ ဘာလို့ စကားပြောတာကို ရန်ဖြစ်တာလဲ။

**ဒေါက်တာနီး ။** ။ မိန်းမလုပ်သူက သူ့ကို "သမီးပိတ်လိုက်" လို့ကြားတော့ ဘယ်ကသမီးကို ယောင်ရမလဲဆိုပြီး စစ်ဆေး မေးမြန်း ပြဿနာရှာတာလေ။ ယောက်ျားလုပ်သူ ဆိုလိုတာက ဖွင့်ထားတဲ့





မီးနှစ်မီးထဲက တစ်မီး (တမီး) ပြောတာ။ ကြားတဲ့သူက အိပ်နေရင်းနဲ့ သမီးလို့ကြားတာ။ ဒီတော့ မိန်းမတွေရဲ့ သဝန်တိုတာက အသေးအမွှား တောင် မရဘူးလေ...။

**မောင်အတ္တ ။** ။ ချစ်တာကိုး ဆရာရဲ့။

**ဒေါက်တာနီး ။** ။ ချစ်တာဆိုလို့ ပြောရဦးမယ်။ အချစ်ခံရတာနဲ့ ချစ်နေတာဟာ အရေးကြီးတဲ့အကြောင်းပေါ့။

**မောင်အတ္တ ။** ။ ဆရာကလည်း အချစ်ခံရတာနဲ့ ချစ်နေတာဆိုတော့ နှစ်မျိုးပေါ့။ ဘယ်လိုပြောပြော အချစ်ပဲပေါ့။

**ဒေါက်တာနီး ။** ။ အေးပေါ့ကွာ...။ ၈ ရာစုကစပြီး ဆရာဝန်တွေဟာ တိုင်းတာလို့ မရနိုင်တဲ့ လူသားတွေရဲ့ အသက်ရှည်မှု အယူအဆကို လက်ခံလာတာပဲပေါ့။ သုတေသနအဆိုအရ အချစ်ခံတာနဲ့ ချစ်နေကြတဲ့သူတွေဟာ တစ်ဦးတည်းနေသူထက်ပိုပြီး အသက်ရှည်တယ် ဆိုတာပဲကွ...။ မျိုးဆက်တွေ၊ အာဟာရဓာတ်တွေ၊ လူနေမှုပုံစံတွေနဲ့ ဆေးဝါးတွေဟာ အချစ်ရဲ့အာနိသင်နဲ့ သွားပြီးညီနေတယ်။ သုတေသန ပညာရှင်တွေဟာ အစာအိမ်အနာ ရာဇဝင်မရှိတဲ့ လူပေါင်း ၈၅၀၀ ကို မေးခွန်းမေးထားတယ်။

နောက် ငါးနှစ်လောက်ကြာတော့ သူတို့တစ်တွေကို မေးခွန်း မေးပြီး စစ်တဲ့အခါ အစာအိမ်အနာရှိသူ ၂၅၄ ယောက်ကို တွေ့ရတယ်။ သူတို့အဖြေကတော့ သူတို့ရဲ့ မိန်းမတွေက မချစ်လို့တဲ့။ နောက်တစ်ခါ ရင်ဘတ်အောင့်တဲ့ ရာဇဝင်မရှိတဲ့လူ ၁၀၀၀ ကို စစ်တမ်းကောက်မေးပြီး ငါးနှစ်ကြာမှ ထပ်မေးတဲ့အခါ မချစ်ဘူးအပြောခံရတဲ့ အမျိုးသားတွေဟာ သိသိသာသာကြီး ရင်ဘတ်အောင့်(Angina)တာကို တွေ့ရှိခဲ့တယ်။ နောက် ဆုံးရလဒ်ကတော့ ယောက်ျားရဲ့ကျန်းမာရေးဟာ မိန်းမတွေချစ်ခြင်းနဲ့ ဆက်စပ်နေတာပါပဲ။

**မောင်အတ္တ ။** ။ အချစ်ရဲ့စွမ်းအားနော်...။

* Marriage is bank account. You put it in, you take it out, you lose interest.

www.burmeseclassic.com

www.burmeseclassic.com



**ဒေါက်တာနိုး** ။ ။ အိမ်ထောင်သည်တွေဟာ လူပျို၊ တစ်ခုလပ်တွေထက်ပိုပြီး အသက်ရှည်တယ်။ ရောဂါဖြစ်ပွားနှုန်းက နည်းနေတာကို ပြသနိုင်တယ်။ ကင်ဆာရောဂါ ရှိတယ်လို့ သတ်မှတ်ပြီး အိမ်ထောင်သည်တွေဟာ နောက်ထပ် ငါးနှစ်ကျော်ကျော်လောက် အိမ်ထောင်မရှိတဲ့သူတွေထက် ဘယ်လိုလူပျို၊ ယောက်ျား၊ မိန်းမ၊ ယဉ်ကျေးမှုမှာမဆို အသက်ရှည်ဖို့ အခွင့်အရေး ပိုရတယ်တဲ့။

**မောင်အတု** ။ ။ ဆရာ တစ်ခါ ပြောဖူးတယ်လေ။ ကင်ဆာရောဂါသည်တွေ အိမ်ထောင်ရေးအဆင်ပြေနေရင် တစ်ရက်ပိုရှည်တာပေါ့။

**ဒေါက်တာနိုး** ။ ။ ဒါပေမဲ့ ယောက်ျားတွေရဲ့စိတ်ကိုလည်း ကြည့်ဦး။ အိမ်ထောင်သည်အမျိုးသားတွေက လူပျိုတွေထက် အသက်ရှည်တယ်။ ဒါပေမဲ့ အိမ်ထောင်သည် အမျိုးသားတွေဟာ သေချင်တဲ့ဆန္ဒ ပိုရှိတယ်။ (Married men live longer than single men, but married men are more to die တဲ့...။

**မောင်အတု** ။ ။ အမျိုးသားတွေကလည်း အိမ်ထောင်သည်ဘဝ မနေချင်ကြဘူးနဲ့ တူတယ်။

**ဒေါက်တာနိုး** ။ ။ စောစောပိုင်းလေ့လာချက်က အိမ်ထောင်သည်တွေဟာ လက်မထပ်ဘဲ အတူနေတဲ့သူတွေထက် ပိုပြီး ကျန်းမာရေးကောင်းတာကိုလည်း သတိထားမိကြတယ်။

နောက်တစ်မျိုး တိတိကျကျဆိုရရင်တော့ အိမ်ထောင်သည် အမျိုးသားက လူပျိုတွေထက် ပျမ်းမျှ ၁၀ နှစ် အသက်ပိုရှည်ရှည်နေရပြီးတော့ အိမ်ထောင်သည် အမျိုးသမီးတွေက အပျိုတွေထက် လေးနှစ်ပိုနေရတယ်ဆိုတာပဲ။ ၂၀၂၁ ခုနှစ် အင်္ဂလန်နိုင်ငံ စုံတွဲတွေမှာ တစ်တွဲကတော့ လက်မထပ်တော့ဘဲ အတူတူနေကြလိမ့်မယ်လို့ တောင်မှန်းတယ်။








**မောင်အတု** ။ ။ အိမ်ထောင်သည်ဘဝက အသက်ရှည်တယ်ဆိုပေမယ့် စိတ်ညစ်ကကုန်ကျပြီနဲ့ တူတယ်။

**ဒေါက်တာနိုး** ။ ။ အချစ်ကို ခုနစ်မျိုး ခွဲထားတယ်...

၁။ သမီးရည်းစားအချစ်တဲ့။ ရုပ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုတွေ၊ လိင်ပိုင်းဆိုင်ရာ ခံစားမှု၊ ပျော်မှန်းလှို့ဆော်မှုတွေနဲ့ ဆိုင်တယ်။

* Love must have wings to fly away from love, and to fly back again.

www.burmeseclassic.com

www.burmeseclassic.com



၂။ တိုင်းပြည်ကို ချစ်တဲ့အချစ်၊ အလုပ်ကို ချစ်တာ၊ ဈေးဝယ်တာ၊ အစားအသောက်တွေကိုချစ်တဲ့ အချစ်တဲ့။

၃။ ဘာသာရေး ကိုင်းရှိုင်းပြီး ဖြစ်ပေါ်လာတဲ့ အချစ်။

၄။ ဝန့်တိုမှုတွေ၊ စိတ်ပိုင်းဆိုင်ရာ မတည်ငြိမ် ဖြစ်ပေါ်တဲ့ အဓမ္မအချစ်တွေ။

၅။ အိမ်နီးနားချင်းနဲ့ ညီအစ်ကိုလိုအချစ်။

၆။ ကိုယ့်ရဲ့ငယ်သား၊ အလုပ်သမား၊ ဝန်ထမ်းတွေ အပေါ်ထားတဲ့အချစ်။

၇။ ကလေးတွေ၊ မိဘတွေ ချစ်တဲ့ ခံစားမှုတွေပဲ။

**မောင်အတ္တ** ။ ။ ဒါကြောင့် အိမ်ထောင်ရေးကို တချို့က ကြောက်ကြတာ။

**ဒေါက်တာနီး** ။ ။ သူတို့နိုင်ငံအဆိုအရ ဟောလိဝုဒ်နဲ့ မီဒီယာတွေက လည်း အိမ်ထောင်ရေးအမြင်ကို လွှမ်းမိုးတယ်တဲ့။ ရုပ်ရှင်သရုပ်ဆောင်တွေဆိုတာ ကြေးစားလူသားတွေတဲ့။ သူတို့ရဲ့ သရုပ်ဆောင်မှုတွေက ပီပြင်လွန်းလို့ အော်စကာဆုတွေ ရကြတာပေါ့။ ဒါပေမဲ့ တကယ်တမ်းကျ ချစ်ဟန်ဆောင်ကြတဲ့ အချစ်တွေ၊ ရုပ်ဖန်တီးမှု အတုတွေပဲတဲ့။

ဒါပေမဲ့ ရုပ်ရှင်ကြည့်ပရိသတ်ထဲက အမျိုးသားတွေ၊ အမျိုးသမီးတွေက တကယ့်အစစ်လို ခံစားကြပြီး အဲဒီလိုနေချင်ကြတာ ခက်တာပဲတဲ့။ အိမ်ထောင်မကျခင် လူပျိုတစ်ယောက်ဟာ မိန်းမရရင် မိန်းမကို ဘာလုပ်ခိုင်းမယ်၊ ညာလုပ်ခိုင်းမယ်ပေါ့။ တကယ်တမ်းညားတော့ စိတ်ကူးယဉ်တာတွေ လေထဲပါသွားတယ်။ လက်တွေ့နဲ့စိတ်ကူးယဉ်တာတွေဟာ ကွာခြားနေတယ်။ အမျိုးသမီး အတော်များများကလည်း ချမ်းသာတဲ့





ဘရက်ပစ် (Brad Pitt) လို ယောက်ျားမျိုး စိတ်ကူးယဉ်တာ။ ညားတဲ့ အိမ်ထောင်သည်ဘဝကျတော့ ရှန်းကန်နေကြတာပဲ။

> အိမ်ထောင်မကျခင် လူပျိုတစ်ယောက်ဟာ
> မိန်းမရရင် မိန်းမကို ဘာလုပ်ခိုင်းမယ်၊ ညာလုပ်ခိုင်းမယ်ပေါ့။
> တကယ်တမ်းညားတော့ စိတ်ကူးယဉ်တာတွေ
> လေထဲ ပါသွားတယ်…

အိမ်ထောင်မရှိတဲ့ အပျိုလေးက အိမ်ပြန်ရောက်ရင် အမေပြေ ရေခဲသေတ္တာကို အရင်ဖွင့်ပြီး အိပ်ခန်းထဲဝင်တာပဲ။ အိမ်ထောင်သည် အမျိုးသမီးကျတော့ အိမ်ရောက်ရင် အိပ်ရာပေါ် အရင်ကြည့်ပြီးမှ ရေခဲသေတ္တာကို ဖွင့်တယ်တဲ့။ အမေပြေပုံ မတူဘူးနော်။ အိပ်ရာပေါ်မှာ ယောက်ျားမတွေ့တာနဲ့ အမေဆိုတာပဲလေ။

> အပျိုလေးက အိမ်ပြန်ရောက်ရင် အမေပြေရေခဲသေတ္တာကို
> အရင်ဖွင့်ပြီး အိပ်ခန်းထဲဝင်တာပဲ။
> အိမ်ထောင်သည် အမျိုးသမီးကျတော့
> အိမ်ရောက်ရင် အိပ်ရာပေါ် အရင်ကြည့်ပြီးမှ
> ရေခဲသေတ္တာကို ဖွင့်တယ်တဲ့။

**မောင်အတ္တ** ။ ။ ဒီလိုကျလည်း သနားစရာပါလား…

* No act of love is ever wasted.

www.burmeseclassic.com

www.burmeseclassic.com



**ဒေါက်တာနိုး ။** ။ ၁၉၆၀ ပြည့်နှစ်မတိုင်မီက အမျိုးသားတွေဟာ အိမ်ထောင်သည် ဘဝမှာ ပျော်ရတယ်။ အလုပ်လည်း ရှိတယ်။ ဝါသနာအရလည်း ကြိုက်တာလုပ်၊ ကြိုက်တာသောက်နေနိုင်ကြတယ်။ ၁၉၇၀ နောက်ပိုင်းကျတော့ မိန်းမတွေဟာ ယောကျာ်းတွေအပေါ်ကို မျှော်လင့်ထားတာတွေ ပြောင်းလဲကုန်ကြတယ်၊ အမျိုးသမီးတွေက ပိုပြီးတော့ စိတ်ကူးယဉ်တယ်လို့တောင် မြင်ကြတယ်။ အမျိုးသားတွေကလည်း ဒီလိုအပ်ချက်ပြည့်စုံအောင် တုပြီးလုပ်လာရတယ်။

အမျိုးသားတွေ ကိုယ်တိုင်ကလည်း ကားတွေ၊ စက်ပိုင်းဆိုင်ရာ နည်းပညာအသစ်၊ ကွန်ပျူတာ၊ အစားအသောက်ကိုပဲ ပိုစိတ်ဝင်စားလာတယ်။ ဒီခေတ်အမျိုးသမီးတွေက ဒါကို မကြိုက်ကြဘူး။ ဒီအချက်ကို အမျိုးသမီးစုကြီးက ရောဂါလို့ သတ်မှတ်တယ်။ နည်းပညာနဲ့ ပစ္စည်းကိရိယာပေါ် တွယ်တာနေတဲ့ ယောကျာ်းတွေကို ဒီလိုစွပ်စွဲတယ်၊ ဒါကြောင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမကောင်းဘူးဆိုပြီး ပြောတယ်။

**မောင်အတ္တ ။** ။ ဟုတ်တယ် ဆရာရေ။ အမျိုးသားတွေကလည်း ကွန်ပျူတာသုံးနေရင် မိန်းမနားမကပ်လို့ ပြဿနာတောင် တက်တယ်ဆိုပဲ။

**ဒေါက်တာနိုး ။** ။ ဒါ ၂၁ ရာစုနှစ် အမျိုးသားတွေရဲ့ ပြဿနာပဲ။ နောက် ရှိသေးတယ်ကွ။ ဒီနေ့ ဒီခေတ်ရဲ့ ပညာရေးစနစ်မှာ ကလေးတွေကို စာသင်ပေးတာ အမျိုးသမီးတွေ များနေတယ်။ အမျိုးသမီးတွေက သူ့သဘာဝအတိုင်း ပျော့ပျော့ပျောင်းပျောင်း နူးနူးညံ့ညံ့ ကိုင်တွယ်မှာ။ အမျိုးသားတွေအတွက်ဆိုရင် ရှေ့ဆောင်လမ်းမပြတာ ဆရာတွေပဲ ဖြစ်သင့်တယ်ကွ။ ဒီတော့ မျိုးဆက်သစ်တွေရဲ့ အတွေးအခေါ်တွေဟာ တစ်မျိုး ဖြစ်နေတာပေါ့။

**မောင်အတ္တ ။** ။ ဟုတ်တယ်နော်။ ကျွန်တော်တို့ငယ်ငယ်တုန်းက ဆရာများတယ်၊ ဆရာမ နည်းတယ်။ ဒီခေတ်ကျ





> အမျိုးသား အိပ်ရာမဝင်မီ
> အိပ်ရာကို အိပ်ချင်စဖွယ်ဖြစ်အောင်
> ကောင်းကောင်း ပြင်ထားပေးပါတဲ့...

တော့ ဆရာ သိပ်မတွေ့ရတော့ဘူး။ မျှနေရင် ကောင်းမှာပေါ့။

**ဒေါက်တာနိုး ။** * ။ ဘယ်သူမှတော့ ပြည့်စုံတယ် မရှိဘူးပေါ့ကွာ။ မီဒီယာတွေရဲ့ လွှမ်းမိုးမှုကလည်း ဒီခေတ် အိမ်ထောင်သည်ဆက်ဆံရေးတွေမှာ လက်တွေ့မပါတဲ့ အတွေးအခေါ်တွေဖြစ်တယ်။ ပုံသေတော့ မဟုတ်ဘူးပေါ့ကွာ။ ဒါကြောင့် တစ်ခါတလေများ ရှေးရိုးဆန်တဲ့ အတွေးအခေါ် အယူအဆ လှုံ့ဆော်မှုတွေဟာ ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်ရေးရဲ့သော့ချက် ဖြစ်တာပဲ။

**မောင်အတ္တ ။** ။ ခေတ်ကို ပြောင်းပြန်သွားရမလို ဖြစ်နေပြီနော်။ ဒါပေမဲ့ ရမှာမဟုတ်ဘူး။

**ဒေါက်တာနိုး ။** ။ နောက် အမေတွေပေါ့။ အမေတွေဟာ သူတို့ရဲ့သားကို နောင်တစ်ချိန်မှာ အိမ်ထောင်ရှင်ယောကျာ်းဖြစ်လာမယ့်ဟာကို ဦးစားပေးပြီး နေ့တိုင်းပြောဆို ပြုစုပေးဖို့၊ သင်ပေးဖို့အရုံမရှိဘူး။ သားလေးကို ဘယ်လိုယဉ်ယဉ်ကျေးကျေး စကားပြောရမယ်။ အမေကို ဘယ်လိုချစ်ရမယ်၊ အဝတ်အစား ဘယ်လိုဝတ်ရမယ်နဲ့ ပညာရေးအတွက်ပဲ ပြောဆိုကြတယ်။ အမေကိုယ်တိုင်က မိန်းမတွေရဲ့ ခံစားချက်တွေ၊ လိုနေတာတွေ၊ မပြည့်စုံတဲ့ ခံစားမှုတွေကို သားဖြစ်သူကို ပြောပြထားရမယ်။ ဒါမှ သားလုပ်သူက ကိုယ်ချင်းစာတရားတွေ၊ မိန်းမအပေါ်ထားရှိရမယ့် သဘောထားတွေ သိမှာ။ ယောကျာ်းတစ်ယောက်ကို ပုံသွင်းပြင်ပေးဖို့ အကောင်းဆုံးအချိန်ဟာ ကလေးအရွယ်ပဲ ဖြစ်တယ်။

* Love looks not with the eye but with the mind.

www.burmeseclassic.com

www.burmeseclassic.com



**မောင်အတ္တ ။** ။ ဒါလေးကတော့ စိတ်ဝင်စားစရာပဲ။ အမျိုးသမီးတွေအပေါ် တစ်ခါတည်း ကိုယ်ချင်းစာစိတ်၊ ကြင်နာယုယတဲ့စနစ်ကို မိဘတွေက သင်ပေးတာပဲ ကောင်းတာပေါ့။ ဘယ်မိဘမှတော့ သင်ပေးဖို့ စိတ်ကူးမရှိပါဘူး။ သူတို့ပြောလိုက်ရင် သားလေးက လူပျိုကြီးလုပ်မှာ။ မိဘကို လုပ်ကျွေးမှာ။ ဘုန်းကြီးဝတ်မှာနဲ့ပေါ့။ ဒါပဲပြောတာ။ လွဲနေတာပဲဟာ။ အစကတည်းက အတွေ့တွေက ကြီးနေတာလေ။

**ဒေါက်တာနိုး ။** ။ ဒီလို အမျိုးသား၊ အမျိုးသမီးတွေရဲ့ ပြဿနာကို ပြေလည်ဖို့ အမျိုးသမီးတစ်ယောက်က အမျိုးသမီးတွေအတွက် ၁၉၆၃ ခုနှစ်က Home Economics စာအုပ်မှာ ရေးသားခဲ့တယ်။ လိုက်နာမယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့။

**မောင်အတ္တ ။** ။ ဘယ်လို ရေးထားလို့လဲ။

**ဒေါက်တာနိုး ။** ။ အမျိုးသား အိပ်ရာမဝင်မီ အိပ်ရာကို အိပ်ချင်စဖွယ်ဖြစ်အောင် ကောင်းကောင်းပြင်ထားပါတဲ့။ အမျိုးသမီးတွေဟာ သဘာဝသန့်ရှင်းမှု အရေးကြီးဆုံး ဆိုတာသိပေမယ့် ဘာလုပ်လုပ် အမျိုးသားတွေကို ဦးစားပေးလိုက်ပါ။ အိပ်ရာဝင်တဲ့အခါမှာတော့ ယောကျ်ားကို ပြုံးချိုတဲ့မျက်နှာနဲ့ ကြိုဖို့သတိရနေပါ။ တကယ်လို့ သဘာဝအရ မျက်နှာလိမ်းခြယ်ပါ။ ဆံပင်ပြင်ဆင်ပါ။ ယောကျ်ား အိပ်ချင်နေတာကို အလိုက်သိပေးပါ။ အရာရာတိုင်း အိပ်ရာပေါ်မှာဆိုရင် ယောကျ်ားဆန္ဒအတိုင်း ရှိပါစေ။

တကယ်လို့ မိမိမှာ ဆန္ဒရှိလာရင်တော့ ယောကျ်ားရဲ့ဆန္ဒမပါဘဲနဲ့ မနိူးဆွပါနဲ့။ ယောကျ်ားတွေရဲ့ ကျေနပ်မှုက မိန်းမတွေထက်ပိုအရေးကြီးတယ်။ ယောကျ်ား လုံးဝအိပ်ပျော်သွားပြီဆိုရင် မျက်နှာလိမ်းတာ၊ ဆံပင်ပြင်တာလုပ် ယောကျ်ားထက် စောစောထပြီး နံနက်စာစားဖို့အရန်သင့် ပြင်ဆင်ပေးထားပါတဲ့။





ကဲ ကြည့်စမ်း ဒီရေးထားတဲ့စာဟာ အိမ်ထောင်ရေးကို မကွဲမကွာ ကာသိကအောင့် လုံးဝမဖြစ်အောင်ကို အနှစ်နာခံပြီး လိုက်လျောဖို့ လမ်းညွှန်ထားတာ။ အေး တကယ့်လက်တွေ့ကျတော့ မလုပ်နိုင်ကြဘူးလား။ သူလည်း စီးပွားရှာ။ ငါလည်း စီးပွားရှာ။ မလုပ်နိုင်ဘူးတဲ့။

**မောင်အတ္တ ။** ။ ဟုတ်တော့လည်း ဟုတ်တယ်နော်။




▪ All goodness in the world comes from love.

www.burmeseclassic.com



**ဒေါက်တာနိုး ။** ။ ၁၉၅၀ လောက်က အမျိုးသမီးတွေဟာ အိမ်ထောင်ကျပြီး အပျိုဘဝ ဆုံးရှုံးရတာ ၆၀ ရာခိုင်နှုန်း ရှိတယ်။ ဒီနေ့ခေတ်မှာ ၁ ရာခိုင်နှုန်းပဲ ရှိတော့တယ်။ အမျိုးသမီးငါးယောက်မှာ တစ်ယောက် ကလေးမရှိဘူး။ မမွေးတော့ဘူးပေါ့။ သန္ဓေတားဆေးနဲ့ပဲ ပြီးသွားကြတယ်။ နှစ်ဆယ်ရာစုခေတ်မှာ အမျိုးသမီးတွေရဲ့ ပိုက်ဆံအိတ်ထဲမှာ နှုတ်ခမ်းဆိုးဆေးဘူးအစား ကွန်ဒုံးတွေ ဖြစ်နေကြပြီ။

အဲ နောက်တော့ အမျိုးသမီးမဂ္ဂဇင်းတွေကို ကြည့်ပါလား။ လိင်ဆက်ဆံမှု အကြောင်းတွေ၊ နည်းတွေကို အမေးအဖြေ လုပ်ထားတာချည်းပဲ။ တကယ်တမ်းကျ အမျိုးသမီးတွေဟာ သေတစ်ပန် သက်တစ်ဆုံး မကွဲမကွာ အိမ်ထောင်ဖက်နဲ့ နေလိုကြတာ။ ကျော်ကြားသူတွေဖြစ်တဲ့ ဘရက်ပစ် (Brad Pitt) နဲ့ အန်ဂျယ်လီနာဂျိုလီ (Angilina Joilc) တို့၊ ပို့စပိုက် (Posh Spice) နဲ့ ဒေးဗစ်ဘက်ခမ်း (Davit Backam) တို့ကို အားကျတာကိုး။

အမျိုးသမီးတွေအတွက်တော့ အိမ်ထောင်ရေးဆိုတာ နောက်ထပ်ဘဝအတွက် မဟုတ်တော့ဘူး။ ဘဝဆိုတာ အချိန်တွေ ကြာဦးမှာ။ အိမ်ထောင်ရေးဆိုတာ ချစ်ဖို့အတွက်ပဲ ဖြစ်နေတာ။ (For many women, marriage is not for life anymore. Life is too long. Marriage is for love.)

**မောင်အတ ။** ။ ဪ် အတွေးအခေါ်က ဘဝကို ပြောင်းနေတာပဲ။



## အမျိုးသမီးတွေလိုချင်တာ...

**ဒေါက်တာနိုး ။** ။ ကြားဖူးတာတစ်ခု ပြောရဦးမယ်ကွ။ သေဆုံးသွားသူတွေ သွားတဲ့နေရာမှာ လူဝင်မှုကြီးကြပ်ရေးအဖွဲ့လို့ခေါ်တဲ့ အဖွဲ့တစ်ဖွဲ့ရှိတယ်။ လူတွေ သေဆုံးပြီး လို့ရှိရင် နောက်ဘဝဘာဖြစ်မယ်၊ ညာဖြစ်မယ်ပေါ့ကွာ။

အေး အဲဒီလိုဖြစ်ဖို့ ရွေးချယ်တဲ့နေရာပေါ့။ အဲဒီဌာနကနေ နတ်ပြည်ကို ပို့ပေးတယ်။ ငရဲပြည်ကို ပို့ပေးတယ်ပေါ့။ တန်းစီရတယ်။ စစ်တမ်းကောက်တယ်ပေါ့။ ဒီတစ်ခါ လာရောက်တဲ့ သေဆုံးတဲ့သူအများစုက အမျိုးသားတွေ အများကြီးကိုး။

အဲဒီတော့ လူကြီးက မေးတယ်။ လူ့ပြည်မှာတုန်းက အမျိုးသမီးတွေကို တဏှာစိတ်နဲ့ ဝစီကံမြောက်၊ ကာယကံမြောက် ပြစ်မှားခဲ့သူဘယ်နှယောက် ရှိလဲ။ လက်ညှိုးထောင်ပေါ့။ ဒီတော့ အမျိုးသားတိုင်းဘယ်ကင်းပါ့မလဲနော်။ အားလုံးထဲကတစ်ယောက်က လက်ညှိုးမထောင်ဘူး။ ဒီတော့ လူကြီးက ဒီနေ့အားလုံး ငရဲပြည် အကုန်ပို့လိုက်လို့ ပြောလိုက်တယ်။ ဒီတော့ လူကြီးက ဒီနေ့ အားလုံး ငရဲပြည် အကုန်ပို့လိုက်လို့ ပြောလိုက်တယ်။

ဒီတော့ လူကြီးရဲ့ အောက်စာရေးက ပြန်မေးတယ်။ ဆရာ တစ်ယောက် လက်ညှိုးမထောင်ဘူးလေတဲ့။ ဒီတော့ သူ့ကို ဘယ်ပို့လိုက်ရမလဲတဲ့။ ဒီတော့ သူ့ကို ဘယ်ပို့လိုက်ရမလဲတဲ့။ ဒီတော့ ဆရာလုပ်သူက

* All love is sweet.

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောတယ်။ အေး… သူက နားမကြားဘူးတဲ့။ သူ့ရဲ့အမှုတွဲမှာ သူက အဆိုးဆုံးတဲ့။

**မောင်အတ္တ** ။ ။ ဩော် ဒီလိုလား။ အမျိုးသားတွေကတော့ အမျိုးသမီးတွေအပေါ်ကြည့်တဲ့အကြည့်က မလွယ်ပါလားနော်။

**ဒေါက်တာနိုး** ။ ။ ဒါ အမှန်တရားပဲ။ ပုထုဇဉ်လူသားပဲလေ။ ဒီခေတ်ဒီအခါမှာကျတော့ အမျိုးသမီးတွေက အမျိုးသားတွေနဲ့ ရင်ပေါင်တန်းလာကြပြီ။ နိုင်ငံရေးမှာဖြစ်ဖြစ်၊ စီးပွားရေးနယ်ပယ်မှာဖြစ်ဖြစ်၊ ပညာရေး၊ ဘာသာရေးတွေမှာဖြစ်ဖြစ် အမျိုးသမီးတွေ များလာတယ်။ အတွေးအခေါ်လည်း ပြောင်းလာတာပေါ့။

**မောင်အတ္တ** ။ ။ အဲဒါဟုတ်တယ်။ Lady First ဆိုပြီး အရင်တုန်းက ဦးစားပေးခံရတာကနေ ဒီခေတ်ကျတော့ သူတို့ကိုယ်တိုင်က တော်နေကြတာတွေရှိလို့ First ဖြစ်နေကြတယ်နော်။

**ဒေါက်တာနိုး** ။ ။ ငါ ပြောပြမယ်ကွာ။ ဒီစကားလေးတစ်ခွန်း ကြည့်ရုံနဲ့တင် ဘယ်သူက သာနေသလဲပေါ့။ ဒါတွေ မြင်တွေ့ကြားသိနေရတာတွေ ရှိနေတာပဲ။ စာတွေ့ မဟုတ်ဘူး။ လျင်တဲ့သူက လျင်တာပဲ။ ဘာတဲ့…

"A successful man is one who can earn more money than his woman can spend".

"A successful woman is the one who can find this man" တဲ့။

အောင်မြင်တဲ့ အမျိုးသားတစ်ယောက်ဟာ သူ့အမျိုးသမီး သုံးနိုင်တဲ့ ငွေပမာဏထက် ပိုပြီးရှာနိုင်တဲ့သူတဲ့။

အဲ အမျိုးသမီးကျတော့ ဘယ်လောက်လည်သလဲ ကြည့်… အောင်မြင်တဲ့ အမျိုးသမီးကျတော့ ဒီလို အမျိုးသားတွေကို ရှာနိုင်တာပဲတဲ့။ ဘယ်လောက် အကွက်မြင်သလဲ။







**မောင်အတ္တ** ။ ။ အင်း… ဒီလိုအမြင်ကျတော့ အမျိုးသမီးတွေက ပိုပြီး အကွက်မြင်တာပေါ့။ ဒါကြောင့် သူများတွေ ပြောတာကိုး Sponsor ရှာတာတဲ့။ Sponsor ကောင်းရင်အတည်တဲ့။ အမျိုးသားတွေလည်း Sponsor ရှာရတော့မယ်နော်… ဟဲ… ဟဲ။

**ဒေါက်တာနိုး** ။ ။ ၂၀၀၈ ခုနှစ်မှာ ပါမောက္ခ ဒန်နီရယ်နက်တယ် (Daniel Nettle) က ချစ်ခြင်းကရလာတဲ့ သာယာမှုတွေဟာ အမျိုးသားရဲ့ ဘဏ်ငွေ၊ ပိုင်ဆိုင်မှုတွေနဲ့ ဆက်စပ်တယ်တဲ့…

**မောင်အတ္တ** ။ ။ ဘာကို ဆိုလိုတာလဲ။

**ဒေါက်တာနိုး** ။ ။ အဓိပ္ပာယ်ကို သွယ်ဝိုက်ပြောရရင်တော့ အမျိုးသမီးတွေရဲ့ လိင်ပိုင်းဆိုင်ရာ ဆန္ဒပြီးမြောက်မှုအကြိမ်အရေအတွက်က အမျိုးသားတွေရဲ့ ချမ်းသာမှု၊ ဝင်ငွေနဲ့အတူ လိုက်တိုးနေတယ်တဲ့။ အင်္ဂလိပ်လိုကတော့ကွာ The higher a man's income and resources goes, the higher woman's orgasm frequency rises တဲ့…■

* In love we are poets. In marriage we are philosphers.

www.burmeseclassic.com

www.burmeseclassic.com



**မောင်အတ္တ** ။ ။ ငွေနဲ့ စွမ်းအားမြင့်သွားတာပေါ့နော်။ ငွေကြောင့် ကျန်တာတွေလည်း စိတ်သွားတိုင်း ကိုယ်ပါတာပဲနော်။

**ဒေါက်တာနိုး** ။ ။ ဒီလိုပြောရင် ငွေမမက်တဲ့ အမျိုးသမီးတွေက သိမ်းကျုံးပြောလို့ ဒေါသထွက်လိမ့်မယ်။ အမျိုးသားတွေ လိုချင်တာက Sex၊ အမျိုးသမီးတွေ လိုအပ်တာက Love ဆိုရင်တောင် လက်ခံကြမှာ မဟုတ်ဘူး။ ခေတ်ပြောင်းလာတဲ့ လူနေမှုစနစ်နဲ့ ခံယူချက်တွေ၊ ရာနှုန်းတွေကတော့ ဒီဖြစ်စဉ်က ပြန်လာနေတာပဲ။ အမျိုးသမီးတွေမှာ လိုချင်တယ်ဆိုတာ ရှိတာပဲလေ။ ဒါတော့ ငြင်းလို့မရဘူး။ လူသားတစ်ဦးပဲ။ သူတို့လိုချင်တာကလည်း အမျိုးသားနဲ့ ကွာဦးမှာပေါ့။

**မောင်အတ္တ** ။ ။ ဘာတွေလဲ ဆရာ။

**ဒေါက်တာနိုး** ။ ။ အင်း အမျိုးသမီးတွေလည်း အတ္တနဲ့ မကင်းဘူးကိုး။ အမျိုးသမီးတွေ အမှန်စင်စစ် လိုချင်နေတာကတော့

၁။ အချစ်၊

၂။ သစ္စာ၊

၃။ ကြင်နာမှု၊

၄။ ကတိ၊

၅။ ပညာအရည်အချင်းနဲ့ ဖြတ်ထိုးဉာဏ်ပဲ။

**မောင်အတ္တ** ။ ။ ဘာကျန်သေးလဲ ဆရာ၊ အမျိုးသားတွေက ပေးရမှာ...

**ဒေါက်တာနိုး** ။ ။ ပေးတတ်ဖို့လိုတယ်ကွ။ ဒါတွေအားလုံးက အမျိုးသားတစ်ယောက်ရဲ့ အမျိုးသမီးတစ်ယောက်ကို ဆွဲယူနိုင်တဲ့ ဆွဲဆောင်နိုင်မှုပေါ့။ ဒီတော့ အမျိုးသမီး လိုချင်တဲ့အချစ်ကို ပြောမယ်ကွာ။ **မိန်းမတစ်ယောက်ဟာ သူ့ကိုချစ်တာ၊ စွဲမက်တာကို နေ့တိုင်းကို သေသေချာချာ သိချင်၊ လိုချင်နေတာပဲ။** ဒါကို အမျိုးသားက ပါးပါးနပ်နပ် သက်သေပြဖို့ လိုအပ်တယ်။ အမျိုးသားတွေက နားနဲ့ ဆတ်ဆတ်ကို





ကြားချင်နေတာတော့ ဖေးဖရိတ်စကားလုံး (Favourite) ဖြစ်နေတဲ့ "ငါမင်းကို ချစ်တယ်" ပေါ့ကွာ။

နောက်ပြီးတော့ လှလှ မလှလှ မင်းပြောရမှာက "မင်းသိပ်လှတာပဲ"၊ "ငါ မြင်ဖူးတဲ့ မိန်းမတွေထဲမှာ မင်း အလှဆုံးပဲ"၊ "ကိုရီးယား မင်းသမီးတွေ မင်းကို လာကြည့်တော့မှာပဲ" ပေါ့။ ဒါလေးများ ဘာခက်တာမှတ်လို့။ အဲ အမျိုးသမီး ချက်ထားတာတွေဆိုရင်လည်း "အိုး... မိန်းမချက်တဲ့ဟင်းစားပြီး ဘာမှမစားချင်တော့ဘူး"၊ "ဟိုတယ်မှာ မစားချင်တော့ဘူး။ မိန်းမချက်ကျွေးတာပဲ စားမယ်" ပေါ့နော်။ အမျိုးသမီးမှာလည်း ပျော်လို့၊ မျက်ရည်တောင်ကျလို့၊ နှလုံးသား အရည်ပျော်တယ်ဆိုတာ ဒီအပြောတွေပဲ။ သူတို့ လိုချင်တာကို ဖြည့်ဆည်းပေးတာလေ။

ပိုပြီး အနုအရွဆန်ပြီး ကျေနပ်စေချင်ရင် ရုတ်တရက်များ မိန်းမဆီက ဖုန်းလာနေရင်လည်း "ငါလည်း မင်းအကြောင်း တွေးနေတာ တိုက်ဆိုင်လိုက်တာ။ အသက်ရှည်ဦးမယ်" ဘာညာသာရတာပေါ့ကွာ ခက်တာမှတ်လို့။ အေး အမျိုးသမီးကလည်း ပြောလိမ့်မယ်။ "ရှင် ဒီလိုပြောတာ ဘယ်နှစ်ယောက်ရှိပြီလဲ" လို့ မေးပေမယ့် အမျိုးသမီးက ပျော်သွားပြီ။ အောက်ဆီတိုနင်တွေ တက်လာပြီလေ။

အမျိုးသမီးတွေက အမျိုးသားတစ်ယောက် သူ့ကို တကယ်ချစ်တာလား၊ မချစ်တာလားဆိုတာ သိပ်ပြီးသိချင်တယ်၊ ယုံချင်တယ်၊ နေ့စဉ် အသုံးအနှုန်းတွေ၊ အပြုအမူတွေ ပြသတာကို ခံယူချင်ကြတယ်။ ခက်နေတာက အမျိုးသားတွေကလည်း ဒါတောင်မလုပ်ချင်ကြတော့ဘူး။ အမျိုးသမီးအတွက် ဒီလိုချစ်ပြတာကို မဖော်ပြချင်ကြဘူး။ ဒါကို အမျိုးသားတွေ နားလည်ထားဖို့ လိုတယ်။

နောက်ပြီး အမျိုးသမီးတွေက အရေးကြီးတဲ့နေ့တွေ ဖြစ်တဲ့ မွေးနေ့၊ နှစ်ပတ်လည်နေ့၊ အမှတ်တရနေ့တွေကို မေ့တာ မကြိုက်ကြ

* I could give you the stars. I could give you the sea. I could give whatever you want if you give me a kiss.

www.burmeseclassic.com



ဘူး။ အမျိုးသမီးတွေက အမျိုးသားတွေရဲ့အချစ်ကို ဒါတွေနဲ့လည်း တိုင်းတာကြသေးတယ်။ နောက် အရေးကြီးပြီး မတူညီတဲ့ အတွေးကွာခြားချက် ရှိနေသေးတယ်။ လက်ဆောင်ကိစ္စပေါ့။ ယဲ်တာ၊ ကြီးတာကို အမျိုးသမီးတွေက မသတ်မှတ်ဘူး။ သေးတာပေးလည်း မှတ်မှတ်ရရ ဖြစ်နေရင် အမျိုးသားက ချစ်နေတယ်လို့ သတ်မှတ်တာ။ ပန်းတစ်ပွင့် ဖြစ်ဖြစ်ပေါ့၊ ဒီပန်းက ဘယ်က ယူလာလာပေါ့။ ဒီအချက်ဟာ အမျိုးသားတွေရဲ့ ပြုမူမှုတွေပဲ။ လက်ဆောင်အစစ် မဟုတ်လည်း အရေးမကြီးဘူးနော်၊ အေး အမျိုးသားတွေကတော့ လက်ဆောင်ကို ကြီးမှ ဒါမှမဟုတ် ဈေးကြီးမှပဲ လက်ဆောင်ရဲ့တန်ဖိုးကို ဆုံးဖြတ်တာ၊ အမျိုးသမီး အမျိုးသား ကွာသွားပြီနော်။

**မောင်အတ္တ** ။ ။ ဆရာက ဘယ်လို သိနေတာလဲ။

**ဒေါက်တာနီး** ။ ။ လက်တွေနဲ့စာတွေ ရောရတာပဲ။ တစ်ခါတလေ စာတွေ့က လက်တွေ့မဖြစ်နိုင်ဘူး။ နောက်ပြီး ကိုယ်မှန်တယ်ထင်ပေမယ့် နောက်တစ်ယောက်အတွက် မှန်ချင်မှမှန်မှာနော်။ ဒုတိယတစ်ချက်ဖြစ်တဲ့ သစ္စာအကြောင်း ပြောရအောင်။ တချို့က ဒီခေတ်က သစ္စာမရှိကြတော့ဘူး။ ပိတောက်တောင် အချိန်မှန် မပွင့်တော့ဘူးလို့ ပြောကြတယ်၊ အမျိုးသမီးတွေက သူတို့အမျိုးသားတွေရဲ့ သစ္စာတရားကို မြတ်နိုးတယ်။ တခြား တစ်ယောက်အပေါ် Sex နဲ့ Love ရောသွားမှာ ကြောက်ကြတယ်။

ဒါကြောင့် အမျိုးသမီးတွေက "သူ့ကို တကယ်ရော ချစ်ရဲ့လား" ဆိုတဲ့ မေးခွန်းကိုအပ်ကြောင်းထပ်အောင် မေးနေတော့တာပဲလေ။ သူတို့က စိတ်ပိုင်းဆိုင်ရာခံစားချက်ကို အလေးထားကြတာလေ။ အမျိုးသားတွေကလည်း သစ္စာတရား လက်ကိုင်ထားပေမယ့် Sex က Sex၊ Love က Love ပဲ။ မတူဘူး။ သတ်သတ်စီ ထားတတ်ကြတယ်။ အဲ အမျိုးသမီးတွေကျတော့ Sex နဲ့ Love တူနေတယ်။ ဒီတော့ တကယ်လို့





အမျိုးသားက တခြားတစ်ယောက်ကို ချစ်မိသွားရင် ပိုင်ဆိုင်မှုပါ ခွဲဝေပေးရတော့မှာကိုး။ ဒါကြောင့် အမျိုးသမီးတွေက အမျိုးသားတွေရဲ့ သစ္စာတရားကို လိုချင်ကြတယ်။

**မောင်အတ္တ** ။ ။ ရှုပ်တောင် ရှုပ်လာပြီနော်။

**ဒေါက်တာနီး** ။ ။ ကြင်နာမှုက တတိယမြောက်ပေါ့နော်။ အကြင်နာတရားရှိတဲ့ အမျိုးသားတွေကို အမျိုးသမီးတွေ နှစ်သက်ကြတယ်။ အကြင်နာရဲ့ နွေးထွေးမှုကို မွေ့လျော်တယ်။ ခံစားချင်တယ်။ တကယ်တမ်းကျ အမျိုးသမီးတွေဆီက ပေးနိုင်တဲ့ပိုင်ဆိုင်မှုဟာ ရင်သွေးငယ်ပဲ။ ဒီလိုကလေးတွေပါ အကြင်နာပေးရင် ပိုသဘောကျတာပဲ။

> **အကြင်နာတရားရှိတဲ့**
> **အမျိုးသားတွေကို အမျိုးသမီးတွေ နှစ်သက်ကြတယ်။**
> **အကြင်နာရဲ့ နွေးထွေးမှုကို မွေ့လျော်တယ်။**
> **ခံစားချင်တယ်...**

ဒါကြောင့် အရင်ခေတ် အမျိုးသမီးတွေက မြင့်မြတ်တဲ့ အမျိုးသားတွေကို သဘောကျတယ်။ မြင့်မြတ်တဲ့ အမျိုးသားတွေက စည်းစိမ်ဥစ္စာ၊ အမျိုးသမီးနဲ့ ကလေးတွေကို ကာကွယ်ပေးနိုင်ပြီး အသက်ရှည်မှု အခွင့်အရေးတွေ ပိုရတယ်။ ဒါကြောင့် ကြင်နာမှုရအောင် အသက်အရွယ်ကွာခြားမှုကို ရွေးတယ်။ အသက်ကြီးတဲ့ အမျိုးသားတွေက အသက်ငယ်တဲ့ အမျိုးသမီးတွေကို ရွေးချယ်တယ်။

တစ်ခါ အသက်ကြီးတဲ့ အမျိုးသမီးကလည်း ငယ်တဲ့ အမျိုးသား ပြန်ရွေးပြန်ရော။ ဒီလိုရွေးချယ်တာကို ကြည့်ရင် တချို့စုံတွဲ

* The greatest pleasure is love.

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ အိမ်ထောင်သက် သက်တမ်းရှည်ပြီး တချို့က သက်တမ်းတိုတယ်။ ပုံသေတော့ ပြောလို့မရနိုင်ဘူး။

**မောင်အတ္တ** ။ ။ ဒါကြောင့် ပြောနေတာပေါ့။ "သွားမပါရင် နေပါစေ၊ ကားပါရင် ပြီးရော" လို့ ပြောနေကြတာပေါ့နော်။

**ဒေါက်တာနီး** ။ ။ ဒါပေါ့။ သွားမရှိတော့ဘူးဆိုရင် အိုစာသွားပြီ။ ဆံပင်ဖြူ ခါးကုန်းလို့ သတ်မှတ်တယ်။ ဒီတော့ သူသေရင် အမွေရမယ်။ ပြီးတော့ ချစ်တဲ့သူနဲ့ ယူမယ်ပေါ့။ ဒါက ရှားပါတယ်လေ။ ဘာလို့လဲဆိုတော့ "မချစ်မနှစ်သက်သောသူနဲ့ နေရခြင်းဟာဒုက္ခ၊ ချစ်သောသူနဲ့ ကွေကွင်းခြင်းသည်လည်း ဒုက္ခ" လို့ ပြောကြတာကိုး။ လူတိုင်းတော့ ဒီလိုအတွေးနဲ့ အိမ်ထောင်မပြုချင်ကြပါဘူး။

**မောင်အတ္တ** ။ ။ ကျွန်တော် ကြားဖူးတာ ရှိတယ်ဆရာ။ ကောင်မလေးက အသက် ၂၀ ပဲ ရှိသေးတယ်။ ဆင်းရဲတယ်။

အမေပဲရှိတယ်။ ကလေးက လေးယောက်။ ဒီ ကလေးမက ရှာကျွေးနေရတယ်။ သူ အလုပ်လုပ်တော့ Beauty Salon မှာပေါ့။ တစ်နေ့ကျတော့ အဘိုးကြီး ခေါင်းလာလျှော်တာပေါ့နော်။ အသက်က ၆၀ ရှိပြီ။ မိန်းမက သေသွားပြီတဲ့၊ ချမ်းသာတယ်။ သားနဲ့သမီး နှစ်ယောက်ရှိတယ်။ နိုင်ငံခြားမှာတဲ့။ တစ်ယောက်တည်းပေါ့။ ဒီတော့ ကလေးမလေးက ချောချော၊ သနားစရာဆိုတော့ အဘိုးကြီးက သဘောကျသွားတယ်။ နေ့တိုင်း ဆံပင်မရှိတဲ့ခေါင်းကို လျှော်နေတာပေါ့လေ။

နောက်ဆုံး အဘိုးကြီးက ရည်းစားစကား ပြောမနေတော့ဘူး။ တစ်ခါတည်း ပြောလိုက်တယ်။ သမီး အဆင်ပြေမယ်ဆိုရင် သမီးဘဝကို အဆင်ပြေအောင် ဦး တာဝန်ယူချင်တယ်တဲ့။ ကလေးမလေးကလည်း အိမ်တွင်းရေးက အဆင်မပြေ၊ စိတ်က ညစ်နေ၊ အဘိုးကြီးက သဘောကောင်း၊ လိုအပ်တာ ဝယ်ပေးဆိုတော့ ချစ်တာ၊ မချစ်တာ မသိဘူး။ စိတ်တော့ဝင်စားတာပေါ့။





ဒီတော့ ကလေးမလေးက ၁၀ ရက် အချိန်ပေးခိုင်းတယ်။ အဘိုးကြီးကလည်း လက်ခံတယ်။ ၁၀ ရက်ပြည့်တော့ ကလေးမလေးက သဘောတူတယ်။ အိမ်ကိုလည်း ဖွင့်ပြောပြီးပြီပေါ့နော်။ အားလုံး စီစဉ်ပြီးလို့ အောင်မြင်သွားပြီပေါ့။ ဒါပေမဲ့ အဘိုးကြီးက တစ်ခုပဲ တောင်းဆိုတယ်။ ကလေးမလေးကလည်း ထွေထွေထူးထူး မဟုတ်လောက်ဘူးဆိုပြီး



* There is no remedy for love.

www.burmeseclassic.com



ခေါင်းညိတ်လိုက်တော့ အဘိုးကြီးက ဘာပြောသလဲဆိုရင် မင်္ဂလာဆောင်တဲ့နေ့ကစပြီးတော့ "ဘာဘလို့ မခေါ်ပါနဲ့၊ မောင်လို့ ခေါ်ပေးပါလား" တဲ့။ အဲဒါမှ ခွကျတော့တာ။

ကလေးမကလည်း နှုတ်ကျိုးနေပြီ။ အစမ်းခေါ်ကြည့်ပြီး မျက်စိထဲမှာ ပုံဖော်ကြည့်တယ်။ သူ့အဖေထက် ကြီးနေသူကို "မောင်" တဲ့... "မောင်" အို... ဘယ်လိုမှ ခေါ်မရဘူး။ ဒါနဲ့ပဲ သူ တစ်ဆက်တည်း ညအတွက်ပါ တွေးစဉ်းစားကြည့်တော့မှ ကျောချမ်းလာတော့တယ်။

နောက်နေ့ကျ အဘိုးကြီးလာတော့ ကလေးမလေးက အစီအစဉ်ဖျက်ချင်တယ်၊ မလိုက်နာနိုင်တော့ဘူး၊ မချမ်းသာချင်တော့ဘူးလို့ ပြောလိုက်တယ်။ နောက်နေ့ အဘိုးကြီးလည်း ပေါ်မလာတော့ဘူးတဲ့။

**ဒေါက်တာနီး ။** ။ မင်းကလည်း ပေါက်တီးပေါက်ရှာကွာ။ စိတ်ဝင်စားဖို့တော့ ကောင်းသားပဲ။ အဲ... စတုတ္ထမြောက်ကတော့ ကတိပေါ့။ အမျိုးသမီးတွေက ကတိကို တန်ဖိုးထားတယ်။ အမျိုးသားတစ်ယောက်ကလည်း အမျိုးသမီးတစ်ယောက်ရဲ့ နှလုံးသားကိုကြာရှည်စွာ ပိုင်ဆိုင်ရဖို့ သူတို့ကတိပြုတဲ့ အထိမ်းအမှတ်နဲ့ လက်ထပ်လက်စွပ် လုပ်ကြတယ်။ လက်စွပ်ကဈေးကြီးလေ အမျိုးသမီးတွေအပေါ် တန်ဖိုးထားလေ၊ ချစ်လေပေါ့။ ဆင်းရဲနေရင်တော့ ချစ်ခြင်းအတွက် ရွှေငွေးရောင်းချပြီး လက်ထပ်လက်စွပ်ကိုဝယ်ပြီး တတ်နိုင်သလောက် ပေးကြတယ်။ အမျိုးသမီးတွေကလည်း လက်ထပ်လက်စွပ်ကိုပဲ တသသကြည့်ကြတယ်။

အမျိုးသမီးတစ်ယောက်က လက်ထပ်လက်စွပ်ရပြီးပြီဆိုရင် သူဟာ နေ့တိုင်း ပုံမှန်ကြည့်ဖြစ်ရင် သူ့မှာ အမျိုးသားတစ်ယောက် ပေးထားတဲ့ ကတိကို သတိပေးသလို ဖြစ်နေတာပါပဲ။ ဒါကြောင့် ကတိဆိုတာ အမျိုးသမီးတွေအတွက် လိုအပ်နေတဲ့အရာပါပဲ။ ဒါတောင် ဒီကတိတွေဟာ ပျက်ပြယ်သွားရင် လက်ထပ်လက်စွပ်ပေးထားတာကို လွှင့်ပစ်လိုက်တော့တာပဲ။ ဒါလည်း ပုံသေမဟုတ်ဘူးပေါ့။





**မောင်အတ္တ ။** ။ အနောက်တိုင်းမှာတော့ လက်ထပ်လက်စွပ်ကို ဦးစားပေးတယ်။ ကိုရီးယားကားကြည့်ရင်လည်း တွေ့တွေ့နေတာပဲ။

**ဒေါက်တာနီး ။** ။ အေး ပဉ္စမအချက်က ပညာအရည်အချင်းနဲ့ ဖြတ်ထိုးညာတာပဲ။ အမျိုးသမီးတွေက ဒီအချက်တွေရှိရင် ထွေပိုရှာနိုင်တဲ့လူလို့ သတ်မှတ်တယ်၊ ပညာအရည်အချင်းမြင့်လေ၊ ရာထူးမြင့်မြင့်ရနိုင်လေလို့ မှန်းတယ်။ ဒီတော့ ဒီခေတ်အမျိုးသမီးတွေကလည်း ဒီလိုအမျိုးသားတွေကို ဆွဲဆောင်မှုရှိအောင် လုပ်ရတော့တာပဲ။ အရင်တုန်းက အိမ်ထောင်ကျတာဟာ သေတစ်ပန် သက်တစ်ဆုံးပဲလို့ အဓိပ္ပာယ်ပေါက်ပြီးသား။ နောက်ပြီး အိမ်ထောင်စု ကြီးမားတယ်။ ဒီနေ့ခေတ်မှာ ဘာအာမခံချက်မှ မရှိတော့ဘူး။ ကွာသွားပြီလေ။

တစ်ခုတော့ရှိတယ်။ အမျိုးသမီးတွေဟာ သန်းပေါင်းများစွာချမ်းသာတယ်ဆိုပြီး လိုချင်တယ်လို့ထင်ရင် မှားသွားလိမ့်မယ်။ ဒီလူတွေက လောင်းကစားသမား၊ မတရားတာတွေ လုပ်တဲ့သူဆိုရင်တော့ ချမ်းသာသေမယ့် အကြိုက်ကြပါဘူး။ အရင်ခေတ်က အမျိုးသမီးတွေဟာ ရွေးချယ်စရာနည်းတယ်။ ၂၀ ရာစု အမျိုးသမီးတွေအတွက် ရွေးစရာ များနေပြီ။ ဒါတောင် ယောကျ်ားတွေရဲ့ မိန်းမတွေအပေါ် ဆွဲဆောင်တဲ့အချက်တွေရှိသေးတယ်။

**မောင်အတ္တ ။** ။ ဘာတွေလဲ ဆရာ။ လုပ်ပြီ ဆရာကလည်း ကောင်းခန်းဆို ကိုရီးယားကား ကျနေတာပဲ။ ဆက်သိချင်တာပေါ့။

* Love is just another chemical imbalance.

www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသားတွေ လိုချင်တာ...

**ဒေါက်တာနီး ။** ။ ပြောရဦးမယ်ကွာ။ အမျိုးသားတစ်ယောက်က သူ့မိန်းမကို သူသိပ်ချစ်တာ။ စကားဝိုင်းမှာ ပြောရင်တောင် သူ့မိန်းမအကြောင်း မပါရင်မပြီးဘူး။ စားသောက်လို့ပြီးရင်တောင် မိန်းမက ဒီအကြော်ကို သိပ်ကြိုက်တာပေါ့လေ။ အမျိုးသမီးက ရုတ်တရက် ကားတိုက်ပြီး ဆုံးသွားတယ်။ အဲဒီနေ့မှာပဲ အမျိုးသားက သူ့မိန်းမကို ချစ်လွန်းလို့ ကာရာအိုကေမှာသွားပြီး အရက်သောက်တယ်၊ ဆိုတဲ့ သီချင်းကလည်း "မေအိပ်တဲ့ အုတ်ဂူလေးဝယ်၊ မောင် ထီးကလေးမိုးကာပေးပါ့မယ်" ဒီတော့ သူများတွေက ပြောတာပေါ့။ မင်းမိန်းမကို ချစ်တယ်ဆိုဘာလို့သေတဲ့နေ့မှာပဲ ကောင်မလေးနားမှာ သွားနေတာလဲပေါ့။

ဒီတော့ သူကဘာပြန်ပြောသလဲဆိုတော့ "ဟုတ်တယ်။ ငါ့မိန်းမကို ချစ်လွန်းလို့။ ငါ့မိန်းမအနားမှာ ရှိနေတယ်လို့ ခံစားချင်လို့တဲ့။ ဒီတော့ ယောကျ်ားဆိုတာ ဒီလိုလား။ ချစ်လှပါချည့်ရဲ့ပေါ့၊ ဒီလို အလားတူတွေလည်း အများကြီးပါပဲ၊ ချစ်တော့ချစ်ပေမယ့် မရှိတော့လည်း ယောကျ်ားတွေဟာ အစားထိုးပျော်ကြတာပဲလေ။ အဲ လူတိုင်းကိုတော့ မပြောဘူးနော်။

**မောင်အဂ္ဂာ ။** ။ ဆရာ... ကျွန်တော် သိချင်တာက အဲဒါမဟုတ်ဘူးလေ။ အာစရိ ဝေးသွားပြန်ပြီ။ အမျိုးသမီးတွေကို ဆွဲဆောင်နိုင်တဲ့အချက်တွေကို သိချင်တာ။ ဒါ ပွိုင့် (Point) လေ။ အသုံးဝင်တာပဲ သိချင်တယ်။







**ဒေါက်တာနီး ။** ။ အေးပါကွာ၊ ငါပြောပါ့မယ်။ ငါလည်း ယောကျ်ားတွေရဲ့ တချို့ တချို့သော အခြေအနေလေးတွေ။ ပထမတစ်ချက်ကကွာ အမျိုးသမီးတွေက အမျိုးသားတွေဟာ သူတို့တိုပျော်အောင် (ရယ်မောအောင်) လုပ်ပေးနိုင်ရင် သဘောကျတာပဲ။

* A man fall in love through his eyes, a woman through her ears.

www.burmeseclassic.com



**မောင်အတ္တ** ။ ။ ဒါက ဘယ်လိုဆက်စပ်တာလဲ။ ဒါလောက်တော့ လုပ်နိုင်မှာပါ။

**ဒေါက်တာနိုး** ။ ။ အေး... အမျိုးသားတွေကလည်း သူတို့ကြိုက်တဲ့ အမျိုးသမီးတွေအတွက်ဆို ကြိုးစားကြတယ်ကွာ။

ဒီလို ရယ်မောအောင် လုပ်ပေးနိုင်ရင် အမျိုးသမီးတွေရဲ့ ဦးနှောက်က ခန္ဓာကိုယ် အန်ဒေါ်ဖင် (Endorphins) တွေ ထုတ်ပေးတယ်ကွာ။ အန်ဒေါ်ဖင်ဆိုတာကလည်း မော်ဖင်းနဲ့ ဖွဲ့စည်းပုံတူတဲ့ ဓာတုဗေဒပစ္စည်းပဲ။ မော်ဖင်းတော့ သိမှာပေါ့နော်။ အေး... အဲဒီ အန်ဒေါ်ဖင်က အမျိုးသမီးတွေအတွက် နွေးထွေးမှုတွေ၊ ခံစားမှုတွေ ဖြစ်စေကယ်ကွ။

ဒီတော့ မင်းလည်း မင်းကြိုက်တဲ့သူကို ရယ်မောအောင် ပျော်အောင်လုပ်ပေး၊ စိတ်မညစ်စေနဲ့။ ဒါဆိုရင် မင်း "မကျမ်း" ကျေပြီ။ နောက်ပြီး အန်ဒေါ်ဖင်ဆိုတာက ခန္ဓာကိုယ်ရဲ့ သဘာဝနာကျင်ကိုက်ခဲမှု ပျောက်စေနိုင်တဲ့အရာပဲ။ ဒီတော့ သူတို့ဘဝရဲ့ စိတ်ညစ်စရာတွေ၊ နာကျင်ခံစားရတဲ့ဒုက္ခတွေ ပြေပျောက်စေတယ်။ နောက်ပြီး ကိုယ်ခံစွမ်းအားတွေ တက်စေနိုင်တယ်။ ဒီတော့ ရောဂါကို ကာကွယ်စေနိုင်တာပေါ့ကွာ။

ဒါကြောင့် တချို့အမျိုးသမီးတွေ ဘဝမှာ ရုန်းကန်လှုပ်ရှားရတဲ့ ဖိစီးမှုတွေ၊ စိတ်ညစ်စရာတွေများနေတဲ့အခါ အနားမှာရှိတဲ့ အမျိုးသားက ရယ်မောအောင် လုပ်ပေးနိုင်ရင် အသားကမည်းမည်း၊ သွားကခေါခေါ၊ ဝက်ခြံဗရပျစ်၊ အရုပ်ပုပုနဲ့ ရှိနေရင်တောင် ခင်မင်မှုတွေ၊ အားကိုးမှုတွေ ဖြစ်ပွားတာဟာ အမျိုးသမီးတွေရဲ့အားနည်းချက်ပဲ။ ဒီတော့ တချို့ အရွယ်မရောက်တဲ့ ကလေး ၁၇-၁၈ နှစ်အရွယ်တွေဆိုရင် အိမ်နဲ့ အဆင်မပြေလို့ အပြင်ရောက်သွားရင် လှုံ့ဆွဲသွင်းခံရတာဟာ ဘဝခဏတာမှာ အရာအားလုံး မေ့ပျောက်သွားတာကိုး။ အသိတရား၊ ဆင်ခြင်တုံတရား မရှိတော့ဘူးလေ။

သိပ္ပံအရပြောရရင် ရယ်မောနေသူတွေဟာ ကော်တီဆော (Cortisol) လို ဖိစီးမှု ဟော်မုန်းတွေ လျော့ကျစေတယ်ကွာ။ ဒီတော့





အကြောင်းနဲ့အကျိုး ဆက်စပ်တယ်နော်။ ဒီတော့ကွာ ဖိစီးမှုမရှိတော့တဲ့အခါ သွေးတိုးလည်း ကျလာတယ်။ တစ်ခါ နှလုံးရောဂါ ဖြစ်နိုင်ခြေလည်းနည်းလာတယ်။ ဒီတော့ကွာ ဖိစီးမှုမရှိတော့တဲ့အခါ သွေးတိုးလည်းကျလာတယ်။ တစ်ခါ နှလုံးရောဂါ ဖြစ်နိုင်ခြေလည်း နည်းလာတယ်။ ဒီတော့ ကော်တီဆောတွေ မြင့်လာပြီဆိုရင် ကိုယ်ခံအားကျလာပြန်ရော။ အဲဒါရဲ့ နောက်ဆက်တွဲကတော့ ခန္ဓာကိုယ် ကျန်းမာရေး ချို့တဲ့လာရောကွာ။ ဒါကြောင့်လည်း ပြောတာပေါ့ကွာ။ "ရယ်သော်သူ၊ အသက်ရှည်၏"၊ "ရယ်မောခြင်းဟာ အကောင်းဆုံးဆေး" ဆိုတာပေါ့။

**မောင်အတ္တ** ။ ။ ဒါဆိုရင် အမျိုးသမီးတွေပျော်အောင် ဘယ်လိုလုပ်ပေးရမလဲ။

**ဒေါက်တာနိုး** ။ ။ ဟ... ဒါက မင်းအပေါ် မူတည်တာပေါ့ကွာ။ လူတိုင်း တစ်ပုံစံတည်း လုပ်လို့မရဘူး။ မင်းတွေ့တဲ့ အမျိုးသမီးကို မင်းက ရယ်အောင်လုပ်တာ သူ့အတွက် ဝမ်းနည်းစရာဖြစ်ရင် ဟတ် (Heart) ထိရော။ ဒါက မင်းအတတ်ပညာလေ။ ငှက်ပျောသီးစားရမယ်လို့ ပြောပြီးရင် မင်းက ဘယ်လိုစားရမလဲ ပြန်မမေးနဲ့တော့လေ။

**မောင်အတ္တ** ။ ။ ဒါတော့ ဒါပေါ့ ဆရာရယ်။ ကျွန်တော်တို့က တစ်ခါတည်း အခွံနွှာပြီး အလုံးလိုက် စားချင်သလိုမျိုး သိချင်တာပေါ့။

**ဒေါက်တာနိုး** ။ ။ ဒါဆိုလည်းကွာ။ ငါ နမူနာပြောပြမယ်။ ဟာသ လုပ်တတ်တဲ့ လူရွှင်တော်တွေအနားမှာ အမျိုးသမီးတွေ ဝိုင်းနေသင့်တာပေါ့။ တကယ်တန်းကျတော့ မင်းသားနားမှာ နေချင်ကြတာ။ ဒီတော့ "မကျမ်း" ကျေဖို့ အားစိုက်ပေါ့။

**မောင်အတ္တ** ။ ။ ဒုတိယတစ်ချက်ကကော...

**ဒေါက်တာနိုး** ။ ။ အမျိုးသမီးတွေအတွက် ပြောလို့ဆိုလို့ကောင်းတဲ့ အမျိုးသားဖြစ်နေရင် ဆွဲဆောင်မှု ရှိတယ်ကွ။

---

* All, everything that I understand. I understand only because I love you.

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



**မောင်အတ္တ** ။ ။ ဒါလည်း ခက်တာမှ မဟုတ်တာ။

**ဒေါက်တာနီး** ။ ။ မင်း လေကြီးတာပဲ။ လွယ်မလားကွ။ အမျိုးသမီးတွေများ အအကျနေတာပဲ မင်းပြောတာက။ အမျိုးသမီးတွေမှာ ခံစားချက်ဝေဒနာတွေ၊ အဆင်မပြေတာတွေ၊ ပြဿနာတွေကို ပြောပြချင်ကြတယ်။ အဲ ပြောပြရင် မိဘက နားထောင်မပေးဘူး။ ဒီတော့ နားထောင်ပေးပြီး ဘာမှမစွက်ဖက်ဘဲနဲ့ ပြဿနာကို ရှင်းပေးနိုင်တဲ့သူကို အထင်ကြီးပြီး သဘောကျတာကွ။

မင်းပြောသလို ပြောတတ်ရုံနဲ့ မရဘူး။ သူ့အပေါ်မှာ ကြင်နာမှု၊ နွေးထွေးမှုနဲ့ ဖြေသိမ့်ပေးမယ်၊ နားထောင်ပေးမယ်၊ အမှားအမှန် ဆုံးဖြတ်ပေးမယ်ဆိုရင် မင်းဟာ သူ့ဘဝအတွက် အားကိုးပြီး အထင်ကြီးရသူ ဖြစ်နေပြီ။ အဲဒီအထဲမှာ ပါပြီးသား။ သူ့ပြဿနာကို သူ သဘောကျတဲ့ဖြေရှင်းနည်းကို ပေးနိုင်ရမှာကွ။ မင်းပေးတဲ့ အကြံဉာဏ်က သူသိသလောက်တောင်မသိ။ မဖြေရှင်းနိုင်ရင် မင်းကို သာမန်အဆင့်ပဲ ထားမယ်။ မင်းက အမျိုးသမီးတွေများ လျှော့တွက်ထားသကိုးကွ။

**မောင်အတ္တ** ။ ။ **တတိယအချက်ကတော့...**

**ဒေါက်တာနီး** ။ ။ အမျိုးသမီးတွေအတွက် နောက်ဆွဲဆောင်နိုင်တာကတော့ ချက်ပြုတ်တတ်တဲ့ အမျိုးသားတွေပဲတဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက အမျိုးသားတွေဟာ အစာကို ရှာဖွေကျွေးမွေးထားခဲ့တာပဲ။ ခုလို ၂၀ ရာစုနှစ်ရောက်တော့လည်း အမျိုးသမီးတွေက သူတို့ကို ချက်ပြုတ်ကျွေးတာ သိပ်သဘောကျဆိုပဲ။

**မောင်အတ္တ** ။ ။ ဆရာရယ်... လူတိုင်းကတော့ အရန်သင့်စားချင်ကြတာပဲဟာ။

**ဒေါက်တာနီး** ။ ။ ဒါတော့ ဒါပေါ့ကွာ။ **စတုတ္ထအချက်က** အမျိုးသမီးတွေအတွက် ဆွဲဆောင်မှုရှိတာက ကတတ်တဲ့ အမျိုးသားတွေတဲ့။ အင်း... ဒါကတော့ ဗိုလ်ဗမာ အမျိုးသားတွေနဲ့ တခြားစီ





ပေါ့ကွာ။ ဇာတ်မင်းသားတွေအနားမှာ **အမျိုးသမီးဝိုင်းနေတာတော့ အမှန်**ပဲလေ။ သူတို့အဆိုအရပေါ့ကွာ။ ဒီလိုတွဲကတဲ့အခါ **တစ်ယောက်ကို တစ်**ယောက်ကြည့်ပြီး ကရတာ မှန်လိုပဲ။ တစ်ဦးရဲ့ လှုပ်ရှားမှုအတိုင်း လိုက်လုပ်ရတာလေ။ နောက်ပြီး တချို့တိရစ္ဆာန်တွေလည်း သူတို့ မိတ် (mate) မလိုက်ခင်မှာ ဒီလိုအပြုအမူမျိုး ရှိတယ်တဲ့။

**မောင်အတ္တ** ။ ။ ဒါတော့ မပြောတတ်တော့ဘူး။

**ဒေါက်တာနီး** ။ ။ **ပဉ္စမအချက်ကတော့** အမျိုးသမီးတွေဟာ အမျိုးသားတွေဆီက လုံခြုံမှုရှိတယ်ဆိုတဲ့ ခံစားချက်ဟာ ဆွဲဆောင်မှုပဲတဲ့။ အမျိုးသမီးတွေရဲ့ ခံစားချက်ကတော့ သူတို့ရဲ့ ပုံပန်းသဏ္ဌာန်၊ ငွေကြေးသုံးစွဲမှုနဲ့ ချစ်သလား၊ မချစ်ဘူးလားဆိုတဲ့ ယုံမှားသံသယပဲ။ ဒါကြောင့် အမျိုးသမီးတွေက သူတို့ကို လှလိုက်တာ၊ အနံ့ကလည်း မွှေးနေတာပဲ၊ အထိအတွေ့ကလည်း နူးညံ့တာပဲဆိုတာ ကြားချင်ကြတယ်။ ဒါလည်း တချို့အမျိုးသမီးတွေအတွက်ကျတော့လည်း ကြားရခန်များတော့ တန်ဖိုးတောင် မထားချင်ကြပြန်ဘူးလေ။

နောက်ပြီး ဆံပင်ပြင်ထားရင်၊ အလှပြင်ထားရင် သတိပြုစေချင်တာ။ ဒါပေမဲ့ အမျိုးသားတွေကလည်း တစ်ခါတလေ အမှုမဲ့၊ အမှတ်မဲ့ပေါ့။ ဒါလေးတွေကအစ သိတတ်ရတယ်လေ။

**မောင်အတ္တ** ။ ။ အမျိုးသမီးတစ်ယောက်ကို ဆွဲဆောင်မှုရှိအောင် လုပ်ရတာလည်း မလွယ်ပါလား။

**ဒေါက်တာနီး** ။ ။ **ဆဋ္ဌမအချက်ကတော့**ကွာ အမျိုးသားတွေ ကလေးတွေကို ချစ်ခင်တာက အမျိုးသမီးတစ်ယောက် ဆွဲဆောင်မှုရှိစေတာပဲ။ အမျိုးသားတိုင်းက ကလေးကို မချစ်ကြဘူးလေ။ ချစ်တယ်ဆိုရင်လည်း ကလေးနဲ့အတူ ဘောလုံးကစားတာ၊ အိပ်ရာဝင် ပုံပြောပြတာတွေက အမျိုးသမီးတွေအတွက် အမျိုးသားကိုကြည့်ပြီး ပီတိဖြစ်စရာတွေပါ။

* Love is the best feeling in the world, but when it ends.... it's the worst.

www.burmeseclassic.com

www.burmeseclassic.com



**မောင်အတ္တ ။ ။** ဒါကတော့ ကိုယ်မွေးတဲ့ကလေးကို ချစ်ရမှာပေါ့။

**ဒေါက်တာနီး ။ ။** သဘ္ဘာဝအချက်ကတော့ အမျိုးသမီးတွေက ကျန်းမာသန့်စွမ်းတဲ့ အမျိုးသားပုံစံတွေကိုပဲ နှစ်သက်ကြတယ်။

ဘာလို့လဲဆိုတော့ –

နံပါတ်တစ်က မကျန်းမာရင် စောစောသေမယ်။ သူတို့ရဲ့ ပိုင်ဆိုင်မှုတွေ နည်းသွားမယ်။ အားကိုးစရာ မရှိတော့ဘူးပေါ့။

> အမျိုးသမီးတွေက ကျန်းမာသန့်စွမ်းတဲ့
> အမျိုးသားပုံစံတွေကိုပဲ နှစ်သက်ကြတယ်။ ဘာလို့လဲဆိုတော့
> နံပါတ်တစ်က မကျန်းမာရင် စောစောသေမယ်။
> သူတို့ရဲ့ပိုင်ဆိုင်မှုတွေ နည်းသွားမယ်။
> အားကိုးစရာမရှိတော့ဘူးပေါ့...

နံပါတ်နှစ်က အမျိုးသားက မကျန်းမာဘူးဆိုရင် ပါလာတဲ့ ရောဂါတွေကူးမှာ။ ကလေးအတွက်ပါ ထိခိုက်နိုင်တာပေါ့။ ကျန်းမာတဲ့ အမျိုးသားတစ်ယောက်ဟာ ကျန်းမာတဲ့ကလေးကို မွေးနိုင်တာ တစ်ဝက်ကတော့ မှန်နေတာပဲလေ။ ကျန်းမာရေးကောင်းတာကိုလည်း ကောင်းမွန်တဲ့ ရုပ်ပိုင်းဆိုင်ရာ၊ အသားအရည်စိုပြည်တာ၊ သန်စွမ်းကြံ့ခိုင်တာတွေကိုပဲ ကြည့်တာ။

**မောင်အတ္တ ။ ။** ဒီတော့ မိန်းမမယူခင် ချက်ပြုတ်နည်းသင်တန်းတက်၊ ခန္ဓာကိုယ် သန့်စွမ်းအောင် လေ့ကျင့်ခန်း လုပ်ရတော့မှာပေါ့နော်။





**ဒေါက်တာနီး ။ ။** အမျိုးသမီးတွေကလည်း သူတို့ကို ဖွဲ့ဆောင်နိုင်မယ့် အမျိုးသားတွေဆီက သူတို့လိုချင်တာရဖို့အတွက် စိတ်ကူးယဉ်ပြီး ဘဝကို တည်ဆောက်နေကြတာပါ။ တကယ်တမ်းကျတော့ ကံဆိုးချင်တာပဲ ပြောရမှာပေါ့။ သူတို့တစ်တွေဟာ ရည်ရွယ်ချက်မရှိတဲ့ အမျိုးသားတွေပဲ မြင်တွေ့နေရတယ်လေ။ တချို့ အမျိုးသမီးတွေရဲ့ဘဝ




* How do I know when it's love? I can't tell you, but it lasts forever.

www.burmeseclassic.com

www.burmeseclassic.com



ဟာ ပျင်းရိပြီး အလုပ်မရှိ၊ ရည်ရွယ်ချက်မရှိတဲ့ အမျိုးသားတွေနဲ့ပဲ စခန်းသွားရတာပဲ။

**မောင်အတ္တ** ။ ။ ဒါတော့ ဟုတ်တယ်ဆရာ။ တချို့က လူကလည်းလှ၊ ပညာကလည်း တတ်၊ ဒါပေမဲ့ ရတဲ့ယောက်ျားကျတော့ တခြားစီနော်။ ကံကိုပဲ ပုံချရတော့မလိုပဲ။ ရေပတ်လည် ဝန်းရံနေတာကို ကျွန်းလို့ခေါ်တယ်။ အဲ အမျိုးသားတွေ ဝိုင်းအုံနေတဲ့ အမျိုးသမီးကျ ဘယ်လိုခေါ်မလဲ မသိဘူး။ ကျောင်းသွားရင် ဒီအမျိုးသမီးကိုပဲ နောက်ကနေ စာလိုက်ပေးလိုက်၊ လိုက်စကား ပြောခံလိုက်နဲ့ ရုပ်ကလည်းချော၊ ကိုယ်လုံးကလည်း လှ၊ အရပ်ကလည်း ရှည်၊ အသားကလည်း ဖြူ၊ ဘွဲ့ရပါပဲ၊ ဒါပေမဲ့ တကယ်ရွေးချယ်ရမယ့် အချိန်ကျ အနားမှာ တစ်ယောက်မှ မရှိပြန်ဘူး။ အပျိုကြီးဇာတာ ပါလာရင် ရုပ်ဆိုးတာ၊ ရုပ်လှတာနဲ့တော့ မဆိုင်ဘူး။ အပျိုကြီးက အပျိုကြီးပဲ။ ဒီတော့ ဘယ်လိုလုပ်မလဲ။

**ဒေါက်တာနီး** ။ ။ ဒါကြောင့် တချို့ အမျိုးသမီးက အဖြစ်မခံဘူး။ လည်တယ်၊ ဘဝအတွက် ရေရှည်စီမံကိန်းတွေ ရှိတယ်။ တော်ရုံတန်ရုံလည်း မမှန်းဘူးလေ။ အေး... အမျိုးသမီးတွေ လိုချင်တာလေးပြီးတော့ အမျိုးသားတွေ လိုချင်တာလေးတွေ ပြောရအောင်။

**မောင်အတ္တ** ။ ။ ဆရာရယ်။ အမျိုးသားကတော့ အချင်းချင်းပဲ။ လိုချင်တာသိပြီးသားပဲ။ ဘာပြောစရာ လိုသေးလဲ။

**ဒေါက်တာနီး** ။ ။ မင်းသိပြီးရင်လည်း ပြောလေ။ ဘာတွေလဲဆိုတာ ငါ ထပ်သိရတာပေါ့။

**မောင်အတ္တ** ။ ။ အဲလိုကြီးတော့ မပြောတတ်ဘူးလေ။ ချောရင် သဘောကျတယ်လို့ ထင်တာပဲ။

**ဒေါက်တာနီး** ။ ။ သီအိုရီဆန်ဆန် ပြောရင်တော့ကွာ။ အမျိုးသားအများစုကတော့ အမျိုးသမီးတွေ ဘာတွေ ဘယ်လောက် ဝန်ဆောင်မှုပေးနိုင်သလဲဆိုတာပဲ အခြေခံပြီး ကြည့်တာပဲကွ။





**မောင်အတ္တ** ။ ။ အင်း သီအိုရီဆန်လို့လားမသိဘူး။ မြန်လွန်းသွားပြီ။

**ဒေါက်တာနီး** ။ ။ အမျိုးသမီးတွေက ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုလိုတယ်။ အဲ အမျိုးသားတွေက ဝန်ဆောင်မှုကို လိုတယ်ကွာ။ ဒီတော့ ဒါတွေရဲ့ ဆက်စပ်မှုကိုကြည့်မယ်ဆိုရင် စီးပွားရေးစကားအရပေါ့။ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုလဲလှယ်တဲ့ ဆက်နွှယ်မှုအခြေခံပဲကွာ။ အမျိုးသားတွေ လိုချင်တဲ့ ဝန်ဆောင်မှုဆိုတာက ချက်တတ် ပြုတ်တတ်တာ၊ အိမ်တွင်းမှုစီမံခန့်ခွဲနိုင်တာ၊ ကလေးတွေကို ထိန်းနိုင်တာ၊ နောက်ပြီး အရေးကြီးတဲ့ လိင်ပိုင်းဆိုင်ရာ သာယာမှုတွေကို ပေးစွမ်းနိုင်တာတွေပေါ့။ အမျိုးသားတွေရဲ့ စိတ်ဝင်စားမှုဆိုတာ ဝန်ဆောင်မှုနဲ့ ရုပ်ပိုင်းဆိုင်ရာ အသွင်သဏ္ဍာန်ပါပဲ။

**မောင်အတ္တ** ။ ။ ဆရာ ဒါပဲလား။ အမျိုးသမီးတွေ လိုချင်တာတွေ မရှိဘူးလား။

**ဒေါက်တာနီး** ။ ။ အေး အဲဒီလိုပြောမယ်ဆိုရင်တော့ ရှင်းရှင်းလေးပဲ။ အမျိုးသားတွေက အမျိုးသမီးတွေဆီကနေ အမြဲတမ်း လိုချင်တာကတော့ –

1. Sex
2. ဝန်ဆောင်မှု (အစားအစာ၊ အဝတ်အထည်၊ မိခင်ပီသမှု)
3. အချစ်ခံရဖို့ (ချစ်ရရင်လည်း တစ်ယောက်တည်းပဲ)
4. တစ်ခါတလေ ဝေးဝေးမှာ နေချင်တာတွေပဲပေါ့ကွာ။

**မောင်အတ္တ** ။ ။ အင်း ယောက်ျားတွေကလည်း သူတို့ရှုပ်ရင် ရာထောင်မကပေါ့။ သူတို့အမျိုးသမီးကျတော့ တစ်ယောက်တည်းပဲတဲ့။ အတော် အတ္တကြီးတာပေါ့နော်။

* Love conquers all.

www.burmeseclassic.com

www.burmeseclassic.com



**ဒေါက်တာနီး ။** ။ အေး အမျိုးသားတွေက ဘယ်လောက်ရှုပ်ရှုပ်၊ ဘာတွေလုပ်နေနေ၊ အချိန်တန်ရင် ချည်တိုင်ကိုပြန်တဲ့ နွားတွေလိုပဲတဲ့။ အိမ်မှာရှိတဲ့ အမျိုးသမီးကို ဘယ်တော့မှ မမေ့ဘူးတဲ့။ နောက်ပြီး အမျိုးသမီးတွေကျ အဲဒီလို မဟုတ်ဘူး၊ အကုန်လုံးမေ့သွားတာ။ "အစပထမတုန်းက ဘုရားသခင်က ကမ္ဘာကြီးကို ဖန်တီးတယ်။ ပြီးတော့ နားနားနေနေနေ လိုက်တယ်တဲ့။

နောက်တစ်ခါ ဘုရားသခင်က အမျိုးသားတွေကို ဖန်တီးတယ်တဲ့။ ဒါလည်းပဲ နားနားနေနေပဲတဲ့။ နောက်တစ်ခါ ဘုရားသခင်ကပဲ အမျိုးသမီးတွေ ဖန်တီးပြန်ရော။ အဲဒီကတည်းကစပြီး အမျိုးသားတွေ နေစရာတောင် မရှိတော့ဘူးတဲ့"

**မောင်အတ္တ ။** ။ အဲဒီလောက် ဆိုးသလား။

**ဒေါက်တာနီး ။** ။ ဆိုးတယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ။ အမျိုးသမီးတွေရဲ့ ဇီဇ သဘာဝကို ညွှန်းတာပေါ့။ အမျိုးသမီးတွေရဲ့ပါးစပ်က ဘယ်လောက် ဖွသလဲဆိုရင် ကြည့်။ Media သတင်းပြန့်ချင်ရင်တဲ့ –

1. Television
2. Telephone
3. Tell woman တဲ့။

TV၊ တယ်လီဖုန်းရယ် အမျိုးသမီးတွေ သိအောင် လုပ်လိုက်ရင် ပြောချင်တာ၊ သိစေချင်တာ အကုန်ပြန့်သွားပြီတဲ့။

**မောင်အတ္တ ။** ။ အတင်းပြောတတ်တာကို ဆိုလိုချင်တာလား။

**ဒေါက်တာနီး ။** ။ ဟော့ကောင်၊ အဲဒီလို မသုံးရဘူး။ မင်းကို ပိုင်းသမလိမ့်မယ်။



## ရွေးချယ်တဲ့ ပုံစံ

**ဒေါက်တာနီး ။** ။ အရင်တုန်းက အမျိုးသားတွေက ကလေးများများ မွေးနိုင်စွမ်းအားရှိတဲ့ အမျိုးသမီးတွေကို ရှေ့တန်းတင်တာပဲ။ အဲ ကလေးများများ မွေးနိုင်တယ်ဆိုတာ သွယ်ဝိုက်ပြောရရင် အသက်ငယ်ပြီး ကျန်းမာလို့ပဲလေ။

**မောင်အတ္တ ။** ။ ဟုတ်တယ် ဆရာရေ။ အရင်တုန်းက အိမ်တစ်အိမ်မှာ သားသမီးအနည်းဆုံးဆိုတာက ငါးယောက်ပဲ။ ဆယ်ယောက်အထက်တောင် ရှိကြသေးတာ။

**ဒေါက်တာနီး ။** ။ အေးပေါ့။ အမျိုးသမီးဆိုတာလည်း ငယ်လေ မွေးနိုင်လေပဲ။ အမွေးနိုင်ဆုံးအရွယ်က အသက် ၂၀ တဲ့။ ပုံမှန်မွေးနိုင်တာက ၃၀၊ အသက် ၄၀ ဆိုရင် မွေးနိုင်တာ လျော့သွားပြီ။ ၅၀ ဆိုရင် မွေးနိုင်ဖို့ မလွယ်ဘူး။ အများလက်ခံထားတဲ့ သဘောအရ အမျိုးသားတွေဟာ ပုံမှန်ဆိုရင် သူတို့ထက် နှစ်နှစ်ကနေ လေးနှစ်ငယ်တဲ့ အမျိုးသမီးတွေကိုပဲ ကြိုက်ကြတယ်။ အသက်ကြီးလာလေ၊ ငယ်တဲ့ အမျိုးသမီးတွေကို ပိုကြိုက်လာလေပဲ။

ပါမောက္ခကန်ရစ်နဲ့ ကီဖီးကတော့ အသက် ၂၀ ရှိတဲ့ အမျိုးသားတစ်ယောက်ဟာ ၁၈ နှစ် အမျိုးသမီး၊ အသက် ၃၅ ရှိတဲ့ အမျိုးသားကတော့ အသက် ၃၀ အရွယ် ရှိတဲ့ အမျိုးသမီးတွေကို

---

* A man can father a child every time he has sex and a woman can only mother a child every two years or so.

www.burmeseclassic.com






ကြိုက်တတ်ကြတယ်။ အသက် ၅၀ ကျော်ဝန်းကျင်ဆိုရင်တော့ ၂၀ အရွယ် ငယ်ငယ်လေးတွေကို ပိုကြိုက်လာတယ်လို့ ဆိုတာပဲ။

**မောင်အတ္တ** ။ ။ ဒါကြောင့် နွားအို မြက်နုကြိုက်လို့ ဆိုတာကိုး။

**ဒေါက်တာနိုး** ။ ။ ဘယ်လိုပဲပြောပြောပေါ့ကွာ။ တကယ်တမ်းကျ အမျိုးသားတွေအတွက် ရေရှည်စဉ်းစားကြမယ်ဆိုရင်





တော့ အမျိုးသမီးတစ်ယောက်ကို –

၁။ ရုပ်ရည်သန့်ပြန့်မှု၊
၂။ ဆွဲဆောင်မှုရှိမှု၊
၃။ ဉာဏ်ပညာရှိမှု၊
၄။ သွက်လက်ချက်ချာပျော်တတ်မှု၊
၅။ ကိုယ်လုံးလှပမှုတွေကို ရွေးပြီးကြည့်တယ်။

အဲ အမျိုးသမီးတွေကလည်း ဘယ်ရမလဲ။ သူတို့ကလည်း အမျိုးသားတစ်ယောက်ကို ရေရှည်လက်တွဲဖို့ဆိုရင် –

၁။ ရုပ်ရည်သန့်ပြန့်မှု၊
၂။ သွက်လက်ချက်ချာပျော်ရွှင်တတ်မှု၊
၃။ သိတတ်မှု၊
၄။ ဉာဏ်ပညာရှိမှု၊
၅။ ကိုယ်လုံးကိုယ်ထည်လှပမှုတွေ ကြည့်တာပဲ။

အမျိုးသားတစ်ယောက် ထုံထုံအအနဲ့ ပုညက်ညက်ဖြစ်နေရင် မစဉ်းစားကြဘူးလေ။ အရင်ခေတ်ကတော့ ဒီလိုသေသေချာချာ အစီအစဉ်တကျ ကြည့်မနေပါဘူး။ ဆွဲဆောင်မှုရှိပြီး စားသောက်ဖို့ ရှာဖွေနိုင်ရင် ပြီးတာပါပဲလေ။

**မောင်အတ္တ** ။ ။ ဒါတော့ ခေတ်မတူတော့ဘူးလေ။ အကုန်ပြောင်းလဲလာပြီကိုး။

**ဒေါက်တာနိုး** ။ ။ အေး အမျိုးသမီးတွေမသိတဲ့ အချက်တွေ ပြောရဦးမယ်။ အမျိုးသမီးတွေမှာ ဒီကဏ္ဍကို ပြောမယ်ဆိုရင် တစ်ခုပဲရှိတယ်။ အမျိုးသားတွေက နှစ်ခုရှိတယ်။ ဘာလဲဆိုတော့ အမျိုးသားတွေက အမျိုးသမီးတွေအပေါ်ကို ခုနပြောတဲ့ ရေရှည်ကြိုက်တာနဲ့ နောက်တစ်မျိုးပေါ့ကွာ၊ ရေတိုလို့ ဆိုရမှာပေါ့။

**မောင်အတ္တ** ။ ။ ရေတိုဆိုတာ ဘာလဲ ဆရာ။

* Men seek quantity. Women seek quality.

www.burmeseclassic.com

www.burmeseclassic.com



**ဒေါက်တာနီး ။** ။ ရေတိုဆိုတာက အမျိုးသမီးတွေကို ခဏတာတွဲလို့ ပြောရမှာပေါ့။ ခဏတာ တွဲတဲ့ အမျိုးသမီးအပေါ် မြင်တဲ့အမြင်က တစ်မျိုးကွ။ ငါးချက်ရှိတယ်။ "ရုပ်သန့်ဆွဲဆောင်၊ ကိုယ်တင်ရင်လှ" တဲ့။

၁။ ရုပ်ရည်သန့်ပြန့်မှုရှိတယ်။

၂။ ဆွဲဆောင်မှုရှိပြီး နှစ်လိုဖွယ်ကောင်းတယ်။

၃။ ကိုယ်လုံးကိုယ်ထည်လည်း လှတယ်။

၄။ ရင်အနေအထားကလည်း ဆွဲဆောင်မှုရှိတယ်။

၅။ တင်ပိုင်းဆိုင်ရာလည်း ပုရိသတတို့အကြိုက် ဖြစ်နေတယ်ဆိုရင် တချို့အမျိုးသားတွေက ခဏတာ တွဲကြတယ်။ ရေရှည်ကျ တစ်မျိုးစဉ်းစားကြတယ်ကွယ့်။ ဒီလိုပုံစံတွေကလည်း ကလပ်၊ ကာရာအိုကေတို့မှာ တွေ့နိုင်တာကိုး။ ဘာလို့လဲဆိုတော့ အမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ယောက်ကို ပထမဆုံး မျက်နှာနဲ့ကိုယ်လုံးကိုကြည့်ပြီး ဆုံးဖြတ်တာကိုး။ ကြိုက်တာ၊ မကြိုက်တာ နောက်ထားပေါ့။ နောက်ပြီး ဒီလိုအမျိုးသမီးတွေကလည်း ဒီလိုပွဲတွေမှာ စကတ်တိုတို၊ မိတ်ကပ်ဗရပျစ်နဲ့ပေါ့။

**မောင်အဂ္ဂ ။** ။ ကြေးစားတွေလား။

**ဒေါက်တာနီး ။** ။ အေးပေါ့။ ကြေးစားကတော့ အရေးပေါ် ဆွဲဆောင်မှုရှိအောင်လုပ်တာပဲဟာ။ ဆွဲဆောင်မှုရှိဖို့က အမျိုးသမီးတွေအတွက် သိပ်လိုအပ်တာ။ အာဖရိကမှာရှိတဲ့ အမျိုးသမီးတွေ ကြည့်ပါလား။ သစ်ရွက်ကလေးတွေနဲ့ပဲ အရှက်လုံအောင် ဖုံးကွယ်ထားတာ။ မြို့ပေါ်နေ လူတန်းစားအလွှာရှိတဲ့ အမျိုးသားတစ်ယောက်ကို ဒါမျိုးနဲ့ ဆွဲဆောင်နိုင်ပါ့မလား။ ဒီတော့ မြို့နေအမျိုးသမီးတွေက အရေးကြောင်းတွေ ပျောက်အောင်လုပ်တယ်။ ကျန်းမာတဲ့ ပုံစံနေတယ်။ တစ်ကိုယ်လုံးကို လိမ်းခြယ်ထားတယ်။ နှုတ်ခမ်းဆိုလည်း တကယ့် သွေးနီရောင်သန်းအောင်





ဆိုးလိုက်တယ်။ မလှတာရှိနေရင်လည်း လှအောင်ခွဲစိတ်ပြုပြင်ထားတယ်။ ဒီတော့ အမျိုးသားတွေအတွက် ဆွဲဆောင်မှုရှိစေတယ်။

ဒါကြောင့် အမျိုးသားတွေက အမျိုးသမီးတွေကို ခပ်လွယ်လွယ် ချစ်တတ်ကြတယ်။ လူသားနဲ့ တိရစ္ဆာန်ကွာတာက တိရစ္ဆာန်တွေက အလှအပကို မကြည့်တတ်ဘူး။ မခံစားတတ်ဘူး။ လူသားတွေက အလှ




* Men fall in love through sex. Women fall in sex through love.

www.burmeseclassic.com



အပေါ်ကို ခံစားတတ်တယ်။ တိုင်းတာတတ်တယ်။ နောက်ပြီး နှိုင်းယှဉ်တတ်တယ်ပေါ့။

**မောင်အတ္တ** ॥ ॥ နှိုင်းယှဉ်မှာပေါ့ ဆရာ။ တစ်ယောက်နဲ့တစ်ယောက်က တစ်မျိုးစီကိုး။

**ဒေါက်တာနိုး** ॥ ॥ ဒီတော့ အလှအပပြိုင်ပွဲတွေ လုပ်လာတယ်။ အမျိုးသမီးတွေကလည်း သာအောင် ကြိုးစားတယ်၊ လှတဲ့ပုံစံ ကွဲပြားလာတယ်ပေါ့။ မဂ္ဂဇင်းတွေကို ကြည့်ပါလား။ အမျိုးသမီးပုံတွေ များတယ်။

**မောင်အတ္တ** ॥ ॥ မဂ္ဂဇင်းတင်မကပါဘူး။ ဂျာနယ်၊ မဂ္ဂဇင်း၊ အခမ်းအနားဖွင့်ပွဲလည်း အမျိုးသမီး၊ ဇာန်းကိုင်လည်း အမျိုးသမီးပဲ။

**ဒေါက်တာနိုး** ॥ ॥ အမျိုးသားတွေက လှရုံတင်မကဘူး။ Hip-to Waist အချိုးပါ ကြည့်သေးတယ်။ တင် - ခါးအချိုး ၇၀ ရာခိုင်နှုန်းရှိတာကို ကြိုက်ကြတယ်။

**မောင်အတ္တ** ॥ ॥ ၇၀ ရာခိုင်နှုန်းဆိုတာ ဘာလဲ။

**ဒေါက်တာနိုး** ॥ ॥ ဒါက ရွှေအချိုး (Golden Ratio) နီးပါးပေါ့။ ပုံစံအရ ညွှန်ရရင် အရင်တုန်းက အသုံးပြုတဲ့ သဲနာရီနဲ့တူတယ်။ ခါးသေးတာပေါ့နော်။ အမျိုးသမီးနဲ့ အမျိုးသားရဲ့သဘာဝကို အားလုံးခြုံပြောရရင်တော့ အမျိုးသမီးတွေရဲ့ ခန္ဓာကိုယ်က ကောက်ကွေ့တယ်၊ အမျိုးသားတွေက ဖြောင့်တန်းတယ်၊ အမျိုးသမီးတွေက နူးညံ့တယ်၊ အမျိုးသားတွေက ကြမ်းတမ်းတယ်ပေါ့။ ဒီလို ဆန့်ကျင်ဘက် မတူတာတွေကြောင့်ပဲ တစ်ယောက်နဲ့တစ်ယောက် ဆွဲဆောင်နေကြတာပဲ။

**မောင်အတ္တ** ॥ ॥ ဟုတ်တာပေါ့။ ယောကျ်ားချင်းဆို လှည့်တောင်မကြည့်ချင်ကြဘူး။ ဆရာပြောတဲ့ ၇၀ ရာခိုင်နှုန်းဆိုတာ ဘယ်လိုတွက်ရတာလဲ။





**ဒေါက်တာနိုး** ॥ ॥ ရွှေအချိုးကို မင်း သိတယ်မှတ်လို့ပါ။ တင်ဝခါးအချိုး တွက်ကြည့်ရအောင်။ တကယ်လို့ ခါး ၂၀၊ တင် ၃၂ ဆိုရင် ၅၀ ရာခိုင်နှုန်းရှိတယ်။ ၅၀ ရာခိုင် နှုန်းရှိတယ်ဆိုရင် ခါး တော်တော်သေးသွားပြီပေါ့။

တကယ်လို့ ခါး ၂၄ နဲ့ တင် ၃၂ ဆိုရင် ၇၀ ရာခိုင်နှုန်းပေါ့။ ဒါကို ရွှေအချိုးနီးပါး ရှိတယ်ပြောတာ။ အဲ တကယ်လို့များ ခါး ၃၀ နဲ့ တင် ၃၂ ဆိုရင် ၉၀ ရာခိုင်နှုန်းရှိတယ်။ အဲဒါကျတော့ ခါးတုတ်နေတာပေါ့။ ဒါဆို သဘောပေါက်ပြီလား။

**မောင်အတ္တ** ॥ ॥ ဒါဆို ရှင်းပြီဆရာ။

**ဒေါက်တာနိုး** ॥ ॥ အမျိုးသားတွေ လိုချင်တာ၊ အမျိုးသားတွေ လိုအပ်တာတွေပြောပြီးလို့ရှိရင် ဒါတွေရဲ့နောက်ကွယ်မှာ ဖြစ်တဲ့ ပြဿနာတွေ ပြောကြရအောင်ကွာ။ ဒီပြဿနာတွေက သတင်းစာတွေထဲမှာ ခဏခဏ တွေ့ရတယ်။ "ကျွန်မသာလျှင် တရားဝင်ဇနီးဖြစ်ပါကြောင်း" "ကျွန်တော်သာလျှင် တရားဝင်လင် ယောကျ်ားဖြစ်ပါကြောင်း" ဖြန့်ကြေညာရတဲ့ဟာ။ ဒါက အိမ်ထောင်ရေး ဖောက်ပြားကြလို့ ဖြစ်ရတဲ့အကြောင်းတွေပေါ့ကွာ။

**မောင်အတ္တ** ॥ ॥ ဒါကျတော့ လူတိုင်း စိတ်မဝင်စားကြတော့ဘူးနော်။

**ဒေါက်တာနိုး** ॥ ॥ အေးပေါ့ကွာ။ သဘာဝလောကကြီးက ဖြစ်ပျက်မှာ၊ ဖြစ်လာတာတွေကိုပဲ ကြားချင်၊ ကြည့်နူးချင်တာ။ ပျက်သွားတဲ့ဖြစ်စဉ်ဆိုရင် မကြားချင်ကြဘူးလေ။ ဒီလို ဖောက်ပြားတာ၊ လိင်ဆန္ဒပြင်းပြတာက အရင်ကတည်းက ရှိကြတာပဲဟာ။

**မောင်အတ္တ** ॥ ॥ ဒါတော့ သိချင်တယ်ဆရာ။

**ဒေါက်တာနိုး** ॥ ॥ လိင်ဆက်ဆံရင်းနဲ့ သေကြတဲ့သူတွေပေါ့။ Felix Faure (၁၈၄၄-၉၄) ပြင်သစ်နိုင်ငံရဲ့ ခြောက်ယောက်မြောက်သမ္မတပေါ့။ သူဟာ ပန်းချီဆရာ Adolphc Steinhal ရဲ့ မိန်းမနဲ့

* Love is the best thing that can keep you together.

www.burmeseclassic.com






ဖောက်ပြန်ခဲ့တာ အဲဒီအမျိုးသမီးဟာ လိင်ဆက်ဆံချိန်မှာ သေသွားတယ်တဲ့။ နောက်တစ်ဦးကတော့ ဗြိတိသျှဝန်ကြီးချုပ် Lord Palmerston (၁၈၅၅ -၆၅) က အသက် ၈၂ နှစ် ရှိပြီ။ သူ့ရဲ့လက်အောက်က အမျိုးသမီးနဲ့ ဘိလိယက်ခုံပေါ်မှာပဲ လိင်ဆက်ဆံရင်းနဲ့ သေဆုံးခဲ့ရတယ်။





နောက်တစ်ယောက်ကျတော့ Nelson Aldrich Rocckefeller (၁၉၀၈-၇၉) ကတော့ သန်းကြွယ်သူဌေးရဲ့မြေးပေါ့။ သူ့အသက် ၇၁ နှစ်ရှိပြီ၊ ၂၇ နှစ်ရှိတဲ့ သူ့အောက်က သုတေသနအရာရှိနဲ့ လိင်ဆက်ဆံရင်းနဲ့ သေသွားတယ်။ ဒီတော့ အရွယ်မရွေး လိင်ဆက်ဆံမှုရှိတာတွေ့နိုင်ပြီး အသက်ကြီးမှ ဆန္ဒအားပြင်းရင် သေတာကို တွေ့နိုင်တာပဲ။

**မောင်အတ္တ** ॥ ॥ ဒါတွေက ကျွန်တော်တို့ဆီမှာလည်း ရှိမှာပဲ။ မှတ်တမ်းမရှိလို့လား။

**ဒေါက်တာနိုး** ॥ ' ॥ အေး... ဟုတ်၊ မဟုတ်တော့ မသေချာဘူး။ ဘုရင်တွေလက်ထက်က မင်းတုန်းမင်းဆိုရင် နံပါတ်တောင်ထားရတယ်လို့ ဆောင်ကြာမြိုင်မှတ်တမ်းမှာ ရေးထားတာပဲကွ။ ဒီကြားထဲ ကနောင်မင်းသားနဲ့တောင် ဒီကိစ္စကို ပြိုင်ချင်တာ။

**မောင်အတ္တ** ॥ ॥ ဆရာကလည်း ဒါတွေ သိတာပဲလား။

**ဒေါက်တာနိုး** ॥ ॥ ဟ... စာအုပ်ထဲ ပါနေတာပဲ။ ဖတ်ရင် သိမှာပေါ့။ ဒီတော့ ငါတို့ပြောချင်တာ ပျောက်သွားဦးမယ်။ အမျိုးသားနဲ့ အမျိုးသမီး သဘာဝ မတူတာ၊ ဆန္ဒ မတူတာ၊ အခြေအနေမတူတာတွေ ရှိပေမယ့် အတူတူနေကြဖို့ လက်ထပ်ရတော့တာပဲ။ ဒီတော့ လက်ထပ်တယ်ဆိုတာ ဘာလဲ။ တကယ်တမ်းကျ လက်ထပ်တယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး သစ္စာရှိရှိနေကြဖို့ နှစ်ဦးသဘောတူထားတဲ့ ဆက်နွယ်မှုကို ခေါ်တာပဲကွ။

နောက်တစ်မျိုးပြောရရင်တော့ ရမ္မက်ဇောနဲ့ချစ်ပြီးမှ မေတ္တာဆန်တဲ့ အချစ်၊ ဒါမှမဟုတ် သံယောဇဉ်ပါတဲ့အချစ်ကို ပြောင်းသွားတာပဲပေါ့။ ဒီတော့ အစကတွေ့တဲ့ Sex ဆိုတာ တဏှာပဲလေ။ အမျိုးသားနဲ့ အမျိုးသမီးရဲ့ အဓိက ကွာခြားချက်ကတော့ အမျိုးသားတွေဟာ အမျိုးသမီးတွေထက် တဏှာစိတ်က ကြာရှည်ရှိနေတာပဲ၊ ဒီအခြေခံလေးတွေတာ ရှိနေတော့ ပြဿနာဆိုတာ ရှိလာနိုင်တာပေါ့။

* Whether there is love, distance doesn't matter Even through it may be far far away.

www.burmeseclassic.com

www.burmeseclassic.com



**မောင်အုံ** ။ ။ ပြဿနာ ဖြစ်လာနိုင်တဲ့ အကြောင်းပြချက် ရှိသလား။

**ဒေါက်တာနီး** ။ ။ ပြဿနာဆိုတာက လင်နဲ့မယားဟာ ကြာလာတော့ ကတောက်ကဆတ် ဖြစ်တာတွေ၊ ဖောက်ပြားတာတွေ၊ ဝေးကွာလာကြတာတွေပေါ့။ အကြောင်းကတော့ -

၁။ အမျိုးသားတွေမှာ တဏှာစိတ်ရှိနေတာ၊

၂။ အိမ်ထောင်ဖက် အမျိုးသမီးအပေါ်မှာ ကြာတော့ ဆွဲဆောင်မှုလျော့နည်းတာ၊

၃။ အမျိုးသားကိုယ်တိုင် Sex အားသန်တာ၊

၄။ ကလေးတွေရဲ့ လိုအင်ဆန္ဒနဲ့ မိသားစုတွင်းပြဿနာ၊

၅။ တခြားအမျိုးသမီးကို စွဲလမ်းနေတာ၊

၆။ ပြဿနာကို မိသားစုမှာ ပွင့်လင်းစွာ မဖြေရှင်းတာ၊

၇။ အမျိုးသားကိုယ်တိုင်က အသက်ကြီးလာတာတွေဟာ အမျိုးသားတွေရဲ့ အခြေခံဖြစ်ပေါ်လာနိုင်တဲ့ အကြောင်းတရားတွေပဲ။

**မောင်အုံ** ။ ။ ဒါမျိုးက လူတိုင်းတော့ မဟုတ်ပါဘူး။

**ဒေါက်တာနီး** ။ ။ အေးပေါ့။ ဒါပေမဲ့ ဖြစ်ပေါ်လာရတဲ့ အကြောင်းတရားတွေပဲ။ အမျိုးသမီးဘက်က ကြည့်ရင်လည်း ရှိတာပဲ။ အမျိုးသမီးတွေကျတော့ -

၁။ အိမ်မှာနေရလို့ အထီးကျန်ဆန်လာတာ၊

၂။ အမျိုးသားနဲ့ တိုင်ပင်ဆွေးနွေးလို့ မရတာ၊

၃။ ဆန္ဒရှိသလောက် မခံစားရတာ၊

၄။ အမျိုးသားရဲ့ အသိအမှတ်မပြု ခံရတာ၊

၅။ ခါတိုင်းလို အိပ်ရာပေါ်မှာ စိတ်လှုပ်ရှားမှု မခံစားရတာ၊

၆။ ပုံမှန်အနေအထားမှာကို မနေချင်တော့တာ၊

၇။ ဘဝကို ငြီးငွေ့လာတာ၊





၈။ အချိန်အခါနဲ့ တိုက်ဆိုင်ပြီး ဖောက်ပြားဖို့ အခွင့်အရေး ပေးလာတဲ့အခါ အမျိုးသမီးတွေလည်း ဘဝမှာ ယိုင်လဲကုန်တာပဲ။

**မောင်အုံ** ။ ။ ဒါတော့... ဟုတ်တာပေါ့။ သူတို့က အိမ်မှာနေရတဲ့ သူတွေကိုး။

**ဒေါက်တာနီး** ။ ။ ဒါမျိုးက ချမ်းသာတာ၊ ဆင်းရဲတာနဲ့ မဆိုင်ဘူး။ ဘယ်အဆင့်မှာမဆို ဖြစ်တာပဲ။ သမိုင်းတွင်တဲ့ အဖြစ်အပျက်ကတော့ အမေရိကန် သမ္မတဟောင်းဖြစ်တဲ့ Bill Clinton နဲ့ Monica Lewinsky ကို ဖာတ်လမ်းပဲ။ သမ္မတကတော့ ငြင်းတာပဲလေ။ ဒါပေမဲ့ Barbara Bush ကတော့ ပြောပါတယ်။ သမ္မတ လိမ်တာပဲတဲ့။ ဘယ်နေရာ ကားရပ်တယ်။ ဘယ်မှာနေတာကို မေ့ချင်မေ့မှာ။

ကဲ... ဒါပေမဲ့ သူ့ရဲ့အဖြစ်အပျက်က Oral sex ကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူးဆိုပြီး စွပ်စွဲတာပဲ။ ဒါ အရင်က ရရှိတဲ့ သူတွေရဲ့ ဖာတ်လမ်းပဲ။

ပြောမယ်ဆိုရင် ပြောလို့ကုန်မှာ မဟုတ်ဘူး။ ဒီတော့ ဒီလို အထင်က ခေါင်းဆောင်တောင် မကင်းတာနော်။ သာမန်လူဆိုရင် စာရင်းနဲ့ကြည့်ရင် အပြည့်ရှိမှာပဲ။

**မောင်အုံ** ။ ။ တကယ်လို့များ ပြဿနာတွေဖြစ်ကြပြီဆိုရင် ဘယ်လိုဖြေရှင်းကြတာလဲ။

**ဒေါက်တာနီး** ။ ။ ဒါကလည်း ပြောရခက်သားကွ။ ဒါပေမဲ့ ယေဘုယျ သဘောလေးတော့ ရှိတာပေါ့။ လူတိုင်း မှန်လာမယ်လို့ မပြောနိုင်ပါဘူး။ ကွဲတဲ့သူက ကွဲတာပဲ။ အေး ဘယ်လောက်ပဲ ရှုပ်နေနေ၊ အဆင်ပြေနေတာလည်း ရှိနေတာပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ပြောတဲ့အထဲက တစ်ခုခုနဲ့တော့ ညီညွတ်နေလို့ရှိမှာပဲ။ ပြေပြေလည်လည် ဆွေးနွေးရမယ်။ အဆင်ပြေလာတဲ့အခါ ဘာဖြစ်ခဲ့တာတွေ၊ ဘာကြောင့်

* Love is composed of a single soul inhabiting two bodies.

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်တာတွေ မပြောဘဲနဲ့ စကားလမ်းကြောင်း တတ်နိုင်သလောက် ပြောင်းပေးရမယ်။ ဒါမှ မေ့သွားမယ်ပေါ့။

တကယ်လို့ ရင်ထဲမှာ လိပ်ခဲတည်းလည်းဖြစ်နေလို့ မေးချင်ရင်လည်း ရိုးသားမှုရှိရမယ်။ မကြိုတင်တဲ့အဖြေ ဖြစ်နေရင်တောင်မှ မေးခွန်းမေးဖို့ မကြောက်ပါနဲ့ပေါ့။ ပွင့်ပွင့်လင်းလင်း ပြောပါတဲ့။ အဲ ပြဿနာဖြစ်လာရင် အမှားတစ်ခု ကျူးလွန်မိတာပဲလေ။ ဒီတော့ ဖြစ်လာမယ့် နောက်ဆက်တွဲကို ကြောက်တာပဲ။ ဒါပေမဲ့ တစ်ခါတလေကျတော့ ဘဝအဖော်မွန်ဟာ ဒီလိုအခြေအနေကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတိုင်ပင်ရင် လက်ခံလာနိုင်တယ်။ ဒါဆိုရင် ဆက်လက်လျှောက်ရမယ့် လမ်းကို ရစေတာပဲ။

တစ်ဦးကိုတစ်ဦး အပြစ်မတင်ပါနဲ့တဲ့။ တစ်ယောက်က လုပ်ခဲ့တာရှိစေ၊ မလုပ်ခဲ့တာရှိစေ၊ အပြစ်တင်နေရင် ပြီးမှာမဟုတ်ဘူးတဲ့။ အကောင်းမြင်ဝါဒနဲ့ပဲ ကြည့်လိုက်ပါတဲ့။ ချက်ချင်းဆုံးဖြတ်လိုက်တာမျိုး မလုပ်ရဘူး။ အချိန်အခါနဲ့ အခြေအနေအရ အသိလေး ဆင့်တာပေးရဦးမယ်။ အချိန်လည်း နည်းနည်းကြာလာရော ဆုံးဖြတ်ချက်တွေ မှန်လာလိမ့်မယ်တဲ့။



## ဖောက်ပြန်မှုတွေ...

ဒေါက်တာနီး ။ ။ လက်ရှိအခြေအနေကို လက်ခံထားပေးပါတဲ့။ ဆိုလိုတာက ပြီးခဲ့တာတွေ ပြီးခဲ့ပြီပေါ့။ နောက်ပြန်မလှည့်ဖို့ ဆိုတာပေါ့။ ပုံမှန်အနေအထားလေးအတိုင်း လက်ခံပြီးနေဖို့ ကြိုးစားပေးရ ဘူး။ တချို့ကျ ဒီအခြေအနေကို မကျော်လွှားနိုင်ဘူး။ မှားပြီးရင်း ဆက်မှား နေကြတာလေ။ နောက်တစ်ချက်ကတော့ ပြဿနာဖြစ်လာတဲ့အခါ ပြန် ပြောနိုင်တော့ဘူးဆိုရင် စာရွက်ပေါ်သာ ချရေးပစ်လိုက်ပါတဲ့။ ဒါဟာ တစ်ခါတလေမှာ သက်သေတစ်ခုပဲ။ ကြောက်ရွံ့နေတာ၊ ခံစားနေရတာ တွေဟာ ဒီလိုချရေးလိုက်ရင် စိတ်ပေါ့သွားတယ်။ နောက်ပြီး ကိုယ့်ကိုယ် ကိုယ်လည်း ရေရှည် အတွက် ပြန်စဉ်းစားပေးပါတဲ့။ အချိန်ဖြုန်းခဲ့တာတွေ၊ နောက်ဖြစ်လာနိုင်တွေကို ကြိုတွေးပြီး စဉ်းစားနေရင် နားလည်လာမယ်။

ဆောင်အတ ။ ။ ပြဿနာဆိုတာ ဖြစ်ပြီးဖြေရှင်းလို့ ရတာလည်း ရှိတယ်။ မရတာလည်း ရှိတာကိုး။ ဘာပဲပြောပြော ကိုယ်ကမှားခဲ့ပြီဆိုရင် ပြန်ပြီးဆင်ခြင်ရတော့မှာပေါ့။ တကယ်လို့များ ဒီလို ဖောက်ပြားချင်တဲ့ စိတ်တွေဝင်လာရင် ဘယ်လိုရှောင်မလဲဆရာ။ ဒါ အရေး ကြီးဆုံးပဲ ထင်တယ်။

ဒေါက်တာနီး ။ ။ ဒါလည်း အထိုက်အလျောက်တော့ အရေးကြီးတာ ပေါ့။ ဒီစိတ်ဝင်လာရင် တားဖို့ကလည်း ခက်သား ဘူး။ အဲ ရှောင်မယ်ဆိုရင် –

* We must love one another or die.

www.burmeseclassic.com

www.burmeseclassic.com



၁။ အိမ်ထောင်ဖက်ကို နံပါတ်တစ်နေရာ ထားပေးရမယ်။ တစ်ခါတလေမှာ အလုပ်၊ လူမှုရေး၊ ကလေးအရေးတွေ စုံပြီးဖြစ်လာရင် ရွေးချယ်တဲ့အခါ အိမ်ထောင်ဖက်ကို တစ်နေရာထားတော့ ဦးစားပေးခံရသူက ကျေနပ်တယ်။

၂။ မင်းတို့လင်မယားချင်းကိစ္စဟာ မင်းတို့ပဲ သိရမယ်။ တခြားသူကို အတွင်းရေးတိုင်း ပြောမပြရဘူး။ ဒါဟာ တစ်ချိန်ချိန်မှာ ပြဿနာပဲ။

၃။ နေ့တိုင်း ဆက်သွယ်မှု ရှိနေရမယ်။ ဆိုလိုတာက အမျိုးသားက တစ်နေရာ၊ အမျိုးသမီးက တစ်နေရာဆိုရင် ဆက်သွယ်မှု စဉ်ဆက်မပြတ်လုပ်နေတော့ တခြားဖောက်ပြားဖို့ အတွေးဝင်လာခဲ့ရင် ကိုယ့်ကိုယ်ကိုယ် သတိပေးသလို ဖြစ်နေတယ်ပေါ့။

၄။ တကယ်လို့များ ရုတ်တရက် သံယောဇဉ်နှယ်လာနိုင်တာ၊ မရှောင်နိုင်တဲ့အဖြစ်တွေ ဝင်လာရင်လည်း ရှောင်ပေးပါတဲ့။ ဒါဆိုရင် အိမ်ထောင်ဖက်နဲ့ ပြဿနာလည်း မရှိဘူး။ ဖောက်ပြားဖို့အခွင့်လည်း ကြုံမှာမဟုတ်ဘူးတဲ့။

**မောင်အတုာ ။** ။ ဒါတွေကတော့ လုပ်နိုင်မှာပါ ဆရာ။ ဒါနဲ့ လင်နဲ့ မယား စတွေ့ကြတာကကော…

**ဒေါက်တာနိုး ။** ။ အမျိုးသားနဲ့ အမျိုးသမီးတွေဟာ အိမ်ထောင်ဖက် မဖြစ်ခင်ကတော့ မမျှော်လင့်ဘဲ ရုတ်တရက်တွေ့ကြပြီး သဘောထားတိုက်ဆိုင်တာနဲ့ ယူဖြစ်ကြတာပဲ။ တချို့ကျ လုပ်ငန်းခွင်အရ အနေနီးစပ်ပြီး ချစ်သွား၊ ကြိုက်သွားတာပေါ့။ တချို့ကျတော့ အဆွေသွယ်တွေ၊ အင်တာနက်တွေကနေ တွေ့ကြတယ်။ အဲ တချို့ကျပြန်တော့ ကလပ်၊ ဘား၊ ဒစ္စကိုနဲ့ လူမှုရေးအဖွဲ့အစည်းတွေ လုပ်ကြရင်းနဲ့ တွေ့ကြတာပဲ။ တွေ့လို့ သဘောကျပြီဆိုရင် ဘာမှမစဉ်းစားကြတော့ဘူး။ ရုတ်တရက်မြင်ရတဲ့အချစ်၊ အနေနီးစပ်လို့ ချစ်တဲ့အချစ်တွေ ဖြစ်လာကြတာပဲ။





**မောင်အတုာ ။** ။ ဒါကြောင့် ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိလို့ ပြောတာပေါ့။

**ဒေါက်တာနိုး ။** ။ ဘုရားရှင်လက်ထက်ကပေါ့။ နန္ဒာ၊ နန္ဒဝတီ၊ သုန္ဒရီနန္ဒာနဲ့ ဇုလ္လနန္ဒာဆိုပြီး ညီအစ်မလေးယောက် ရှိတယ်။ အဲဒီအထဲမှာ သုန္ဒရီနန္ဒာက တော်တော်ချောဆိုပဲ။ အဆင်းက လှ ယ်ကလည်း ငယ်၊ မြင်ရတဲ့သူ စိတ်ထဲမှာ ကြည်နူးစေတယ်တဲ့။ ဒီညီအစ်မလေးယောက်က ငယ်ငယ်လေးကတည်းက သာမဏေမ ပြုလုပ်လာတော့ ဘိက္ခုနီတွေပေါ့။ *

နောက်ပြီး ထူးခြားတာက သုန္ဒရီနန္ဒာက လိမ္မာတယ်။ ထက်မြက်တယ်။ ထိုးထွင်းဉာဏ် ကောင်းတယ်။ အလုပ်ကို ဘယ်အရာဆိုလည်း ကျွမ်းကျင်တယ်။ အမြော်အမြင်ကလည်းကြီး၊ ပျင်းလည်း မပျင်းဘူးဆိုတော့ အားသာချက်တွေချည်းပဲ။ ကျောင်းအစ်မကြီး ဝိသာခါက ဘိက္ခုနီတွေအတွက် ကျောင်းဆောက်လှူဒါန်းဖို့ ကျောင်းဆောက်နေရတော့ သူ့ရဲ့မြေးလေးဖြစ်တဲ့ မောင်သာဠှကို ကြပ်မတ်ဖို့ထားထားတယ်။

ဒီတော့ သုန္ဒရီနန္ဒာကလည်း ကျောင်းကိစ္စတွေ ဆောင်ရွက်ရတော့ လိုအပ်တာတွေ မောင်သာဠှဆီတောင်း၊ တစ်ခါ မောင်သာဠှကလည်း လုပ်ရမယ့်အစီအစဉ်တွေကို သုန္ဒရီနန္ဒာကို ပြောပြရတာပေါ့။ သဘာဝအတိုင်းပြောရရင်တော့ မောင်သာဠှကလည်း ဝိသာခါရဲ့မြေးဆိုတော့ သူဌေး၊ အဲ သုန္ဒရီနန္ဒာကလည်း ရုပ်ချောပြီး သွက်လက်ချက်ချာမှုရှိနေတော့ ခဏခဏလည်း တွေ့ရဖန်များတဲ့အခါ စွဲလမ်းတာတွေ ဖြစ်ကြတာပေါ့။

**မောင်အတုာ ။** ။ ဘုရားရှင်လက်ထက်ကလည်း ဒီလိုချစ်တာ ရှိတာပဲလား။

**ဒေါက်တာနိုး ။** ။ ရှိတာပေါ့ကွာ။ အနေနီးစပ်ပြီးဖြစ်တာကို ပြောပြတာ။ အဲ သူတို့တွေက ချစ်ပေမယ့် မလွန်ကျူးကြ

* Love means never having to say you're sorry.

www.burmeseclassic.com



ဘူးလေ။ အခြေအနေမှ မတူတာကိုး။ တစ်နေ့ကျတော့ မောင်သာဌက ဆွမ်းစားဖို့ နေရာပြင်တဲ့အခါ နေရာတွေ ပြောင်းပစ်တယ်။ ဒါကို ချက်ချင်း သဘောပေါက်တဲ့ သုန္ဒရီနန္ဒာက သိတာပေါ့။ ဒီတော့ ဆွမ်းစားမကြွတော့ဘူး။ နေမကောင်းဘူးလို့ မှာလိုက်တာပေါ့။ မောင်သာဌကတော့ သူ့အကြံနဲ့သူကိုး။

ဒီတော့ ထင်ထားတဲ့အတိုင်း ဖြစ်မလာဘဲ၊ ပါမလာဘဲ ဘာလို့မလာလဲမေးတော့ နေမကောင်းလို့ ပြောတာနဲ့ ကျောင်းကို လိုက်သွားတယ်။ သုန္ဒရီနန္ဒာကလည်း သိပြီးသားဆိုတော့ အပြင်ကနေ မျှော်နေတာပေါ့။ လာတာလည်းတွေ့ရော အိပ်ချင်ယောင်ဆောင်ပြီး အိပ်နေတယ်။ ဒီလိုနဲ့ ငြိသွားတယ် ဆိုပါတော့။

ကဲ… ဒါဟာ အခြေအနေမတူပေမယ့် နီးစပ်ပြီး ဖြစ်သွားတာနော်။ သူတို့က ဘယ်သူမှ မရှိဘူး ထင်နေတာကိုး။ ဘိက္ခုနီ တစ်ယောက်က ဆွမ်းစားမလိုက်ဘဲ အိပ်နေတာ၊ အကြောင်းစုံသိသွားပြီး ရွတ်ချတယ်။ ဒီတော့ ဒီသတင်းဟာ ဘုရားရှင်ဆီ ရောက်သွားတယ်။ ဗုဒ္ဓမြတ်စွာဘုရားရှင်ဆီရောက်သွားပြီး ဟုတ်မှန်ကြောင်း စစ်ဆေးတဲ့အခါ မှန်ကန်ခဲ့လို့ ဥပဒေသစ်တွေ ထည့်ခဲ့ရတယ်။

**မောင်အတ္တ** ။ ။ စိတ်ဝင်စားဖို့ ကောင်းသားဆရာရယ်။ မကြားဖူးတာ ကြားရတာကို။ ဖြစ်ရမယ်ဆိုရင်လည်း ဖြစ်ချင်စရာပဲနော်။ နှစ်ယောက်စလုံးက ငယ်နေတာ ဆိုတော့။

**ဒေါက်တာနီး** ။ ။ Samsaya ဆိုတဲ့ ဇာတ်လမ်းလေးပေါ့။ သံသရာလို့ပဲ ပြောရမှာပေါ့။ သံသရာလို့ပဲ ပြောရမှာပေါ့။ ဦးဖင်း တစ်ပါးက ငယ်ငယ်ကတည်းက ဂူထဲမှာအောင်းပြီး တရားအကျင့် ကျင့်နေတာ။ ဘယ်သူနဲ့မှ မတွေ့ရဘူးပေါ့။ အသက် ၁၈ နှစ်ပြည့်လို့ ဂူထဲက အထွက်မှာ ဘုန်းတော်ကြီးတွေက ဂူထဲကနေ လာခေါ်ထုတ်တော့မှ အပြင် လောကကို ရောက်တယ်။ ကျောင်းရောက်ပြန်တော့လည်း သံဃာတွေ





ကိုရင်တွေနဲ့ တရားအလုပ်ပဲ လုပ်ရတော့တာပဲ။ တစ်ရက်ကြာတော့ ရွာ တစ်ရွာကို ကြွရတယ်။

ဒီတော့ ခုမှပဲ ဦးပဥ္စင်းဟာ လူဝတ်အမျိုးသား၊ အမျိုးသမီး တွေ မြင်ရတော့ ရွာထဲက အမျိုးသမီးတစ်ယောက်ကို မြင်ပြီး စိတ်တွေ တစ်မျိုး ဖြစ်လာတာပေါ့။ ကျောင်း ပြန်ရောက်တဲ့အချိန်လည်း မနေနိုင်ဘူး။ တစ်မျိုး ဖြစ်နေတယ်။ ဘယ်လောက်အထိ စွဲလမ်းသလဲဆိုရင် အိပ်ရာ ထတဲ့အခါ သင်္ကန်းမှာတောင် စိုနေတာကို သိလာရတယ်။ အိပ်မက်တွေက လွှမ်းမိုးနေတာကိုး။

ဒီတော့ ဘုန်းတော်ကြီးတွေက သိတော့ ငယ်ရွယ်ခြင်း၊ နုပျိုခြင်း၊ အိုမင်းခြင်းနဲ့ အရိုးဖြစ်ပေါ်လာခြင်းနဲ့ဆိုင်တဲ့ တရားသဘော တွေကို ပုံနဲ့ပြသတယ်။

ဘုန်းတော်ကြီးက တရားသဘောနဲ့ လုတာတွေဟာ ဒီလိုပဲ မတည်မြဲဘူး။ ပျက်စီးသွားတာကို ပြတာ။ ဒါပေမဲ့ ဦးပဥ္စင်းက လှတာကို လှတာပဲ မြင်တယ်။ ဖြစ်တာပဲ သိတယ်။ ပျက်တာ သူမသိဘူး။ ဘယ်လိုမှ ဖျောက်ဖျက်လို့မရတဲ့အဆုံးမှာတော့ အမျိုးသမီးရှိတဲ့ရွာကိုသွားဖို့ ဆုံးဖြတ် တယ်။ တိတ်တိတ်လေးထွက်လာပြီး ရွာနားနီးတော့ လူဝတ်လဲလိုက် တယ်။ ရွာထဲမဝင်ဘဲ ရွာအပြင်မှာ ရှိနေတုန်း သူကြိုက်တဲ့အမျိုးသမီးနဲ့ တွေ့ပါလေရော။ အမျိုးသမီးကလည်း ဦးပဥ္စင်းကို သဘောကျတာပေါ့။ ဒါပေမဲ့ မဖြစ်နိုင်လို့ ပြန်နှိုင်းတယ်။ ဦးပဥ္စင်းမပြန်တော့ နောက်ဆုံးကျ ငြိသွားတယ်ပေါ့ကွာ။ ဒါကို ရွာသားတွေ သိသွားလို့ ယူလိုက်ရတယ်။ ဒီတော့ ဦးပဥ္စင်းဟာ လူ့လောကထဲကို ရောက်သွားတော့ ကလေးတွေရ၊ စီးပွားရှာ၊ လောဘကြောင့် ရန်ပွဲတွေဖြစ်ပေါ့။

နောက်ပိုင်းကျ သူ့ကိုကြိုက်တဲ့ အမျိုးသမီး နောက်တစ် ယောက်နဲ့ ထပ်ငြိပြီး ညမှာ အိပ်မက်ဆိုးတွေဝင်လာပြီး သံသရာအတွက် အကြောက်တရားက ဝင်လာတယ်။ ဒီတော့ တစ်ခါ အိမ်ထောင်ရေးအောက်

* I love you not only for what you are, but for what I am when with you.

www.burmeseclassic.com



ပြားမှုနောက်ကွယ်မှာ စိတ်မလုံတာတွေရှိပြီး မိန်းမအိပ်နေတုန်း သာသနာ့ဘောင်ထဲပြန်ဝင်ဖို့ ထွက်ခွာလာရတယ်တဲ့။

**မောင်အတ္တ** ။ ။ နဂိုကတည်းက တရားဓာတ်ခံရှိတော့ အမှားကျူးလွန်မိတာနဲ့ ဆင်ခြင်တုံတရားရပြီး အကြောက်ဝင်လာတာပါနော်။

**ဒေါက်တာနိုး** ။ ။ အေး ဒါဟာ အမျိုးသမီး၊ အမျိုးသားတွေ မတွေ့ရ၊ မမြင်ရ၊ မထိရဆိုရင် ဖြစ်လာတတ်တဲ့သဘောတရားတွေ၊ ရိုးသွားရင် ရိုးသွားတဲ့အတိုင်း နေကြတယ်။ သင်ခန်းစာတစ်ခုလို့ပဲ ပြောရမှာပေါ့။

**မောင်အတ္တ** ။ ။ အိမ်ထောင်ဖက်တွေ စဉ်းစားတဲ့အခါ ရေရှည်အတွက် ပထမဆုံး အပြီးရွေးချယ်စဉ်းစားရင် တစ်ခုတည်းသောနည်းက ဘာလဲဆရာ။ Sex တွေ၊ Love တွေ မပါဘဲ ပြောကြည့်ပါလား။

**ဒေါက်တာနိုး** ။ ။ အေး... ဘဝအဖော်မွန်ဆိုရင်တော့ အဖော်မွန်က ဘာလိုအပ်တာလဲနဲ့ ကိုယ်က ဘာပြန်ပေးဆပ်နိုင်မလဲဆိုတာပဲ ရွေးဆုံးဖြတ်ရင် အပေးအယူ မျှတမယ်။ တစ်ဦးလိုတာတစ်ဦး အမြဲတမ်းဖြည့်ရမှာပဲ။ သွေးသားအရ တောင်းဆိုချက်ဖြစ်တဲ့ ဟော်မုန်းကနေ

Sex နဲ့ Love ကို ဦးစားပေးရင်
ဘဝကို ရင်ဆိုင်တဲ့အခါကျ သဘောတရား
မတိုက်ဆိုင်တဲ့ပြဿနာက ပိုကြီးထွားနိုင်တယ်။
ချစ်တာပဲ၊ အေးအတူ ပူအမျှပေါ့လို့တော့ ပြောမှာပဲ။
တကယ်တမ်းကျရင်...





ရွေးချယ်တဲ့ မြင်မြင်ချင်းအချစ်တွေ Sex တွေ၊ Love တွေ နောက်မှာတော့ ကြည့်ပေါ့။

အဲဒီ Sex နဲ့ Love ကို ဦးစားပေးရင် ဘဝကို ရင်ဆိုင်တဲ့အခါကျ သဘောတရား မတိုက်ဆိုင်တဲ့ပြဿနာက ပိုကြီးထွားနိုင်တယ်။ ချစ်တာပဲ၊ အေးအတူ ပူအမျှပေါ့လို့တော့ ပြောမှာပဲ။ တကယ်တမ်းကျရင် အဲဒီစာသားအတိုင်း အေးနေရင် အတူတူပူးကပ်လို့ နွေးနေပေမယ့် ပူနေတာကို အတူနေခဲ့ရင် ပိုပူတာတွေခံစားရလို့ ပေါက်ကွဲကုန်မှာ... နောက် အသက်မဲ့ပစ္စည်းလည်း ဒီအတိုင်း၊ အသက်ရှိလူသားလည်း ထိုနည်းအတိုင်း ပြောရတော့မှာပဲ။

အစကတည်းက အပူအအေးမျှတာကို တွက်ထားတော့ အေးလည်း အဆင်ပြေနေမှာပဲ။ နွေးလည်း အေးချမ်းမှာပဲလေ။ ဒီလိုသဘောသဘာဝက Universal truth က အမြဲတမ်း မှန်ကန်နေတတ်တာ။ အေး... ဘယ်လိုပဲပြောပြော ရာနှုန်းပြည့်တဲ့ အိမ်ထောင်သည်သဘာဝကို ရဖို့တော့ မမျှော်လင့်နဲ့။ ချို့ယွင်းချက်ကတော့ ရှိနေမှာပဲ။ ဒါလည်း သိထားဖို့လိုတယ်။ မရနိုင်တာတွေလည်း စဉ်းစားမနေနဲ့ပေါ့။

**မောင်အတ္တ** ။ ။ ဆရာ ဒါကိုတော့ လက်ခံတယ် ဆရာ။

**ဒေါက်တာနိုး** ။ ။ အမျိုးသမီးတွေ နားမလည်တဲ့ အမျိုးသားတွေ အကြောင်းကို ပြောမယ်ကွာ။

**မောင်အတ္တ** ။ ။ ဆရာ အရာရာတိုင်း အမျိုးသမီးတွေအကြောင်းကို အမျိုးသားသားတွေကို ပြော၊ အမျိုးသားတွေအကြောင်းကို အမျိုးသမီးတွေပြောရင် လျှို့ဝှက်ချက် မရှိတော့ဘူး။ မိုးလင်းကုန်မှာပေါ့။ တစ်ခါတလေ ဘာမှမသိတာက ကောင်းတယ်။

**ဒေါက်တာနိုး** ။ ။ ဒါဆို မင်းအမြင် ကျဉ်းမြောင်းသွားပြီ။ ဒီခေတ် ဒီအခါမှာ တားလို့မရတော့ဘူး။ တားခဲ့ရင် ဘယ်သူမှမပြောလည်း ဒါထက်ပွင့်လင်းတဲ့ Internet ရှိတယ်။ Internet က လူ

* Love is a batte field.

www.burmeseclassic.com



တန်းစားရွေးတာ မဟုတ်ဘူး။ သူ့ဒွေးကြည့်လည်း ဒါပဲတွေ့မယ်။ အဲ... သမ္မတဆိုပြီး Internet ကြည့်လည်း ဒါပဲတွေ့မယ်။

အဲ... လိုချင်တာရှိတဲ့အခါကျမှ ဝယ်ယူရတာမျိုး၊ နောက်ပြီး လုံခြုံမှုကို ကာကွယ်ထားတဲ့အခါမှသာ လူတိုင်းမကြည့်ရတာ။ ဒီတော့ မင်းဘယ်လောက် ဖုံးဖုံး ပေါ်နေမှာပဲ။ ပွင့်ပွင့်လင်းလင်းသိပြီးမှပဲ အမှား အမှန်ကို ကိုယ့်ဘာသာ ဆုံးဖြတ်ပေါ့။ အေး... စကားမစပ်ပေါ့ တိုက်ဆိုင်လို့ ပြောရဦးမယ်။ အမြင်မတူတာကို ပြောတာနော်။

**မောင်အတ္တ ။** ။ ဘာလဲ ဆရာ။ ဇာတ်လမ်းလေးတွေဆို ပိုစိတ်ဝင်စားတယ်။

**ဒေါက်တာနိုး ။** ။ လမ်းခရီးအလယ်မှာ စားသောက်ဆိုင်လေးတစ်ဆိုင်ရှိတယ်။ ဆိုင်ရဲ့ရှေ့မှာ ဆိုင်းဘုတ်ထောင်ထားတယ်ပေါ့။ တောင်ဘက်ကလာတဲ့ဧည့်သည်နဲ့ မြောက်ဘက်ကလာတဲ့ဧည့်သည် နှစ်ယောက်က ဆိုင်ရှေ့တစ်ပြိုင်နက်ရောက်တော့ သူတို့က ဆိုင်းဘုတ်ကို မော့ကြည့်တယ်။ တောင်ဘက်ကလူက ရွှေဆိုင်းဘုတ်ပေါ့။ အဲ... မြောက်ဘက်ကလူကမြင်တော့ ငွေဆိုင်းဘုတ်ပေါ့။ ဒီလိုအော်ပြီး ရွတ်မိသတဲ့။ ဒီတော့ တောင်ဘက်လူက ရွှေဆိုင်းဘုတ်ကို ငွေဆိုင်းဘုတ် ပြောရမလား လို့ ဒေါသထွက်တယ်။ ဒီတော့ ငြင်းကြခုန်ကြပေါ့။ နှစ်ယောက်စလုံးက ကိုယ်မြင်တာ ကိုယ်ပြောတာပဲလေ။

အဲဒီအချိန် သိကြားမင်းက တွေ့ပြီး သဘောပေါက်သွားတာ ပါ။ သူတို့နှစ်ယောက်ကို နေရာချင်းလဲပြီး ကြည့်တော့ အဖြေမှန်ကို သိသွားတယ်တဲ့။ ငါ ဆိုလိုတာက ကိုယ်မြင်တဲ့အမြင်လေးကို အမှန် မတွက်ဘဲ ကိုယ့်ဘာသာမဆုံးဖြတ်သင့်ကြောင်းကို ပြောတာပါ။ အလယ်က နေကြည့်ရင် နှစ်ယောက်စလုံးရဲ့အခြေအနေ အမှားအမှန်ကို သိတာပဲ။

**မောင်အတ္တ ။** ။ မှန်ပါတယ် ဆရာ။ ဒီတော့ ဆရာပြောချင်တာ ဆက်ပြောပါဦး။





**ဒေါက်တာနိုး ။** ။ အမျိုးသားတွေဟာ သဘာဝအားဖြင့်တော့ အမျိုးသမီးတွေနဲ့ပတ်သက်ပြီး အတွေးဝင်တတ်ကြတယ်။ အထူးသဖြင့်တော့ ပထမဆုံးက Sex ပဲ။ အမျိုးသားတွေက Sex ကို လိုချင်ပြီး တစ်ခါတစ်ရံကျတော့ အချိန်တိုင်း လိုချင်နေတာပဲ။ စစ်တမ်းတွက်ကြည့်တော့ အသက် ၄၀ အရွယ် အမျိုးသားတွေက လေးမိနစ်တိုင်း Sex ကို တစ်ကြိမ် သတိရတယ်။ အဲ... ၁၈ နှစ် အရွယ်တွေကျတော့ ၁၁ စက္ကန့်တိုင်း တစ်ကြိမ် သတိရနေတတ်တယ်။

ရာခိုင်နှုန်းနဲ့ ပြောရင်တော့ ၅၄ ရာခိုင်နှုန်းအမျိုးသားတွေဟာ နေ့တိုင်း Sex ကို စဉ်းစားမိတယ်။ ၄၃ ရာခိုင်နှုန်း အမျိုးသားတွေကျတော့ တစ်ပတ် ဒါမှမဟုတ် တစ်လကို မိနစ်ပိုင်းလောက်ပဲ အတွေးဝင်တယ်။ လေးရာခိုင်နှုန်းလောက် အမျိုးသားတွေကျတော့ တစ်လကိုတစ်ခါ ဒါမှ မဟုတ် ဝင်တောင်မဝင်ကြတဲ့သူတွေလို့ တွက်ထားတယ်။

အမျိုးသမီးတွေကျပြန်တော့ ထူးထူးခြားခြား တွေးမထားကြဘူးတဲ့။ ဒါကြောင့် အိမ်ထောင်သည်ရယ်လို့ ဖြစ်လာရင် မေးခွန်း မေးစရာရှိလာတာက Sex မရှိတော့လို့ အိမ်ထောင်ရေးမှာ ဆိုးသွားတာလား။ ဒါမှမဟုတ် အိမ်ထောင်ရေး ဆိုးသွားလို့ Sex ဆိုးသွားတာလားပေါ့။ အဲ တွက်ကြည့်ရင် အဖြေက တူနေမှာပဲ။

**မောင်အတ္တ ။** ။ ဖြေရှင်းရခက်၊ ပြောရခက်ကြီးပဲနော် ဆရာ။ ဆရာပြောမယ့်ဟာ သိချင်တယ်လေ ဆရာ။

**ဒေါက်တာနိုး ။** ။ ပြောပါ့မယ်ကွာ။ မင်းလည်း ယောကျ်ား၊ ငါလည်း ယောကျ်ားဆိုတော့ မင်းကိုပြန်မေးမယ်ကွာ။ မင်းသိပြီးသားပဲဟာ။ ယောကျ်ားတွေဟာ မနက်အိပ်ရာ နိုးရင် ဘာဖြစ်လဲ ပြောပါဦး။

**မောင်အတ္တ ။** ။ ဆရာရယ် ဒါများ အိပ်ရာနိုးရင် "ထ" တာပေါ့ မဟုတ်ဘူးလား။

* There are never enough I love you's.

www.burmeseclassic.com

www.burmeseclassic.com



**ဒေါက်တာနိုး** ။ ။ ဘာ "ထ" တာလဲ ရှင်းရှင်းပြောဦး။

**မောင်အတ္တ** ။ ။ ဆရာနိုးရင် အိပ်ရာထတယ်လေ။ ဘာဆန်းလို့လဲ။ ဒါများ မေးနေရသေးတယ်လို့။

**ဒေါက်တာနိုး** ။ ။ ငါက... မင်း ဒီလိုပြောမယ်လို့ ထင်သားပဲ။ ဒါကြောင့်ဆက်မေးတာ။ လူတွေရဲ့သဘာဝဟာ အရှက်အရင်လာတော့ ပြောရခက်ပေါ့။ ဒါကြောင့် အမျိုးသမီးတွေ နားမလည်တာပဲ။ တကယ်က အမျိုးသားတွေက အိပ်ရာနိုးတာနဲ့ နိုးစက်လိုပဲ လိင်အင်္ဂါ တင်းလာတယ်လေ။

**မောင်အတ္တ** ။ ။ ဩော် ဒီလိုလား။ ဒါ မှန်တာပဲဟာ။ ပြောပါဦး ဆရာ။ ဒီလိုဖြစ်ရတာက။

**ဒေါက်တာနိုး** ။ ။ အေး ထမင်းစားကြရအောင်ကွာ။ နောက်မှပေါ့။

**မောင်အတ္တ** ။ ။ ဆရာကလည်း... ကိုရီးယားကားကြည့်နေရတာကျနေတာပဲ... ကောင်းခန်းဆို ဖြတ်ပြီ။



## အမျိုးသားများရဲ့... နံနက်...

**မောင်အတ္တ** ။ ။ အမျိုးသားတွေ မိုးလင်းတာနဲ့ "ထ" တဲ့အကြောင်း ပြောမယ်ဆိုတာ ပြောပါဦး ဆရာ။ သိချင်လှပြီ။

**ဒေါက်တာနိုး** ။ ။ ဖြည်းဖြည်းပေါ့ကွာ။ သိရမှာပေါ့။ အမျိုးသားတွေ မနက်မိုးလင်းတာနဲ့ "ထ" လာတာကို Morning Erection လို့ ခေါ်တယ်ကွ။ ဒါတွေကို အမျိုးသမီး တွေ နားမလည်ကြဘူး။ ဆန္ဒရှိလာလို့ပဲ ထင်တာ။ နေ့တိုင်းဖြစ်နေရင် နေ့တိုင်း ဆန္ဒရှိတာလို့ ထင်ကြတယ်။ ဒီတော့ အမျိုးသားတွေ မနေနိုင်ကြဘူးပေါ့ ကွာ။ နောက်ပြီး အိမ်ထောင်သည် အမျိုးသမီးတွေက သူတို့မှာ အမျိုးသားရှိနေရင် ဒီ နိုးစက်ကြီးကို သိပေမယ့် နားမလည်ကြဘူး။

အမျိုးသားတွေရဲ့ နေ့စဉ်သဘာဝပဲပေါ့။ ဖြစ်ရတဲ့ အကြောင်းရင်းကို အမျိုးသားတိုင်း မသိပါဘူး။ ဖြစ်နိုင်ခြေရှိနေတာကလည်း နှစ်ချက်ရှိတယ်။ ပထမတစ်ချက်က တက်စတိုစတီရုန်း (Testosterone) တွေက အမျိုးသားဟော်မုန်းပါ။ အမျိုးသားဟော်မုန်းတွေက မနက်ပိုင်းမှာ ထွက်လာတယ်။ ဒါကြောင့်လည်း ဖြစ်နိုင်တယ်လို့ ဆိုတယ်။

နောက်တစ်ချက် ကတော့ကွာ။ ဒီလိုထကြွစေတဲ့ အာရုံကြောက ဆီးအိတ်နားမှာရှိတယ်။ မနက်ပိုင်းမှာ ဆီးအိမ်ပြည့်လာတာနဲ့ အာရုံကြောကို ဖိပြီး "ထ" လာတာလို့လည်း ပြောကြတာပဲ။ ဒါက သိပ္ပံနည်းဆန် စဉ်းစားတာပေါ့။ နောက်တစ်မျိုးက သဘာဝတရားပေါ့။ အမျိုး

* Where there is the greatest love. There are always miracles.

www.burmeseclassic.com



သားတွေက အလုပ်ထွက်လုပ်ကြတာကိုး။ ဒီတော့ အပြင်ထွက်ကြရတယ်။ ဒီလိုမထွက်ခွာခင်မှာ မျိုးဆက်ကျန်အောင် ဖန်တီးပေးတာပေါ့။ မသွားခင်မှာ အမျိုးသမီးနဲ့နေမှ မျိုးဆက်က ကျန်ခဲ့မှာလေ။ ဘဝတစ်ခုရဲ့ နောက်ဆုံးမျိုးဆက်ရချိန်လို့ သတ်မှတ်တယ်။ ညနေကျတော့ အမျိုးသားတွေမှာ ထိုးကျသွားပြီလေ။ ဒါတွေက အမျိုးသမီးတွေ နားမလည်တဲ့ အချက်ပေါ့။

**မောင်အတ္တ** ။ ။ ဒါကြောင့်ကိုး... အခုမှပဲ သိတော့တယ်။ ဒါဆိုရင် ဆရာရဲ့ နောက်သဘာဝရှိတယ် ဆရာ။ အမျိုးသားတွေက အမျိုးသမီးတွေရဲ့ Sexy Post တွေမြင်လို့ ထလာတာကော...

**ဒေါက်တာနီး** ။ ။ အေး ဒါလည်း ရှိတာပေါ့။ ဒါကြောင့် ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ၊ ရုပ်ရှင်တွေဟာ အမျိုးသားတွေ၊ အရွယ်မရောက်တဲ့သူတွေကို လှုံ့ဆော်တာပဲလေ။ Sexy Post ကြောင့်ရယ်လို့ မဟုတ်ဘူး။ ကြုံခဲ့ဖူး၊ ခံစားခဲ့ဖူးရင်လည်း ဖြစ်တာပဲ။ ဒါမျိုး ဘုရားရှင် လက်ထက်မှာတောင် ရှိသေးတယ်။

**မောင်အတ္တ** ။ ။ ဒါလည်း ရှိခဲ့သေးတယ်ယား။

**ဒေါက်တာနီး** ။ ။ အေး... ပထမ အမျိုးသားတွေရဲ့ ကြည့်ချင်တဲ့ ဆန္ဒ မြင်ချင်တဲ့စိတ် ဖြစ်ပေါ်လာတာပြောမယ်။ ပြီးတော့ မင်းကို ပြောတဲ့ဟာကို ဆက်ပြောမယ်ကွာ။ ပိုပြီး တိကျအောင် ပြောမယ် ဆိုရင် စိဝရပဋိဂ္ဂဟ သိက္ခာပုဒ်မှာ ပါတယ်ကွာ။ မြတ်စွာဘုရားက ရာဇဂြိုဟ် ပြည်မှာ သီတင်းသုံးတော်မူစဉ်ကပေါ့။ ဥပ္ပလဝဏ်ထေရ်မက သာဝတ္ထိပြည်ကနေ ရာဇဂြိုဟ်ပြည်ကို တန်ခိုးနဲ့ကြွလာတာပေါ့။

အဲဒီအချိန်မှာ ဘုရားရှင်က ဆွမ်းခံဝင်တော်မူချိန် ကြုံကြိုက်နေတော့ ကျောင်းမှာ အလုည့်ကျစောင့်နေရတဲ့ ရှင်ဥဒါယီနဲ့တွေ့တယ်။ ဒီတော့ "ဤအသားကို ဘုရားရှင်အား လှူလိုက်ပါ" ဆိုပြီး ရှင်ဥဒါယီကို မှာထားပြီး ပြန်မယ်လုပ်တဲ့အခါ ဥပ္ပလဝဏ်ထေရ်မရဲ့ ညက်သြောတဲ့





ခါးဝတ်သင်းပိုင်ကို လိုချင်ရှုံသာမကဘူး။ ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်ချင်လို့ "ခါးဝတ်သင်းပိုင် လှူခဲ့ပါ" ဆိုပြီး အလှူခံတယ်။ ထေရ်မက "တပည့်တော်မှာ အားလုံးမှ ဤဝတ်ထားသော သင်္ကန်းသာရှိပါသည်။ အပိုမရှိပါ။ မလှူပါရစေနှင့်" ဆိုပြီး တောင်းပန်တာပေါ့။

"ဘုရားရှင်အား အမဲသားတွေလှူပြီး သူ့ အပေါ်မှာ သင်းပိုင်ကလေးကို ကတ်သီးကတ်သတ် လုပ်နေရလေသလား" ဆိုပြီး စကားနဲ့ ပြောတာပေါ့။ ဒီတော့ အပေါ်တင် ရင်လွှမ်းတဘက်ကို လဲပြီးဝတ်ကာ ခါးဝတ်ကို ချွတ်ပြီးလှူလိုက်ရတယ်တဲ့။ ဒီနေရာမှာ ဥဒါယီအကြံက ခါးဝတ်ချွတ်ရင် နောက်ထပ် လဲဝတ်စရာမရှိတော့ ကိုယ်လုံးကိုယ်ပေါက် မြင်ရမယ်ပေါ့လို့ တွက်ထားတာ။ ရင်လွှမ်းနဲ့ပဲ လဲဝတ်လို့ မမြင်လိုက်ရဘူး။ ဥပ္ပလဝဏ်ထေရ်မက ကျောင်းတိုက်ကိုရောက်တော့ တပည့်မတို့က သပိတ်သင်္ကန်း လှမ်းယူတော့မှ သင်းပိုင်မပါတာသိပြီး ဒီသတင်းက ဘုရားရှင်ဆီ ရောက်သွားတယ်တဲ့။

ဒါကို အဓိက ပြောချင်တာက အမျိုးသားတွေရဲ့ ဖြစ်တတ်တာကို ညွှန်းတာပါ။ ဒီလိုဆိုပေမယ့် အမျိုးသားတိုင်းဖြစ်မယ်လို့ မသတ်မှတ်ရဘူးလေ။ ဘုရားရှင်လက်ထက်မှာလည်း သံဃာတော်တိုင်း ဖြစ်တာ မဟုတ်ပါဘူး။

**မောင်အတ္တ** ။ ။ ဆရာက အမျိုးသားတွေရဲ့ မြင်ချင်တဲ့ဆန္ဒ ပြောတာနော်။ ဒီလိုမြင်လာရင် Erection ဖြစ်တာကော...

**ဒေါက်တာနီး** ။ ။ ဒါလည်း ရှိတာပေါ့။ ဒီအကြောင်းကို ပြောရရင် ဇာတ်လမ်းလေး ပြောပြရမှာပဲကွာ။ ဒါလည်း တိတိကျကျပြောရရင်တော့ကွာ။ ပုရာဏစီဝရ သိက္ခာပုဒ်ထဲမှာ ပါတယ်ကွာ။ ရှင်ဥဒါယီအကြောင်းပဲပေါ့။ ရှင်ဥဒါယီရဲ့ ဇနီးဟောင်းက ဘိက္ခုနီတို့အမှာ ဘိက္ခုနီမ ပြုတယ်။ ဘိက္ခုနီထံကို ရှင်ဥဒါယီကလည်း မကြာခဏ သွားတယ်။ ဘိက္ခုနီမကလည်း ရှင်ဥဒါယီဆီ လာတာပဲ။

* Love not what you are, but what you may become.

www.burmeseclassic.com



တစ်ရက်ကျတော့ ရှင်ဥဒါယီက ဘိက္ခုနီမထံ ဆွမ်းစား သွားတယ်။ အဲဒီမှာ ရှင်ဥဒါယီက ဘိက္ခုနီမရှေ့မှာ သူ့ရဲ့အင်္ဂါကို ပေါ်အောင် ဖော်ပြထိုင်တယ်။ ဘိက္ခုနီမကလည်း အားကျမခံ ဖော်ထိုင်တာပေါ့။ ရှင်ဥဒါယီဟာ တစိမ့်စိမ့်ကြည့်ရင်းနဲ့ သင်းပိုင်ပေသွားတယ်။ သင်းပိုင်ကို လျှော်မယ်လုပ်တော့ ဘိက္ခုနီမက သူ လျှော်ပေးပါမယ်ဆိုပြီး ယူသွားတယ်။ သင်းပိုင်မှာပေနေတဲ့ Sperm တွေကို သူ့ရဲ့အင်္ဂါထဲ ထည့်လိုက်တယ်။ နောက်ပိုင်းကျ ကိုယ်ဝန်ရှိတော့ ဘုရားဆီ သတင်းရောက်သွားတယ်တဲ့။

စဉ်းစားကြည့်စမ်းကွာ။ မြင်တာနဲ့ ဆန္ဒပြီးမြောက်သွားတာဟာလည်း အမျိုးသားတချို့မှာ ဖြစ်တတ်တာပဲ။ လူတိုင်း မဟုတ်ဘူးနော်။ အေး ဒီလိုပြောလို့ လူတိုင်းလို့ ထင်နေဦးမယ်။

**မောင်အတ္တ** ။ ။ ရှင်ဥဒါယီကတော့ မှတ်သားစရာပဲ။ သူ့ကြောင့်ပဲ ဥပဒေတွေ ထွက်လာတာပေါ့နော်။

**ဒေါက်တာနီး** ။ ။ အေးပေါ့ကွာ... နောက်ပိုင်းကျ ကြုံရင် ပြောပြဦးမယ်။ နောက်တစ်ချက်ဖြစ်တဲ့ အမျိုးသမီးတွေ နားမလည်တာ ထပ်ပြောချင်သေးတယ်။ အမျိုးသမီးတွေက အမျိုးသားတွေလို Sex က Sex ပဲ၊ Love က Love ပဲဆိုပြီး ခွဲခြားမသိကြဘူး။ အမျိုးသမီးကတော့ တူတယ်လို့ပဲ ထင်ကြတယ်။

**မောင်အတ္တ** ။ ။ ဒီအချက်ကို ဘယ်လိုပြောနိုင်လို့လဲ။

**ဒေါက်တာနီး** ။ ။ ပြောလို့ရတဲ့အချက်တော့ ရှိတာပေါ့။ ပါမောက္ခ ရကွယ်နဲ့ ရွှာန်ဂါတို့က အမျိုးသားတွေရဲ့ ဦးနှောက်ထဲက ဘယ်ခြမ်းနဲ့ ညာခြမ်းဆက်ထားတဲ့ ဆက်ကြိုးလေးက အမျိုးသမီးတွေထက် ၁၂ ရာခိုင်နှုန်း ငယ်တယ်လို့ ပြောပါတယ်။ ဒီဆက်ကြိုးလေးက သတင်းအချက်အလက် ဖလှယ်ပေးတာပေါ့။ အမျိုးသားတွေက အမျိုးသမီးတွေထက် ဆက်သွယ်မှု ၃၀ ရာခိုင်နှုန်းလောက်ပဲ ရှိနေတယ်တဲ့။





အမျိုးသားတွေရဲ့ ဦးနှောက်က ပျားအုံလိုပဲ။ သူ့ အခန်းနဲ့ သူ ရှိနေတယ်။ အခန်းသေးလေးတွေပေါ့။ ဒါကြောင့် အမျိုးသားတွေဟာ အလုပ်ကိုလုပ်ပေမယ့် တစ်ကြိမ်တည်း တစ်ခါပဲ လုပ်နိုင်တယ်။ အမျိုးသမီးတွေထက် ပိုပြီးတော့ အလုပ်တစ်ခုတည်းကို အာရုံစိုက်နိုင်တယ်။ ဒါပေမဲ့ နှစ်ခုမရဘူး။ မရောနိုင်ဘူး။

ဒါကြောင့် Sex က Sex ပဲ၊ Love က Love ပဲ သတ်မှတ်တယ်။ Sex ကိစ္စပြီးရင် ပြီးသွားတာပဲ။ ဒီအချက်ကို အမျိုးသမီးတွေကလည်း မကြိုက်ဘူး။ တချို့အမျိုးသမီးတွေကျတော့ လက်ခံ ကြတယ်။ ဒါကြောင့် ပြောကြတာ ရှိပါတယ်။ "**ရှင် ဆန္ဒရှိရင်တော့ သွားချင်တဲ့သူဆီ သွားပါ။ ဒါပေမဲ့ ကျွန်မကိုတော့ ချစ်ဖို့လိုတယ်**" တဲ့။ ဒါပေမဲ့ အမျိုးသမီး အများစုကတော့ လက်မခံဘူးနော်။

**မောင်အတ္တ** ။ ။ ဆရာ မုန့်ပဲဝေစားမှာပါဆို... ကျန်တာ ဘယ်ရမှာလဲ ဆရာ။ အင်း... ဝိုင်းစုခိုင်သိန်းကတော့ "အပြစ်မမြင်ပါဘူး... ချစ်ချင်တာပဲ သိတယ်" လို့တော့ ဆိုထားတယ်။ အဓိပ္ပာယ်တွေက တွေးလေ များလေပဲနော်။

**ဒေါက်တာနီး** ။ ။ အနုပညာရှင်တွေက ခံစားရတာကို ရသလည်း မြောက်၊ စကားလုံးလည်း နားလည် လွယ်အောင် ဖန်တီးထားပြီး ရွတ်ဆိုရတာလည်း ကောင်းဆိုတော့ လက်တွေ့ဘဝကိုတန်း ပြီး ထင်ဟပ်တာပေါ့ကွာ။ အေး တတိယတစ်ချက် ပြောရဦးမယ်။ အမျိုးသမီးတွေက ဒီအချက်ကို နားလည်မပေးကြဘူး။ အကြောင်းတရားကို သိနားလည်ရင်တော့ ခွင့်လွှတ်ချင် ခွင့်လွှတ်မယ်။ နားမလည်လို့ ခွင့်မလွှတ်နိုင် ဖြစ်ကြတာလေ။

ဒါက ဘာလဲဆိုတော့ **အမျိုးသားတွေရဲ့ ဦးနှောက်ထဲမှာ အခန်းတစ်ခန်းက ဘာမှ မရှိတာပဲ**။ ဒါ နံပါတ်သုံးအချက်ပေါ့။

**မောင်အတ္တ** ။ ။ ဘာမှ မရှိဘူးဆိုတာက...

* Love is love's reward.

www.burmeseclassic.com

www.burmeseclassic.com



**ဒေါက်တာနီး** ။ ။ အေး… ခုနကပြောသလို ဦးနှောက်က ပျားအုံလေးလိုပဲ။ သူ့အခန်းနဲ့သူလို့ ဆိုထားတယ် မဟုတ်လား။ အဲဒီအခန်းလေးတွေက သူ့လုပ်ဆောင်ချက်နဲ့သူ တာဝန်ယူ ထမ်းဆောင်တယ်ကွာ။ အခန်းတစ်ခန်းက စကားပြောဆိုရတဲ့အခန်း ဖြစ်နေရင် နောက်တစ်ခန်းကတော့ အချစ်နဲ့ပတ်သက်တာ ဖြစ်နေမှာပေါ့။ ဒီလိုပဲ ကျန်တဲ့ အခန်းတွေကလည်း သူ့တာဝန်နဲ့သူ ရှိနေတဲ့အခန်းတွေပဲ။ ဒါကို အမျိုးသမီးတွေ နားမလည်တာက အမျိုးသမီးတွေမှာ မရှိတဲ့အခန်းတွေပဲ။

အမျိုးသားဦးနှောက်ထဲက အဲဒီအခန်းတစ်ခန်း ကျတော့ ဘာမှမရှိတဲ့အခန်း (Nothing Room) လို့ခေါ်တာပဲ။ ဒီအဓိပ္ပာယ်က သီးသန့်လုပ်ဆောင်မှုမရှိဘူးလို့ ပြောလို့ရတယ်။ ဒါပေမဲ့ ဒီအခန်းလေးက အမျိုးသားတွေရဲ့ သီးသန့်အခန်းလေးပဲ။ ဒီအခန်းလေးက သီးသန့်တာဝန်ရယ်လို့ မရှိတော့ အမျိုးသားသဘာဝဖြစ်တဲ့ ငါးမျှားချင်မျှားမယ်။ တီဗီကြည့်ရင်ကြည့်မယ်။ ဂိမ်းဆော့ရင် ဆော့မယ်ပေါ့။ ဒီအခန်းလေးက အမျိုးသားတွေ အမျိုးသမီးနဲ့ မတူတဲ့လုပ်ရပ် ဖြစ်နေတယ်။

အေး… မှတ်သား ရမယ့်အချက်ကတော့ ဒီဘာမှမရှိတဲ့ အခန်းလေးမှာ ရည်ရွယ်ချက်တွေ ရှိနေတာပဲ။ အဲဒါက ဘာလဲဆိုတော့ အမျိုးသားတွေရဲ့ ကုန်ဆုံးသွားတဲ့ အားအင်တွေကို ဘက်ထရီလို အားပြန်ဖြည့်ပေးတဲ့ အခန်းလေး ဖြစ်နေတာပဲ။ အမျိုးသားတွေဟာ ဒီအခန်းကထဲရောက်ပြီဆိုရင် တစ်နေ့ကို လေးမိနစ်၊ ငါးမိနစ်လောက် တရားထိုင်ပေးဖို့ပါပဲ။ အမျိုးသမီးတွေမှာတော့ ဒီလိုအခန်း မရှိဘူးလေ။ ဒါကြောင့် တစ်ခါတလေ အမျိုးသမီးတွေက မေးတာပေါ့။ "ဘာတွေ တွေးနေတာလဲ"။

ဒီတော့ အမျိုးသားတွေကလည်း "ဘာမှမတွေးဘူး" ပဲ ပြောမှာပဲ။ ဒီတော့ အမျိုးသမီးတွေက လိမ်ပြောတယ် ထင်တော့တာပဲ။ တကယ်တမ်းကလည်း အမျိုးသားတွေဟာ ဘာမှမတွေးတာ အမှန်ပဲ





လေ။ ဒီလိုအမျိုးသားတွေ အခန်းမရှိတဲ့အခြေအနေမှာ အနားယူတတ်ရင် ပိုကောင်းတာပေါ့။

**မောင်အတ္တ** ။ ။ ဒီအချက်ကတော့ မစဉ်းစားမိတဲ့ အချက်ပဲနော်။ တော်ရုံတန်ရုံ ဘယ်လိုသိမှာလဲ…

**ဒေါက်တာနီး** ။ ။ အေးပေါ့ကွာ။ နံပါတ်လေးအချက်က အမျိုးသားတွေက အမျိုးသမီးတွေရဲ့ ရင်သားကို စွဲလမ်းမှု ရှိနေတာပဲ။ ဒါကြောင့် အမျိုးသမီးတွေဟာ သူတို့ရင်သားကို ခွဲစိတ်ကြတာပဲ။ အမျိုးသမီးတွေမှာ တင်နဲ့ရင် ရှိနေတာဟာ ထူးခြားနေတာပဲ။ တခြား သတ္တဝါတွေရဲ့ ရင်သားတွေဟာ နို့တိုက်ရတဲ့ပုံစံကြောင့် ရှည်မျောမျောတွေ ရှိကြတယ်။ အမျိုးသမီးရင်သားဟာ အဆီတွေနဲ့လေ။ ဒီလို အမျိုးသမီးတွေရဲ့ ရင်သားကိုစွဲလမ်းတာ၊ သဘောကျတာကို အမျိုးသမီးတွေ နားမလည်နိုင်ကြဘူး။

**မောင်အတ္တ** ။ ။ ဒါဆိုရင် အမျိုးသားတွေက နားလည်တယ်ပေါ့။ ဟုတ်လား။

**ဒေါက်တာနီး** ။ ။ အမျိုးသားတွေကလည်း ဒါတော့ မသိကြဘူး။ နံပါတ်ငါးအချက်ကတော့ အမျိုးသားတွေဟာ Sex နဲ့ပတ်

> အမျိုးသားတွေဟာ Sex နဲ့ ပတ်သက်လို့ရှိရင်
> အမျိုးသမီးတွေကို အမှန်အတိုင်း မပြောကြဘူး။
> အမျိုးသားအများစုက အမျိုးသမီးတွေ ကြားချင်တဲ့
> အကြောင်းအရာတွေကိုပြောပြဖို့ ရှောင်ကြတယ်။
> ဘာလို့လဲဆိုတော့ ...

* Man always want to be a woman's first love. Women like to be a man's last romance.

www.burmeseclassic.com



သတ်လို့ရှိရင် အမျိုးသမီးတွေကို အမှန်အတိုင်း မပြောကြဘူး။ အမျိုးသား အများစုက အမျိုးသမီးတွေ ကြားချင်တဲ့ အကြောင်းအရာတွေကိုပြောပြဖို့ ရှောင်ကြတယ်။

ဘာလို့လဲဆိုတော့ အသက်ကြီးလာလေ၊ အတွေ့အကြုံများလာလေ၊ အမျိုးသမီးတွေကို Sex နဲ့ Love အကြောင်း ညာပြောလိုက်ရင် ပိုနေလို့ ကောင်းလာတယ်ဆိုတာ သိလာလို့ပဲ။ အမျိုးသားတွေကလည်း တကယ်တမ်းကျ မညာချင်ကြပါဘူး။ ဒါပေမဲ့ အမျိုးသမီးတွေကို အမှန်အတိုင်းပြောပြရင် မပျော်ကြတာ များတာကိုး။ ဒီတော့ အမျိုးသားတွေက အမျိုးသမီးတွေကို ညာပြောတာဟာ အပြစ်မဟုတ်တော့ဘူး။

အဲ မေးစရာရှိတာက အမှန်အတိုင်း ပြောလို့ရအောင် အမှန်အတိုင်းနေပေါ့လို့ ပြောမှာပဲ၊ အေး သဘာဝကကို 'ယောက်ျားဟာ ယောက်ျားပါ' ဆို။ ဒီတော့ အမျိုးသားတွေက ပြောတယ်လေ။ "မင်းက လှလို့ မဖောက်ပြားပါဘူး" "ငါက ဒီလိုလူမျိုး မဟုတ်ပါဘူး" "ငါ မဟုတ်တာတွေ စိတ်မဝင်စားဘူး" "ငါက မင်းအတွက်ဆို အသက် စွန့်ပစ်မယ်" ပေါ့။ ဒါတွေက အမျိုးသားတွေ ညာနေကျ စကားလုံး တွေပဲ။ ဒီလိုပဲ ဆက်ညာနေရမှာပဲ။ ညာနေတဲ့အထဲက ပေါ်သွားလို့ ပြဿနာဖြစ်လာတာလည်း တစ်ပုံကြီးကိုး။

**မောင်အတ္တ** ။ ။ ဆရာက မြှောက်ပြောနေပြီ။ ညာခိုင်းတာ မကောင်း ဘူးလေ။

**ဒေါက်တာနိုး** ။ ။ တကယ်တော့ အမျိုးသမီးတွေက ယောက်ျားက မကျူးလွန်ပါဘူး ပြောနေတာကို ယုံတောင်ယုံတာ မဟုတ်ဘူး။ နောက် ရှိသေးတယ်။ အမျိုးသမီးတွေ တီဗီဇာတ်လမ်းလေး ကြည့်နေရင်း ရုပ်ရှင်ထဲက ဇာတ်ရုပ်တွေ ပါလာရင် "ရှင်ကော ဒီလိုပဲ လား... ပေါ့"။ ဒီလိုမေးခွန်းဟာ မဆိုင်တဲ့မေးခွန်း။ ဒါပေမဲ့ အမျိုးသမီးတွေ ကြားချင်တဲ့ အဖြေကတစ်မျိုး။ ဆိုင်ဆိုင် မဆိုင်ဆိုင် ထပ်မေးတော့မှာပဲ။





အဲဒီလို အရာခပ်သိမ်း မေးနေသမျှ စိတ်ချမ်းသာအောင် ညာပေးရတော့ တာပဲကွာ။

**မောင်အတ္တ** ။ ။ ဒါလည်း ဟုတ်တာပဲလေ။

**ဒေါက်တာနိုး** ။ ။ နံပါတ် ခြောက်က အမျိုးသမီးတွေက ကောက်ကွေ့နေလေ အမျိုးသားတွေက ချစ်လေပဲတဲ့။ အဲဒါဟာ အမျိုးသမီးတွေရဲ့ ခန္ဓာကိုယ်ပိုင်းဆိုင်ရာကို ပြောတာပါ။ တကယ်လို့ အမျိုးသမီးရဲ့ ခန္ဓာကိုယ်ပိုင်းက ဖြောင့်ဖြောင့်တန်းတန်းနဲ့ ရှည်မျောမျော ပဲဖြစ်ဖြစ်၊ ဝဝဖိုင့်ဖိုင့်နဲ့ ပုတိုတိုပဲဖြစ်ဖြစ်ပေါ့။ ဒီလိုပုံစံကို အမျိုးသားတွေ စိတ်ဝင်စားမလား။

စဉ်းစားကြည့်စမ်းပါဦး။ ကောက်ကောက်ကွေ့ကွေ့ ဆိုတာ က ရင်သားက ဖောင်းဖောင်း၊ ခါးလည်း သေးသေးသွယ်သွယ်နဲ့ တင် ကလည်း ကားကားလေးပေါ့။ သဲနာရီနဲ့ပဲ နှိုင်းတာပဲ။

ဒီလိုပုံစံက အမျိုးသမီးတစ်ယောက်အတွက် အလေးချိန် တွေ၊ အဆီတွေနဲ့ မဆိုင်တော့ဘူး။ သဘာဝတရားအရ ရှိသင့်ရှိထိုက် တာတွေ ရှိနေတာလေ။ အပျိုဖော်ဝင်စ ဖြစ်တာနဲ့ အမျိုးသမီးဟော်မုန်း တွေက မြင့်လာပြီး အဆီတွေက တင်မှာ စုလာတာပဲလေ။ ဒါကို ဆက်ပြောရင်တော့ အရင်ပြောဖူးတဲ့ ရင်၊ ခါး၊ တင်မျိုးပဲ ရောက်သွားမှာ သိပြီးသားပဲကွာ။

**မောင်အတ္တ** ။ ။ ဆရာပြောတဲ့ ရွှေအချိုးမဟုတ်လား။ သိတယ်လေ။ နောက်တစ်ချက်ကကော။

**ဒေါက်တာနိုး** ။ ။ နောက် နံပါတ်ခုနစ်အနေနဲ့က UFO နဲ့တူတဲ့ G Spot လေးအကြောင်းပေါ့။

**မောင်အတ္တ** ။ ။ ဗျာ... ဘာပြောတာလဲ။

**ဒေါက်တာနိုး** ။ ။ အေးကွာ။ လုပ်စရာကိစ္စလေးရှိသေးလို့ နောက်မှ ပြောရအောင်နော်။

* To love the King is not bad but a King who loves you is better.

www.burmeseclassic.com

www.burmeseclassic.com



**မောင်အတ္တ** ။ ။ ဟော လုပ်ပြီ။ ကောင်းခန်းဆို ဒီလိုပဲ။ ထမင်း မဝတဝကျွေးထားသလိုပဲ။ ဆက်စားချင်နေတာ။ အင်း ဘာတဲ့... UFO နဲ့တူတဲ့ G-Spot ...။



# Love & Sex

**ဒေါက်တာနိုး** ။ * ။ ငါအရင်ပြောခဲ့တာတွေနဲ့ပတ်သက်ပြီး ဖာတ်လမ်း လေး ပြောဦးမယ်ကွ။ အမျိုးသမီးတွေနဲ့ ပတ်သက်လို့ လောကနီတိအဆိုကို အရင် ပြောပြမယ်။

"အိမ်သူ မယားကောင်းဟာ လင်နဲ့ တစ်လကာင်းကွာမှ အမူအကျင့် ဖောက်ပြားတတ်၏" တဲ့။ တပည့်တို့သည်ကား ဆရာနဲ့ လခွဲမျှ ကင်းကွာမှ ပညာရည် ပျက်တတ်၏တဲ့။

နောက်ပြီးတော့ "ရဟန်းသည် တရား၌သာ မွေ့လျော်၏" "မိန်းမသည် ယောက်ျား၌သာ မွေ့လျော်၏" "မိန်းမတို့သည် လင်ယောက်ျားရှိမှသာ တင့်တယ်၏" တဲ့။ "နှစ်လင် သုံးလင် ပြောင်းသော မိန်းမတို့က မာယာများ၏"... တဲ့။ ဒါတွေက လောကနီတိထဲမှာပါနေတဲ့ အမျိုးသမီးတွေရဲ့ သဘာဝကို ညွှန်းတာလေ။

**မောင်အတ္တ** ။ ။ ဆရာ ကျွန်တော်သိချင်တာ G-Spot လေ။

**ဒေါက်တာနိုး** ။ ။ အေးပါ ပြောပါမယ်။ လောလောဆယ် စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဖာတ်လမ်းလေး နားထောင်ကြည့်ဦး။ အတွေးအခေါ်တွေ၊ ဖြစ်တတ်တာတွေ၊ စဉ်းစားရမယ့် အပိုင်းတွေ၊ အမှားအမှန် ဆုံးဖြတ်တာတွေပါတဲ့ ဖာတ်လမ်းလေ။

**မောင်အတ္တ** ။ ။ ဆရာကလည်း ညွှန်းလှချည်လား။ ဒါဆိုရင် ပြောပါဦး။

---

* You don't love a woman because she is beautiful you love her.

www.burmeseclassic.com

www.burmeseclassic.com



**ဒေါက်တာနိုး** ။ ။ နည်းနည်းရှည်တော့ နားငြီးချင် နားငြီးမယ်။ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဘဝလေးပဲ။ ငါအရင်ပြောခဲ့ဖူးတဲ့ အခြေအနေတွေနဲ့ ဆက်စပ်နေတယ်ကွာ။ ပိုပြည့်စုံအောင်ပြောမှာ။

**မောင်အတ္တ** ။ ။ ကဲပါ... ဆရာရယ်။ ပြောမှာသာ ပြောပါတော့ နားထောင်ချင်လာပြီ။

**ဒေါက်တာနိုး** ။ ။ ငါ နာမည်တွေကို မြန်မာနာမည်နဲ့ ပြောမယ်။ ဇာတ်လမ်းက အင်္ဂလိပ် ဇာတ်လမ်း၊ မှတ်ရလွယ်အောင်ပေါ့ကွာ။ တချို့အချက်တွေ မင်းကို ဝေဖန်ခိုင်းမယ်။

**မောင်အတ္တ** ။ ။ ဆရာရယ်။ ခုထိ မစသေးဘူး။ သိချင်လာပါပြီဆို၊ မပြောလေ သိချင်လေပဲ။

**ဒေါက်တာနိုး** ။ ။ အေးပါကွာ။ ဒီလိုကွ ဝေလွင်ကိုနဲ့ ဆောင်းဦးက လင်မယားကွာ။ သူတို့တွေက သိပ်ပြီးချစ်ကြတာ။ တစ်ဦးကိုတစ်ဦး စလိုက်၊ နောက်လိုက်နဲ့ ချစ်နေတာကိုကြည့်ပြီး အချစ်ရဲ့ သဘာဝထဲကို မျောဝင်သွားအောင်ကို ချစ်တာ။ ယောက်ျားက ဗိသုကာပညာရှင်၊ ဒါပေမဲ့ စီးပွားရေးမှာတော့ မအောင်မြင်ဘူး။ ဘဝကို အကျပ်အတည်းနဲ့ လင်မယား ရုန်းကန်ပြီး ချစ်ကြတာ။ လင်မယား သဘာဝ ချစ်လို့ဝပြီးရင် စီးပွားရေးအကြောင်း လှည့်ပြီး စဉ်းစားတယ်။

ဒီတော့ ဗိသုကာပညာရှင် ဝေလွင်ကိုကတော့ သူ လုပ်ချင်တာကို အောင်မြင်မယ်အထင်နဲ့ လုပ်လိုက်တယ်။ ဒါပေမဲ့ ထင်တဲ့အတိုင်း ဖြစ်မလာခဲ့ဘူး။ အိမ်ပါ နေစရာမရှိအောင် ဖြစ်လာတယ်။ မိဘတွေဆီကို ပိုက်ဆံချေးရတာပေါ့။ အိမ်ပြန်ဝယ်ဖို့က ငွေငါးသောင်း လိုတာ၊ သူတို့ ဟိုရှာဒီရှာနဲ့ရတာက ငါးထောင်ပဲရှိတော့ အဆင်မပြေဘူး ဖြစ်နေတယ်။ ကဲ ဒီလိုအဖြစ်မျိုးတွေ ခုနဲ့ဒေးနော်။ ဘဝအဆင်မပြေမှုတွေပေါ့။

တစ်ရေးနိုးသော် အကြပေါ်ဆိုသလိုပဲ၊ သူတို့လုပ်နိုင်တာက ငါးထောင်ကို ပွားလာဖို့က လောင်းကစားပဲလေ။ လောင်းကစားကလည်း





နိုင်မယ့်ကံက အမြဲတမ်းပါတာ မဟုတ်ဘူး။ သူတို့ အလောင်းအစားလုပ်ဖို့ ကစားဝိုင်း သွားတယ်။ အဲဒီညက ကစားလိုက်တိုင်း နိုင်နေတာ။ အပျော်ကြီး ပျော်ခဲ့ရတယ်။ မိုးမမြင် လေမမြင် ပျော်ခဲ့ရတယ်။ ငွေမရှိသူအဖို့ ငွေပုံပေါ်မှာ ဓာတ်ပုံ အရိုက်ခံကြတယ်။ ပျော်ရွှင်မှုနဲ့ ငွေက တွဲပါတာကိုး။

အဲ သူတို့ အဲဒီနေ့က နှစ်သောင်းခွဲလောက် ရလာတယ်လေ။ ဒါပေမဲ့ မပြည့်စုံဘူး။ လိုနေတာက ငါးသောင်း၊ ရှိတာက နှစ်သောင်းခွဲဆိုတော့ သူတို့ ထပ်လိုချင်ကြတယ်။ စိတ်ကူးကလည်း ယဉ်စရာကြီးကိုး။ ငွေကြောင့် ဘဝကံက တစ်မျိုးဖြစ်စေတာလေ။ အဲ... တစ်ခုမေ့သွားလို့ ပထမနေ့ကစားတုန်းက ကောင်မလေးက ငွေအဆင်မပြေတဲ့အချိန်ဆိုတော့ ခုံပေါ်မှာ ချောကလက်လေး ချထားတာကိုတွေ့ပြီး တစ်ခု စားကြည့်တယ်။ ကောင်းတာနဲ့ ဘေးကိုကြည့်လိုက်တာ ဘယ်သူမှ မရှိဘူးဆိုပြီး နောက်ထပ် လက်တစ်ဆုပ် နှိုက်လိုက်တဲ့အချိန်မှာ တခြားအခန်းက ဦးမင်းနိုင်က မြင်သွားတယ်။

ဦးမင်းနိုင်က ကောင်မလေးရဲ့ အပြစ်ကင်းစင်တဲ့ပုံစံ၊ လှပတဲ့အပြုံး၊ လှုပ်ရှားမှုဟန်တွေမြင်ပြီး သဘောကျသွားတယ်။ ဦးမင်းနိုင်က လုပ်ငန်းအကြောင်းစကားပြောရင်းနဲ့ ကြည့်လိုက်တဲ့အချိန်မှာ ကောင်မလေးလည်း သူ့ခိုးလူမိပုံစံမို့ ရှက်ပြုံးပြုံးလိုက်တယ်။ အဲဒီအချိန်မှာ မျက်လုံးချင်းဆုံခဲ့မိတယ်။ ပြီးတော့ ကောင်မလေးက အကျီဆိုင်ရောက်တော့ သူကြိုက်တာ ဝတ်ကြည့်တယ်။ ဈေးနှုန်းကြည့်လိုက်တော့ ငါးထောင်တဲ့။ မဝယ်နိုင်ဘူးလေ။

အဲဒီအချိန်မှာ ဦးမင်းနိုင်က ရောက်လာပြီး အကျီကြိုက်ရင် ဝယ်ပေးမယ်လို့ ပြောတော့ ကောင်မလေး မယူဘူး။ ဒုတိယအကြိမ် ထပ်တွေ့တာပဲလေ။ အဲ သူတို့တွေ နောက်တစ်ကြိမ် သွားကြမယ်တာ ဒုတိယရက်ပေါ့။ ရင်ခုန်စရာ ရက်လေးပါပဲ။

* I love you, and that's what matters.

www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယား ကစားတာ ပွဲတိုင်းရှုံးတယ်။ စိတ်ဓာတ်ခွန်အားတွေ ကျလာတယ်။ မျှော်လင့်ချက်တွေ ပျောက်ကုန်တယ်လေ။ အမောပြေ ကော်ဖီသောက်တော့ တွက်ချက်ရပြန်တယ်။ လက်ထဲမှာ မကျန်ချင်တော့ဘူး။ သူတို့ ဆုံးဖြတ်တယ်။ ခေါင်းပန်းလှန်တယ်။ တကယ်လို့ ခေါင်းဆို ဆက်ကစားမယ်။ တကယ်လို့များ ပန်းဆိုရင် နောက်ဆုတ်မယ်ပေါ့။

ကံကြမ္မာကတော့ သူတို့လောင်းကစားကို ထပ်ကစားဖို့ ဦးတည်ပေးလိုက်တယ်။ ခေါင်းကျသွားတယ်။ မကျေပွဲနွဲမယ်ပေါ့ဆိုပြီး ပြန်ကစားတယ်။ ဒီတစ်ခါ ကစားတော့ ရှိတာက နည်းနည်းလေး ဆိုတော့ ဆုံးဖြတ်ချက်တွေ မမှန်တော့ဘူး။ ရှိတာလေးနဲ့ နောက်ဆုံးလက်ကျန်ကို အလုပ်လုပ်ရတဲ့အခါ ဘဝမှာ တွေဝေစရာတွေ ဖြစ်လာတယ်။ တောင်ဘက်က မှန်သလို မြောက်ဘက်က မှန်သလိုပဲလေ။ သူတို့လည်း စဉ်းစားရပြီ။ အများမခံရဲတော့ဘူး။ ဒါပေမဲ့ လောင်းကစားဆိုတာ Yes နဲ့ No ပဲ။ ဟိုလိုလို ဒီလိုလို လုပ်လို့မရဘူး။ ဒီတော့ ဆုံးဖြတ်ရတာပဲ။

နောက်ဆုံးအဖြေကတော့ ဒီပွဲမှာ ရှုံးခဲ့တာပါပဲ။ ဘာမှ မတတ်နိုင်တော့ဘူးလေ။ ပြီးသွားပြီ။ ပြန်မရနိုင်တော့တဲ့ ဆုံးရှုံးမှုတွေလေ။ အဲ... သူတို့လည်း ရှုံးသွားပြီး လုပ်စရာမရှိတော့ စိတ်ညစ်ညစ်နဲ့ လျှောက်မိလျှောက်ရာ လမ်းလျှောက်ကြတယ်။ လူဝိုင်းနေတဲ့ လောင်းကစားပွဲတစ်ပွဲကို ရောက်တော့ ပွဲကကြမ်းတယ်။ လောင်းကြေးက တစ်သန်းက စတာတဲ့။

အဲဒီအချိန်မှာ ဦးမင်းနိုင်ကိုတွေ့ပြီး မျက်လုံးချင်း ဆုံပြန်တယ်။ ဦးမင်းနိုင်ကလည်း သူဌေးကြီးလေ။ ဒါ မဖြုံဘူးပေါ့။ ဒီတော့ ကောင်မလေးကို ခေါ်တယ်။ သူ ရှုံးနေတယ်။ ကံဆိုတာ ပြောလို့မရလို့ လာကစားပေးပါပေါ့။ သူ့ယောက်ျားကိုလည်း ခွင့်တောင်းတာပဲ။ ယောက်ျားကလည်း ကံစမ်းတာဆိုတော့ လုပ်ပါပေါ့။ အဲ... ကံစမ်းပေးမယ့်





အဲဒီဖဲဝိုင်းမှာ ကျပ်တစ်သန်းရှုံးသွားတာပဲ။ ဦးမင်းနိုင် အပြုံးမပျက်ခဲ့ဘူး ဒါနဲ့ နောက်တစ်ဝိုင်းရှိသေးတယ်။ အနိစ္စတုံးမှာ ကံစမ်းမယ်ပေါ့။ စမ်းကြည့်တာပေါ့ဆိုပြီး တစ်သန်းပဲလောင်းတာ။ ဒီပွဲမှာ ကောင်မလေး နိုင်သွားတယ်။ ကောင်မလေးလည်း ပျော်သွားတယ်။ ကိုယ့်ပိုက်ဆံ မဟုတ်ပေမယ့် သူ ကစားပေးတာ နိုင်သွားတာကိုး။

**မောင်အတ္တ** ။ ။ အိုး... ချမ်းသာတဲ့သူကျတော့ လွယ်လိုက်တာ။

**ဒေါက်တာနီး** ။ ။ အေးကွာ။ အဲဒီတော့ ဦးမင်းနိုင်က လည်လိုက်တာ

အကုန် အကွက်ချပြီးသား။ လင်မယားနှစ်ယောက်ကို ပြောလိုက်တာ။ ကျေးဇူးတင်တဲ့အနေနဲ့ ဒီဟိုတယ်မှာ တစ်ညတည်းခွင့်နဲ့ ကြိုက်တာစားသုံးခွင့်ကို သူ့နာမည်နဲ့သုံးဖို့ ခွင့်ပြုလိုက်တယ်။ လင်မယားနှစ်ယောက်ကလည်း မငြင်းဘူးလေ။ အဲဒါနဲ့ ညကျ သူတို့တည်းတာက အကောင်းဆုံး ဟိုတယ်ကြီးမှာ၊ လက်ထဲမှာက ပိုက်ဆံတစ်ပြားမှ မရှိ ကိုယ်ပိုင်အိမ်ရယ်လို့ မရှိ။ ဦးမင်းနိုင်က တစ်ခါ ညစာကျွေးချင်ပါတယ်ဆိုပြီး ဖိတ်တယ်။ ဒီတော့ သူတို့ ထပ်တွေ့ ကြပြန်တယ်။

ညပွဲအတွက် ဦးမင်းနိုင်က ကောင်မလေးကြိုက်တဲ့ အကျီကို ပို့ပေးတယ်။ ကောင်မလေးလည်း အံ့သြသွားတယ်။ သူတို့ ဘီလီယက်ထိုးကြတော့ ဦးမင်းနိုင်က လောကနီယာမစကား ပြောတယ်။ ပြောနေရင်းနဲ့ပဲ "မင်းမိန်းမကို တစ်ည တစ်သန်းနဲ့ ငှားမယ်ဆိုရင် ခွင့်ပြုမလား" ပေါ့။ ဦးမင်းနိုင်က အတည်လိုလို၊ နောက်သလိုလို ပြောတာနော်။ ဒီတော့ ကောင်မလေးက ပြန်ပြောတယ်။ ငှားလည်း လူသာရမယ်။ စိတ်ကိုတော့ မရဘူးပေါ့။ ငှားမယ်လို့ဆိုရင်လည်း ဘယ်သူငှားမလဲ။ မဖြစ်နိုင်ဘူး ပြောတာ။

အဲ... ဒီတစ်ခါတော့ ဦးမင်းနိုင်က အတည်ပြောလိုက်တယ်။ "ငါ တကယ် ငှားမှာနော်။ တစ်ညတည်းပဲ။ တစ်ညတည်းကို တစ်သန်း ရသွားတာနော်။ ဘဝတစ်ခုလုံး အဆင်ပြေသွားမယ်။ ချက်ချင်းမစဉ်းစားနဲ့

* All is fair in love and war.

www.burmeseclassic.com

www.burmeseclassic.com



တစ်ညအိပ်လိုက်ဦး။ နောက်မှအဖြေပြော။ တကယ်လို့ လက်ခံပြီဆိုရင် ပြန်ပို့တဲ့အချိန်မှာ ပိုက်ဆံထုပ်ယူပြီး ကြိုက်တာလုပ်ပေတော့” လို့ ပြောလိုက်တာ။

**မောင်အတ္တ** ။ ။ ဟာ… ကောင်းခန်းရောက်ပြီပဲ၊ ဘယ်သူမှ မတွေးတဲ့ အတွေးနော်၊ သူများမိန်းမကို တစ်ည တစ်သန်း ငှားရတယ်လို့ ချမ်းသာတဲ့လူများ မဖြစ်နိုင်တာ၊ မလုပ်သင့်တာ မသိတော့ဘူး။ ရအောင် လုပ်တာပဲနော်။

**ဒေါက်တာနီး** ။ ။ အေး အဲဒီညမှာ မိန်းမရော၊ ယောက်ျားရော အိပ်မပျော်ကြဘူး။ သူတို့လိုနေတာ ငွေ၊ သူတို့ပေးဆပ်ရမှာက ဘဝထဲက အချစ်၊ အိမ်ထောင်ရေးရဲ့ အနှစ်လေးပါ။ ဆုံးဖြတ်ဖို့ ခက်နေတယ်။ ငွေလိုချင်တယ်။ ဒီငွေကို စားပြတိုက်ရင် ရချင်မှရမယ်။ လူသတ်ရင် ထောင်ကျမယ်။ တစ်ည ငှားလိုက်တာနဲ့ တစ်သန်းက လွယ်လွယ်လေးတဲ့၊ ဒါပဲ စဉ်းစားနေမိကြတယ်၊ သက်ပြင်းတွေချတယ်။ ဒီတော့ မိန်းမက တစ်ခါတည်း ဖွင့်ပြောတော့တာပဲ၊ ဒီစကားပြောချက်က ကောင်းတယ်။ ယောက်ျားအတွက် သွားပြီး နေပေးမယ်တဲ့။ ငါတို့ မညားခင်ကလည်း တခြားတစ်ယောက်နဲ့ နေဖူးတာပဲတဲ့။ ခုဟာက တစ်ညတည်း။

ဒီလိုကောင်မလေးကပြောတော့ ကောင်လေးကထပြီး စကားများတော့တာပဲ။ ဘာလို့ ခုမှပြောရတာလဲ။ ဒါကို အရင်က ပြောပါလားပေါ့။ ချန်ထားရမလားပေါ့။ ဒီတစ်ခါ ကောင်မလေးက ပြန်ပြောတယ်။ ရှင်လည်း ကျွန်မနဲ့မတည့်တော့ တခြားတစ်ယောက်နဲ့ သွားနေတာပဲလေ။ ဒီတော့ နှစ်ယောက်စလုံးက ဒီအချိန်မှာ ပွင့်ပွင့်လင်းလင်း ပြောလာကြတယ်။ အံ့ဩစရာကတော့ကွာ၊ လင်မယားတွေဟာ နောက်ကြောင်းလေးတွေ ချန်ထားကြတာပဲ သိလား။

အေး… နောက်ဆုံးရလဒ်ကတော့ ငွေကြောင့် သူတို့ တစ်ညသွားနေဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီနေရာမှာ ယောက်ျားက ခွင့်ပြု





လိုက်ရတယ်နော်။ စဉ်းစားကြည့်စမ်းကွာ။ ဘယ်လောက် ခံရခက်မလဲ။ ပေးသင့်သလား၊ မပေးသင့်ဘူးလား ဆုံးဖြတ်ပေါ့။ နောက်နေ့ကျ သူ့ကို ဦးမင်းနိုင်နဲ့ ထည့်ပေးလိုက်တာပေါ့။ ထည့်ပေးပြီးတော့မှ ယောက်ျားလုပ်သူမှာ ထိုင်ရခက် ထရခက်။ အတွေးတွေမျိုးစုံ ဝင်လာတော့တာပဲ။ စိတ်မချတာတွေ ယုန်ထင်ကြောင်ထင်ပေါ့ကွာ။ သူ့စိတ်မှာ ပြန်ဝင်လာတဲ့ အချက်က ငွေမရှိလည်း ချစ်လို့ရတာပဲ ဆိုတဲ့အတွေးပဲကွာ… နောက်ကျသွားပြီလား။ Yes နဲ့ No မှာ Yes ဖြေ ပြီးပြီလေ။ သူ့မိန်းမကို ပြန်ရှာတယ်။ ဟိုတယ်အနှံ့ပေါ့။* ဦးမင်းနိုင်ကို ရှာတယ်။

ဦးမင်းနိုင်က သူဌေးလေ။ ဒီတော့ ဟိုတယ်မှာရှိတဲ့ ဟယ်လီကော်ပတာနဲ့ ဖိမ်ခံသင်္ဘောပေါ် ခေါ်သွားပြီ။ ယောက်ျားလုပ်သူ ဘာမှ လုပ်လို့မရတော့။ ငိုပွဲဆင်ဖို့ပဲ ရှိတယ်။ အမှားကို ပြင်မရတော့ဘူး။ အချိန်မမီတော့ဘူးလေ။ သူ ဝမ်းနည်းရုံကလွဲလို့ ဘာမှ လုပ်မရတော့ဘူး။ ဦးမင်းနိုင်နဲ့ ကောင်မလေးက သင်္ဘောပေါ်မှာပေါ့။ ကောင်မလေးလည်း ကြောက်တော့ ကြောက်တာပဲလေ။ ဒါပေမဲ့ ဦးမင်းနိုင်က သုံးတတ်တယ်။ မိန်းမကျမ်းကြေတယ်။ ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာ သိတယ်။ အကြမ်းမသုံးဘူး။ ကောင်မလေးနဲ့တွေ့တော့ ကောင်မလေးကိုပြောတယ်။ ငါ မတရားတာမလုပ်ဘူး။ စိတ်မပါတာတွေ မစဉ်းစားဘူးပေါ့။ ဒီတော့ ကံတရားက ဆုံးဖြတ်ပေးမယ်။ ဒီကံတရားကိုတော့ လက်ခံပါ။ အကြွေစေ့ ထုတ်လိုက်တယ်။ ပြောပြတယ်။

“ဒီအကြွေစေ့က တစ်စေ့ပဲရှိတယ်။ ပျောက်လို့မရဘူး။ တစ်ကြိမ်ပဲ ဆုံးဖြတ်ပါပေါ့။ တကယ်လို့ ပန်းကျခဲ့ရင် ငါ မင်းကို ခုပဲ ပြန်လွှတ်လိုက်မယ်။ မင်း ပြန်လိုက်တော့။ အဲ… ခေါင်းကျရင်တော့ ငါ့နားမှာပဲနေ” လို့ ပြောတယ်။ ခေါင်းပန်လှန်တဲ့အခါ ခေါင်းကျသွားတော့ ကောင်မလေးလည်း အမှန်တရားပဲဆိုပြီး ဦးမင်းနိုင်နဲ့ တစ်ည နေလိုက်ရတယ်လေ။

* All the world loves love.

www.burmeseclassic.com

www.burmeseclassic.com



**မောင်အတ္တာ** ။ ။ ဟာ… တော်တော်လေး ဉာဏ်သွားတာပဲနော်။

**ဒေါက်တာနိုး** ။ ။ အေး… ဒါကြောင့် ပြောတာ။ စဉ်းစားစရာတွေပါ ဆို။ နောက်နေ့ကျတော့ ဦးမင်းနိုင်က ကတိတည်တယ်လေ။ ပိုက်ဆံပေးလိုက်တယ်။ သူတို့ ပိုက်ဆံရသွားတာနဲ့ သူတို့အိမ်ပြန်ပြီး အပေါင်ရွေးတာ။ သုံးရက်နောက်ကျသွားလို့ မရလိုက်ဘူး။ ဒါနဲ့




ပိုညာနဲ့တလေ



အိမ်က ဆုံးသွားတယ်။ ပြန်ဝယ်တဲ့သူမေးတော့ မသိရဘူးလေ။ ဒါနဲ့ပဲ သူတို့ကိုယ်ပိုင်အိမ်လေးဝယ်ပြီး လင်မယားနေကြတာပေါ့။ တစ်နေ့ကျတော့ မိုးခြစ်ခြစ်တော့ မီးခြစ်ဘူးက ဇိမ်ခံသဘော်နာမည်ဖြစ်နေတော့ ယောက်ျားက ဘယ်ကရလဲ ဦးမင်းနိုင်ဟာတွေ ရှိနေတော့ ဘယ်လိုနေခဲ့သဲ မေးတော့တာပဲ။ ယောက်ျားတစ်ယောက်ရဲ့ မနာလိုမှုတွေ စတော့တာ ပဲ။

ဒါနဲ့ ကောင်မလေးက ပြန်ပြောတယ်။ ဒါတွေ ပြန်မဖော်နဲ့တော့၊ ပြီးတာတွေ ပြီးပြီ။ နှစ်ဦးသဘောတူ ဆန္ဒအလျောက် နေခဲ့ပြီပဲပေါ့။ ဒါပေမဲ့ ယောက်ျားရဲ့စိတ်မှာ ပြီးတာတော့ ပြီးသွားပြီ။ ဒါပေမဲ့ ဆက်ပြီး အဆက်အသွယ်ရှိတယ်လို့ ထင်နေတယ်။ အမှန်က လုံးဝ အဆက်အသွယ်မရှိဘူး။ ကောင်မလေးလည်း ပုံမှန်ပဲ။

တစ်ရက်ကျ ကောင်မလေးက သူ နေတဲ့ အိမ်ဝယ်တဲ့သူ ပြန်စုံစမ်းတဲ့အခါ ဦးမင်းနိုင် ဖြစ်နေလို့ သူ့ဆီလိုက်သွားတယ်။ ဦးမင်းနိုင်ကို ပြောတယ်၊ ဘာလို့ သူတို့အိမ်ကိုဝယ်တာလဲ စသည်ဖြင့်ပေါ့ကွာ။ အဲဒီမှာ ကောင်မလေးက ဒေါသ ပေါက်ကွဲလာတာ။ ဒါနဲ့ အိမ်ပြန်လာတော့ ယောက်ျားကလည်း နဂိုကတည်းက မယုံချင်တဲ့သူလေ။ ပြန်လာတော့ မေးတော့တာပဲ။ ကောင်မလေးက ရိုးရိုးသားသားပဲ အမှန်အတိုင်း ပြောပြတယ်။ ဦးမင်းနိုင်ဆီ ရောက်တယ်ပေါ့။ ဒါနဲ့ပဲ ယောက်ျားရဲ့ မယုံသင်္ကာမှုတွေ ပေါက်ကွဲတော့တာပဲ။ Sex တင် မဟုတ်တော့ဘူး။ Love ပါ ပါသွားပြီပေါ့။ ဖြစ်တတ်တာပဲလေ။

ဒီတော့ ထုံးစံအတိုင်း ယောက်ျားက အိမ်ကနေ ဆင်းသွားတယ်။ ပြန်မလာတော့ဘူးလေ။ ကောင်မလေးလည်း အိမ်ပွဲစားအဖြစ် အလုပ်လုပ်နေရင်း တစ်နေ့ကျ ဦးမင်းနိုင်က ရောက်လာပြီး အိမ်တွေလိုက်ကြည့်ချင်တယ်ပြောတော့ ကောင်မလေး လိုက်ပြရတယ်။ ကောင်မလေးက ဦးမင်းနိုင်ကို ဒေါသထွက်နေတာလေ။ ဒါပေမဲ့ အလုပ်ရှင်ကြောင့် လုပ်ပေးနေရတယ်။

* Love make the world go round.

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအိမ်တွေ လိုက်ပြရင်းနဲ့ပဲ ကောင်မလေးက လိုတာလုပ်ပေးဆိုတော့ ဦးမင်းနိုင်နဲ့ ငြိသွားတယ်။ ဦးမင်းနိုင်ရဲ့ စည်းစိမ်အပြုအမူ အပြုအစုမှာ သာယာနေမိတယ်။ ယောကျ်ားကို ကွာရှင်းခွင့်တောင်းလိုက်တယ်။ ဒီလို ကွာရှင်းခွင့်တောင်းလို့ စာချုပ်ပေါ်မှာ လက်မှတ်ထိုးတော့ နောက်ဆုံး သူတို့ရဲ့ ခွဲခွာခြင်းအကြည့်က အချစ်သံယောဇဉ်၊ မေတ္တာတွေပါတဲ့ မျက်လုံးအကြည့်လေးတွေကို သူဌေးဦးမင်းနိုင် တွေ့သွားတယ်။ ဒီလိုနဲ့ ခွဲခွာခဲ့ရတယ်။

ဦးမင်းနိုင်က စကားစပြောတယ်။ တစ်သန်းတန်တဲ့မိန်းမတွေထဲမှာ ဒီမိန်းမ အတော်ဆုံး၊ အပျော်ရဆုံးလို့ ပြောလိုက်တယ်။ ဒီတော့ ကောင်မလေး ကြားသွားလိုက်တာက မိန်းမတွေထဲဆိုတော့ ဒီလိုလုပ်လာတာ များနေပြီလားပေါ့။ ဒါနဲ့ ဘယ်နှယောက် ရှိပြီလဲ မေးတော့ စုစုပေါင်း ၁၂ ယောက်ရှိပြီလို့ ဦးမင်းနိုင်က ပြောတယ်။ ဒီမှာတင် ကောင်မလေးစိတ်ထဲမှာ အချစ်နဲ့ တဏှာကို ခွဲခြား သိသွားတယ်။

တဒင်္ဂသာယာမှုနဲ့ တစ်ဘဝသာယာမှုမတူတာ နားလည်သလိုဖြစ်ပြီး ကားသမားကို ကားရပ်ခိုင်းပြီး ရောက်တဲ့နေရာမှာ ဆင်းနေမယ် ဆိုပြီး ပြောတယ်ပေါ့။ ဒီတော့ ဦးမင်းနိုင်က ဘာမှမပြောဘူး။ လက်ဆောင်အကြွေစေ့လေးပဲ ပေးလိုက်တယ်။

**မောင်အတ္တ** ။ ။ ဟာ ဘာဖြစ်လို့လဲ။ ခေါ်လည်းမထား၊ မတားဘဲနဲ့ အကြွေစေ့ပေးလိုက်တာလဲ။

**ဒေါက်တာနိုး** ။ ။ အကြောင်းရှိတာပေါ့။ ကောင်မလေး ကြည့်လိုက်တယ်။ အကြွေစေ့က နှစ်ဖက်စလုံး ခေါင်း ဖြစ်နေတယ်။ ဘယ်လောက် လည်သလဲကွာ။ မင်းစဉ်းစားကြည့်။ ကောင်မလေးကို လှည့်စားသွားတာ။ အေး… သူပြောတဲ့စကားက ပိုတောင်အဓိပ္ပာယ်ရှိသေးတယ်။





**မောင်အတ္တ** ။ ။ ဘာလဲ… ဆရာ ကောင်းခန်းရောက်ရင် ဖြတ်တော့မလို့လား။

**ဒေါက်တာနိုး** ။ ။ ဒါတော့ပြီးအောင် ပြောမယ်ကွာ။ ကားသမားက မေးတယ်။ ဒီကောင်မလေးနဲ့ နေရတာ ပျော်တယ်လည်းပြောပြီး ဘာလို့လွှတ်လိုက်တာလဲတဲ့။ ဒီတော့ ဦးမင်းနိုင်က '**ကောင်မလေးရဲ့အကြည့်က ငွေအပေါ်ကြည့်တဲ့မျက်လုံးနဲ့ သူ့ယောကျ်ားအပေါ်ကြည့်တဲ့မျက်လုံး မတူဘူးတဲ့**' ဦးမင်းနိုင် Love နဲ့ Sex ကို နားလည်သွားတာ။ သူ လိုချင်တာက Love လေ။ ဆုံးဖြတ်ချက်ကို မျက်လုံးနဲ့ စဉ်းစားလိုက်တယ်နော်။ ကောင်မလေးလည်း နောက်ဆုံးတော့ သူ့ယောကျ်ားဆီပဲ ပြန်သွားတော့တာပဲလေ။ ယောကျ်ားကလည်း နားလည်မှု၊ ခွင့်လွှတ်မှု၊ နှစ်သက်မှု၊ ချစ်ခြင်းတွေနဲ့အတူ ကြည်ကြည်ဖြူဖြူ လက်ခံလိုက်တာနဲ့ ပြီးသွားတာပဲ။

**မောင်အတ္တ** ။ ။ သိပ်ကောင်းတယ် ဆရာ။ ကျွန်တော် ကြိုက်တယ်။ ကျွန်တော် G-Spot တောင် မမေးချင်တော့ဘူး။ ဆရာက ရပ်တော့မယ်ဆိုတာ သိနေလို့။

(စကားချပ်–Indecent Proposal ဇာတ်လမ်းကို ပြောပြခြင်းဖြစ်ပါသည်)

* Lucky at cards, unlucky in love.

www.burmeseclassic.com

www.burmeseclassic.com

## G-Spot

**မောင်အတ္တ** ။ ။ ဒီနေ့တော့ ပြောလို့ရပြီပေါ့နော် ဆရာ။

**ဒေါက်တာနီး** ။ ။ အေးပါကွာ... ပြောပါ့မယ်။ ငါပြောခဲ့တာက UFO နဲ့တူတဲ့ G-Spot မဟုတ်လား။

**မောင်အတ္တ** ။ ။ ဟုတ်တယ်ဆရာ။ ဘာကြောင့် ဒီအကြောင်းပြောတာလဲလို့ပါ။

**ဒေါက်တာနီး** ။ ။ UFO ဆိုတာက Unidentified Flying Object ကို ပြောတာပဲ။ အဖြေရှာလို့မရတဲ့ ပျံသန်းတဲ့ပစ္စည်းပေါ့။ ပန်းကန်ပြားပျံပေါ့ကွာ။ အေး... အဲဒီလို UFO ဟာ ဘာမှန်းမသိတာကိုပဲ G-Spot လို့ ပြောတာပဲ။

**မောင်အတ္တ** ။ ။ ဒါနဲ့များ ဆရာရယ်။ ဆန်းဆန်းပြားပြား ပြောနေရတယ်လို့ ဘာမှန်းမသိတော့ ဘာမှမဟုတ်ဘူးပေါ့။

**ဒေါက်တာနီး** ။ ။ အေး... လျှို့ဝှက်ချက်ရှိတယ်ကွ။ အမျိုးသမီးတွေအတွက် ခလုတ်၊ သော့ပဲ။ ဒီခလုတ်ကို သွားမထိရဘူး။ ထိရင် မီးပွင့်သွားမယ်။ အန္တရာယ်များတယ်။

**မောင်အတ္တ** ။ ။ ရှင်းရှင်းပြောပါ ဆရာရယ်။

**ဒေါက်တာနီး** ။ ။ ဒီလိုကွ။ အမျိုးသမီးတစ်ယောက်အတွင်း ခံစားမှုအပြည့်အဝ အရရှိဆုံးနေရာလို့ ပြောရင် ရတယ်။ ဒီလိုခံစားမှုအပြည့်အဝ ရရှိတဲ့နေရာဆိုတော့ လူဆိုတာ စွဲတာပေါ့။





အရွယ်ရောက်ပြီးရင် ကိစ္စမရှိဘူး။ အရွယ်မရောက်သေးရင် အန္တရာယ်လို့ ပြောတာ။ ဒီအချက်က သိပ်အရေးကြီးလို့ ပြောရတာ။ အာရုံ ခံစားမှု အထွတ်အထိပ်ကို ရောက်လာနိုင်တယ်လို့ ပြောချင်တာပေါ့။ သဘာဝ တရားဆိုတာ မခံစားဖူးရင် အရူးအမူးဖြစ်စေတယ်။ ပထမဆုံး ခံစားရဖူးရင် ဖွဲလမ်းတာတွေ၊ နှစ်သက်တာတွေ၊ ရယူခံစားလိုတာတွေနဲ့ ပြည့်နေတာပဲ။

**မိန်းကလေးတစ်ယောက်မှာ အရေးကြီးဆုံး အာရုံခံစားနိုင်တဲ့ နေရာတွေရှိတယ်။** အဲဒါတွေက နံပါတ်တစ် ကလစ်တိုရစ် (Clitoris) လို့ခေါ်တဲ့ နေရာလေးပေါ့။ မျိုးပွား အင်္ဂါအသေးစားလို့ ပြောကြတယ်။ နောက်တစ်မျိုး ပြောရင် C-Spot ပေါ့။ ထိတွေ့တဲ့အခါ အာရုံခံစားမှု ဖြစ်စေနိုင်တဲ့ နေရာတစ်ခုပေါ့။

နောက်တစ်ခုက U-Spot တဲ့။ ဆီးသွားလမ်းအဖွင့်နား တစ်ဝိုက်ကို ခေါ်တာပဲ။ ဒီနေရာကလည်း အမျိုးသမီးတွေအတွက် အာရုံ ခံစားလို့ ကောင်းတဲ့နေရာပေါ့။

နောက်နံပါတ် သုံးနေရာကလည်း G-Spot ပဲ၊ သားအိမ်နား တစ်ဝိုက်ကိုပြောတာ။

နံပါတ်လေးနေရာက D-Spot တဲ့၊ C-Spot ထက် နောက်နား ရောက်ပြီး အထဲကို ပိုရောက်သွားတယ်။ Deep-Spot လို့ ပြောနိုင်တယ်။

နောက်ဆုံးနံပါတ်ငါးကတော့ G-Spot ပဲ။ G-Spot ကတော့ အမျိုးသမီးအင်္ဂါရဲ့ အတွင်းပိုင်း နှစ်လက်မလောက်ရှိတဲ့နေရာကို ခေါ်တယ်။ အာရုံကြောတွေ ဆုံတဲ့နေရာပဲ။ ဒါကြောင့် G-Spot က နာမည်ရှိ တယ်။ ခေတ်စကားပေါ့ကွာ။

G-Spot ကို Dr. Ernst Grafenberg က ၁၉၅၀ ပြည့်နှစ်မှာ စတွေ့ခဲ့တယ်။ ဒါပေမဲ့ ဘယ်လို တွေ့လာသလဲဆိုတာတော့ မပြောဘဲ ချန်ထားတယ်။ ဒါကို နားလည်တဲ့သူက ကျမ်းကျေတယ်ပေါ့ကွာ။* အမျိုး သမီးတွေ အကြိုက်ကို သိတယ်လို့ ပြောနိုင်တယ်။

* No love like the first love.

www.burmeseclassic.com

www.burmeseclassic.com



**မောင်အတ္တ** ။ ။ ဒါကြောင့်ကိုး။ တလွဲအသုံးချလို့ မရဘူးနော်။ ဒါကို ခံစားဖူးရင် ထပ်ခံစားချင်မှာပဲနော်။

**ဒေါက်တာနိုး** ။ ။ အေးပေါ့။ ဒီဆန္ဒတွေ ဝင်လာရင် စိတ်မှာ မနေ တတ်ဘူး ဖြစ်နေတာပဲ။ အမျိုးသားမရှိတောင် ကိုယ့် ဘာသာ ဆန္ဒဖြေဖျောက်တယ်။

**မောင်အတ္တ** ။ ။ အမျိုးသားမပါဘဲ အမျိုးသမီးတွေ ဆန္ဒဖြေဖျောက် တာ ရှိလား။

**ဒေါက်တာနိုး** ။ ။ ရှိတာပေါ့။ သူလည်း လူသားပဲ။ ခံစားချက်နဲ့ပဲလေ။

**မောင်အတ္တ** ။ ။ နားလည်ပြီ ဆရာရေ။ ဒါကြောင့် ဆရာက G-Spot အရေးကြီးတာကို ပြောနေတာကိုး။ မလွယ်ဘူးနော်။

**ဒေါက်တာနိုး** ။ ။ နောက်ပြီး အိမ်ထောင်သည် အမျိုးသားနဲ့ အမျိုး သမီးမှာ အရေးကြီးတာက အမျိုးသားတွေက အမျိုး သမီးတွေကို ဒီလို Sex ကိစ္စကို အစပျိုးပေးရတယ်။ အမျိုးသမီးတွေက သဘာဝကကို အစပျိုးမှာ မဟုတ်ဘူး။ ချစ်ရေး ကြိုက်ရေးဖြစ်တဲ့ ကိစ္စ မှာသာ သူတို့ချစ်နေရင် Love ကို သူတို့ရေလာ မြောင်းပေးလှပ်ကြတယ်။


အဲ… ကိုရီးယားကျ ရှင်းရော။ သူတို့ကကို စတယ်။ သူတို့က လုတယ်။ "အချစ်နဲ့စစ် မှာ မတရားတာ မရှိဘူး" ဆိုတာတွေ၊ "အချစ်ဆိုတာ ဦးရာလှူပါ" ဆိုတဲ့စကားတွေနဲ့ ကိုက်ညီနေတယ်။ တို့လူမျိုးတွေက ဒီလိုမဟုတ်ဘူး။ "မိန်းမတို့ ဣန္ဒြေ ရှေ့ပေးလို့မရ" တဲ့။ ဒါကြောင့် အမျိုးသားက Love ကိုလည်း အစပျိုး၊ Sex ကိုလည်း အစပျိုးရမှာဆိုတော့ အမျိုးသားတွေ သိထားဖို့လိုတယ်။

**မောင်အတ္တ** ။ ။ ဆရာရယ်။ ဒါတော့ ဆရာမပြောလည်း သိပါတယ်။ အမျိုးသားတွေက ခေသူတွေမှ မဟုတ်တာ။

**ဒေါက်တာနိုး** ။ ။ အမျိုးသားတွေ သတိမေ့နေတဲ့ အချက်တစ်ချက် ရှိတယ်။ အဲဒါက အိမ်ထောင်ပြုချိန်ကို မသတ်မှတ်








နိုင်တာပါ။ ဘာလို့လဲဆိုတော့ အိမ်ထောင်ပြုမယ်လို့ သတ်မှတ်ပြီးတဲ့ အချိန်မှာ အိမ်ထောင်ရေးအတွက် အရေးကြီးတဲ့ တက်စတိုစတီရုန်း (Testosterones) က အသက်ကြီးလာလေ၊ ကျဆင်းလာလေ ဖြစ်နေလို့ပါပဲ။

အရင်တုန်းက ငယ်ငယ်နဲ့ အိမ်ထောင်ကျတယ်။ ကလေး ငါးယောက် အထက်မွေးတယ်။ မွေးပြီး အသက်ကြီးလာတော့ မြေးတွေနဲ့ ဖြစ်နေပြီလေ။ ဒီတော့ ဒီခေတ်အမျိုးသားတွေက Sex ကို ကြာကြာမခံစား ရတော့ဘူး။ ဒါကို သတိမရကြဘူး။ စဉ်းစားတဲ့အထဲမှာလည်း မပါဘူး။ အရေးကြီးတာက အဆင်ပြေဖို့နဲ့ ကြိုက်တာကို ရဖို့ပဲ တွက်လာတာကိုး။ Sex နဲ့ Love မှာ အမျိုးသားတွေက ဟော်မုန်းနည်းတာ၊ များတာနဲ့ ဆိုင်နေတယ်။

* True love never grows old.

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားတွေရဲ့ အကျင့်တစ်ခုက Sex ပြီးတာနဲ့ ခုတင်ပေါ်က ဆင်းတော့တာပဲ။ ပြီးရင် တီဗီ ကြည့်ရင်ကြည့်တယ်။ ဆန္ဒရှိတာ လုပ်ဆောင်ကြတယ်။ အမျိုးသမီးနားမှာ မရှိကြတော့ဘူးလေ။ တိရစ္ဆာန်တွေထဲမှာ သိုး၊ နွား၊ ကြက်တို့ကျ Five- Sex-Session ဆိုပြီး တွေ့ရတယ်။ သူတို့ကျတော့ "အမ" တွေကို အနည်းဆုံး ငါးကြိမ် ဆက်ဆံနိုင်တယ်။

**မောင်အတ္တ** ။ ။ လူသားတွေနဲ့တော့ ကွာတယ်နော်။

**ဒေါက်တာနိုး** ။ ။ မထင်နဲ့ ကိုယ့်လူ။ တချို့က ပြောကြတယ်။ နောက်အသစ်တစ်ယောက်ဆို အမျိုးသားတွေက ရသေးတယ်တဲ့။ ဒီတစ်ယောက်ကိုသာ မရတာတဲ့။ သဘာဝက မျက်နှာသာပေးတာ လွန်တာပေါ့။

**မောင်အတ္တ** ။ ။ ဒီလိုကျပြန်တော့ ဟုတ်တာပဲနော်။

**ဒေါက်တာနိုး** ။ ။ ဒါကြောင့်လေ **အမျိုးသမီးတွေက လက်ထပ်တော့မယ်ဆိုရင် သည်းခံတတ်တာ၊ ကြင်နာတတ်တာ၊ မျှဝေခံစားတတ်တာကို မျှော်လင့်တာ။** တကယ်တမ်းကျတော့ သူတို့ရတာတွေက လေချဉ်တက်တာတွေ၊ အနံ့ဆိုးတာတွေ၊ အရက်နံ့တွေနဲ့ ယောက်ျားရသွားကြရော...။

**မောင်အတ္တ** ။ ။ ရတာမလို လိုတာမရဆိုတာ ဒါကိုပြောတာ ဖြစ်မှာပေါ့။

**ဒေါက်တာနိုး** ။ ။ အမျိုးသမီးတွေတင် လိုချင်တာ မဟုတ်ဘူး။ အမျိုးသားတွေကလည်း သူတို့ လိုချင်တာက ကြည့်ဦး။ Playboy မဂ္ဂဇင်းထဲက အမျိုးသမီးတွေနဲ့ နေချင်တယ်လို့ဖြစ်ပြီး သေချာတွေးကြည့်ကြတာတော့ Mother Teresa လို အမျိုးသမီးနဲ့ နေချင်ကြပြန်ရောနော်။ ဒါဟာ Love နဲ့ Sex ခွဲပြီး ခံစားတာပဲလေ။

**မောင်အတ္တ** ။ ။ ဒါတော့ လူတိုင်းပဲလေ။ အမြဲတမ်းနေရမှာဆိုတော့ စိတ်ကို ဦးစားပေးလာတာပဲလေ။





**ဒေါက်တာနိုး** ။ ။ အမျိုးသားတွေချည်းပဲ Sex.. Sex နဲ့ ပြောနေတာကွ။ တကယ်တမ်းကျတော့ အမျိုးသမီးတွေဟာလည်း အမျိုးသားတွေလိုပဲ Sex ကို လိုချင်ကြတာပဲ။ Sex လိုချင်ကြတာချင်းတူပေမယ့် အမျိုးသမီးတွေက ဖြည်းဖြည်းလေးနဲ့ သွားချင်ကြတာ။ ဒါကို အမျိုးသားတွေက မသိကြဘူး။ အမျိုးသားတွေက ထမင်းစားပြီးတာနဲ့




* When poverty comes in at the door, love files out of the window.

www.burmeseclassic.com



တန်းပြန်ကြတဲ့ ဧည့်သည်တွေလို လူမျိုးတွေ။ ဆိုးတာက အမျိုးသမီးတွေက Sex ဆိုတဲ့ စကားလုံး မသုံးချင်ကြဘူး။ ချစ်တာတို့၊ အိပ်တာတို့ လို့ပဲ ပြောချင်ကြတာ။ အဲ... Sex ပြီးသွားရင်လည်း ခံစားချက်လေးတွေ ရင်ဖွင့်ချင်တယ်။ ပြောပြချင်တယ်လေ။ ဒါပေမဲ့ အမျိုးသမီးတွေရဲ့ဆန္ဒ မပြည့်ပါဘူး။ ဘာလို့လဲဆိုတော့ အမျိုးသားလုပ်သူက ဘေးမှာ ခေါ်... ခေါ်... ခေါ်နဲ့ ဟောက်ပြီး အိပ်သွားပြီ။ ဒီတော့ အမျိုးသမီးတွေရဲ့ ခံစားမှုကို နားလည်ပေးကြည့်ပါလား။ မတူတဲ့ သဘာဝလေးတွေပါ။

**မောင်အတ္တ** ။ ။ မှန်တာပေါ့။ "အစကတစ်မျိုး နောက်တော့ရှိး" ဆိုတာလို ကြာလာတော့ သဘာဝအတိုင်း ဖြစ်ကုန်မှာပေါ့။

**ဒေါက်တာနိုး** ။ ။ ဒါကြောင့် တချို့က တွေးပေးတာပေါ့။ အမျိုးသားတွေက ခုတင်ပေါ်မှာ အမျိုးသမီးနဲ့နှစ်ယောက်တည်း နေပြီး စကားပြောဖို့ လိုအပ်နေသေးတယ်လို့ ပြောတာပေါ့။ ဒီအချက်တွေးရင် အမျိုးသမီးတွေက စိတ်ပိုင်းဆိုင်ရာခံစားမှုကို အရင်ဦးစားပေးတာကို ပြောတာပဲ။

ဒါကြောင့် **စုံချိန်မီ Sex ဆိုတာ တစ်ဦးကို တစ်ဦး လိုအပ်တာတွေ လိုက်လျောညီထွေ ဖြည့် ဆည်းပေးတာပဲ။** ဒါဆိုရင် တစ်ယောက်မှ ဆိုးကျိုး မရှိဘူးလေ။ ပိုကောင်းတဲ့ ညှိနှိုင်းမှုပဲ။ နောက်ပြီး အမျိုးသားတွေမှာ Sex နဲ့ပတ်သက်လို့ စိတ်ပိုင်းဆိုင်ရာ အမြင့်ဆုံးခံစားရသလို အမျိုးသမီးတွေမှာလည်း ရှိတယ်။ အမျိုးသားတွေက Ejaculate ထုတ်တဲ့ အချိန်ပေါ့။ အမျိုးသမီးတွေက မသိသာဘူးလေ။

**မောင်အတ္တ** ။ ။ ဟုတ်လားဆရာ။ ဟုတ်မှာပေါ့လေ။ သူတို့လည်း လူသားပဲဟာ...။

**ဒေါက်တာနိုး** ။ ။ နောက် ရှိသေးတယ်။ **တော်တဲ့ အမျိုးသမီးတွေဟာ တစ်ခါတစ်ရံ အချစ်နဲ့ပတ်သက်ရင် အရူးအမူး ဖြစ်ကြ**







**တယ်** တဲ့။ ဒါကို လွယ်လွယ်ပြောရရင်တော့ **IQ** မြင့်ရင် **IQ နိမ့်တယ်** တဲ့။ မှတ်ရလွယ်အောင်ပါ။ IQ ဆိုတာ Intelligence Quota (ဉာဏ်ရည်မြင့်တာ) ပေါ့။ EQ ဆိုတာက Emotional Quota ပေါ့။

စိတ်ပိုင်းဆိုင်ရာမှာ အထူးသဖြင့် အချစ်နဲ့ပတ်သက်ရင် မရွေးချယ်တတ်ဘူး။ ဒီလိုလူတွေက ကွဲကွာဖို့လည်း လွယ်တယ်။ **ကလေး** လည်း မလိုချင်ကြဘူးတဲ့။ ဒါကို အမေရိကန်ကတော့ **ငွေများများရှာနိုင်တဲ့**

* To fear love is to fear life.

www.burmeseclassic.com

အမျိုးသမီးတွေဟာ မရှာနိုင်တဲ့သူတွေထက် အိမ်ထောင်ကွဲနိုင်ခြေ နှစ်ဆ ရှိတယ်လို့ ဆိုတယ်။ အောင်မြင်နေတဲ့ အမျိုးသမီးတွေက သိပ်ပြီး သည်း မခံတတ်ကြဘူး။ Dr. Robert Holden ကတော့ အောင်မြင်တဲ့ အမျိုးသမီး တွေဟာ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆို၊ ခွဲခြမ်းစိတ်ဖြာနေတာပဲတဲ့။ ဒီတော့ အမှားမခံဘူးပေါ့။

**မောင်အတ္တ** ။ ။ ဟုတ်တာပေါ့။ အရာရာတိုင်း တွက်ချက်နေတာကိုး။

**ဒေါက်တာနိုး** ။ ။ နောက်အဆိုကတော့ အမျိုးသမီးတွေက အသက် ကြီးတဲ့ အမျိုးသားကို ပိုသဘောကျတယ်။ ဘာလို့လဲ ဆိုတော့ အသက်ကြီးတဲ့လူတွေက အကုန်လုံး ပြည့်စုံတာ များလို့တဲ့။ စီးပွားရေး ပိုင်ဆိုင်မှုလည်း ပြည့်စုံတယ်။ စိတ်ခံစားမှုပိုင်း ဆိုင်ရာလည်း နားလည်မှု ရှိတယ်တဲ့။ ဒါပေမဲ့ တချို့က ငယ်ရွယ်တဲ့အမျိုးသားကို အိမ် ထောင်ပြုကြတယ်။ ဒါကလည်း အမျိုးသမီးကိုယ်တိုင်က ပြည့်စုံလို့ရယ်၊ ဒါမှမဟုတ် အမျိုးသားက အမွေတွေ ရထားတာတွေ ရှိနေလို့ပါပဲတဲ့။ ဒါကြောင့် Men see women as sex objects. Women see men as success objects တဲ့။ အမျိုးသားတွေက Sex ကိုမြင်ပြီး အမျိုးသမီးတွေက အောင် မြင်မှုကိုပဲ မြင်လို့ပေါ့။

**မောင်အတ္တ** ။ ။ အင်း... အိမ်ထောင်ပြုကြတာ တွက်ချက်နေကြတာ ပဲနော်။

**ဒေါက်တာနိုး** ။ ။ ဟုတ်တယ် အသက်ကြီးကြီး အမျိုးသမီးတွေကျ တော့ သူတို့ထက်ပိုငယ်တဲ့ အမျိုးသားတွေကို ယူ တယ်။ ဒီလိုဖြစ်ရတာ သူတို့ကိုယ်တိုင်က ချမ်းသာတာရယ်၊ နောက်ပြီး အသက်ကြီးတဲ့ အမျိုးသားတွေရဲ့ ဩဇာလွှမ်းမိုးမှုမှာ မနေနိုင်လို့ပဲ။ အသက် ၅၉ နှစ်ရှိတဲ့ Elizabeth Taylor ဟာ အသက်ငယ်တဲ့ ၃၉ နှစ် ရှိနေတဲ့ ဆောက်လုပ်ရေး အလုပ်သမား Larry Fortensky ကို ယူလိုက်တယ်လေ။

**မောင်အတ္တ** ။ ။ ဒါက တကယ့်အဖြစ်အပျက်ပဲနော်။





**ဒေါက်တာနိုး** ။ ။ အမျိုးသမီးတွေက ဉာဏ်ကောင်းတဲ့ အမျိုးသားကို သဘောကျတယ်။ အမျိုးသားတွေက ဉာဏ်အကောင်း ကြီး မလိုဘူးတဲ့။ ဒါကြောင့် Joke လေး ရှိတယ်။

**မောင်အတ္တ** ။ ။ ဘာဟာသလဲ ဆရာ။

**ဒေါက်တာနိုး** ။ ။ အာဒမ်နဲ့ ဧဝပေါ့။ အာဒမ်က ဘုရားကို မေးတယ်။ ဧဝ သိပ်လှတာပဲတဲ့။ ကျေးဇူးတင်တယ်ပေါ့။ ဘာ ကြောင့်မှန်း မသိဘူး။ သဘောကျတယ်တဲ့။ ဒါပေမဲ့ ဧဝက လှပေမယ့် ဉာဏ်ရည်မမီဘူးပေါ့။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲလို့ မေးတယ်ပေါ့။ ဒီတော့ ဘုရားက ပြန်ပြောတယ်။ မင်းနဲ့ အဆင်ပြေအောင်လို့တဲ့။ ဒါက ဒဏ္ဍာရီပါ။ မညီတာကို ညီအောင် ညှိပြီး ဖန်ဆင်းပေးတာပေါ့။




* One tongue is sufficient for a woman.

www.burmeseclassic.com

www.burmeseclassic.com






မောင်အတ္တ ။ ။ ဒါတော့ ကျွန်တော်လည်း အာဒမ်ဝေအကြောင်း
သိပ်မသိဘူး။

ဒေါက်တာနိုး ။ ။ အမျိုးသမီးတွေကလည်း အထိအတွေ့ကို သာယာ
တာပဲတဲ့။ အမျိုးသမီးတွေမှာ အတွေ့အထိ အာရုံ

ခံစားမှုက တစ်သောင်းရှိပြီး အမျိုးသားတွေက သုံးထောင်ပဲ ရှိတယ်။





ဒါကြောင့် ချစ်ပြီဟော့ဆိုတာနဲ့ အထိအတွေ့ဟာ သိပ်အရေးကြီးတာပဲ။ အမျိုးသားတွေရဲ့အတွေးက အထိအတွေ့ဟာ Sex ပဲ။ ဒါပေမဲ့ အမျိုးသမီးတွေက မဟုတ်ဘူး။ နမ်းတာ၊ ပွတ်သပ်ပေးတာ၊ လက်လေးကို ထိတွေ့နေတာကကို အမျိုးသမီးတွေအတွက် သာယာနေပြီ။ လက်လေးကို ချိတ်၊ ပါးစပ်လေးနဲ့ တီတီတာတာပြောနေရင် သဘောကျတယ်။ အမျိုးသားတွေကတော့ ပထမပဲ ဒီလိုနေတာ။ နောက်တော့... နောက်တော့ ဖြစ်သွားတာပဲ။

မောင်အတ္တ ။ ။ ဆရာရယ် အမျိုးသမီး၊ အမျိုးသား သဘာဝမတူ
တာတွေပြောရင် ပြောလို့မကုန်ဘူးနော်။

ဒေါက်တာနိုး ။ ။ မတူတာကို သိရမယ်။ ဟိုဟာကို ဖြည့်၊ ပိုတာကို
ဝယ်နေရင် အိမ်ထောင်ရေးဟာ သာယာတဲ့ အိမ်

ထောင်ရေး တစ်ခုပါပဲကွာ။ ဒါထက် ပျော်စရာ မရှိတော့ဘူး။ အဲ... နောက်တစ်ခေါက်ပေါ့ကွာ။

မောင်အတ္တ ။ ။ ကောင်းပါတယ် ဆရာ။ ဒီနေ့လည်း များသွားပြီ။

* The law of attraction is the law of love.

www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသမီးနား ချဉ်းကပ်မယ်ဆိုရင်

**မောင်အဝှာ** ။ ။ ဆရာ ဒီတစ်ခါ ဘာပြောဦးမလဲ။ ပြောလို့ ကုန်ပြီလား။

**ဒေါက်တာနိုး** ။ ။ အေး… ပြောမယ်ဆိုရင်တော့ ကိုယ်တွေးချင်တဲ့၊ ကိုယ်လိုချင်တဲ့ဘက်ကို ဦးစားပေး ပြောရရင်တော့ ကုန်တော့မှာပါ။ ဒါပေမဲ့ Sex Education လို့ ပြောလိုက်တာနဲ့ အများကြီး ရှိသေးတာပဲ။ ကလေးငယ်တွေအတွက် ကျန်းမာရေးဆိုင်ရာ Sex Education ရှိတာပဲ။

ဆယ်ကျော်သက်ကျတော့လည်း ဒါတွေမသိရင် အတွေး ချော်သွားတာရော၊ စိတ်အလိုလိုက်မိတာရော ရှိပြန်ရော။ အဲ… အိမ်ထောင်သည်ကျတော့ အိမ်ထောင်သည်ဘဝ သာယာဖို့၊ တည်တံ့နေတဲ့ အိမ်ထောင်ရေးမြဲမြံဖို့ လိုအပ်တာပဲ။ ငါ ပြောတာတွေက အိမ်ထောင်သည်အရွယ်တွေကို ဦးစားပေးပြောတာပဲ။ ဒါပေမဲ့ တချို့ကျတော့ အရွယ်မရွေး ဆိုင်တာလည်း ရှိတာပေါ့။

အဲ… နောက်ဆုံး အသက် ၅၀ ပြည့်သွားရင်လည်း လိုနေတာပဲ။ ဒါနဲ့ ပြီးမသွားဘူး။ အသက် ၆၀ ရှိသွားရင်လည်း Sex နဲ့ ပတ်သက်တဲ့ ဗဟုသုတတွေက လိုနေတာပဲလေ။ ဒီတော့ ပြောလို့မကုန်၊ သိလို့ မကုန်ဘူးပေါ့။

**မောင်အဝှာ** ။ ။ ဒီလိုပြောလိုက်ပြန်တော့လည်း အများကြီးနော်။





**ဒေါက်တာနိုး** ။ ။ အေး… ငါ ဒီနေ့ ပြောချင်တာက အမျိုးသားတွေ အမျိုးသမီးတွေနား ချဉ်းကပ်ရင် အဆင်ပြေနိုင်တဲ့ နည်းတွေ ပြောချင်တာ။ ဒါလည်း သိပြီးသားလူတွေက နားလည်မှာပဲ။ ပြောပြတော့မှ သြော်… ဒီလိုကိုးလို့ သိကြတာလေ။ ဥပမာပြောရရင် ကြက်ဥကို ဘယ်လိုထောင်မလဲပြောတော့ မထောင်တတ်ဘူး။ ဒါပေမဲ့ တစ်ယောက်က ကြက်ဥကို လက်တွေ့ထောင်ပြတော့ "ဒါလေးများ… ငါလည်း လုပ်တတ်တာပဲ" လို့ ဖြစ်သွားတာပဲကွ။ ဆိုလိုတာက သိပြီးသားတွေပါပဲလို့ ပြောချင်တယ်။ ထောက်ပြတော့မှ သြော်… ဒါကြောင့်ကိုးဆိုပြီး ဖြစ်သွားတာ။

**မောင်အဝှာ** ။ ။ အခု ဆရာပြောမယ့်ဟာလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။

**ဒေါက်တာနိုး** ။ ။ ဒီလိုချဉ်းကပ်နည်းဟာ အမျိုးသမီးတွေအတွက် အင်အားဖြစ်စေတဲ့ ဆွဲဆောင်မှုတွေပဲ။ ရေရှည်မှာ တစ်ဦးကိုတစ်ဦး နားလည်မှုတွေနဲ့ ပြည့်လာတယ်။ နံပါတ်တစ် **အားပေးမှုကို ပြသပေးပါ** တဲ့။ ဒီလိုပြောတော့ လွယ်လွယ်လေးပဲနော်။ ဒါပေမဲ့ အဓိပ္ပာယ်အရ လုပ်ရမယ်ဆိုရင်တော့ အမျိုးသမီး လိုအပ်နေတဲ့အချိန်မှာ အချိန်မီ အနားရောက်လာပြီး ကူညီဖေးမတာ၊ စိတ်ပိုင်းဆိုင်ရာ အားပေးမှုတွေ လုပ်တာပါပဲ။ ဘာသိဘာသာနေရင် ဘာသိဘာသာ ဖြစ်နေတော့ နွေးထွေးမှု မရှိဘူးလေ။

နောက်တော့ ဖုန်းဆက်ပြောတာ၊ စာတွေပို့တာ၊ SMS ပို့တာ၊ E-mail ပို့တာတွေ လုပ်မယ်။ ပန်းလေးတွေ ပို့ပေါ့။ တစ်ခါတလေ အပြင်ခေါ်ပြီး အံပန်းဖြေ၊ ခေါ်နှစ်သိမ့် ပေးတာတွေ လုပ်ပေးရမယ်။ ဒီလို ပြသပေးတာကြောင့် အမျိုးသမီးဟာ အမျိုးသားအပေါ် အားကိုးစိတ်ပြီး လက်ထပ်ချင်စိတ်တွေ ဖြစ်လာမယ်။ နောက် နံပါတ်နှစ်က **ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတာ ပြရမယ်။**

---

* Feeling is the secret.

www.burmeseclassic.com



ဒါကို သွယ်ဝိုက်ပြောရရင်တော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိတဲ့သူတွေဟာ ဝင်ငွေနဲ့ ပတ်သက်နေတယ်။ ယုံကြည်မှုများလေ အမျိုးသမီးတွေအပေါ် ဆွဲဆောင်မှုရှိလေပဲ။ တချို့အမျိုးသားတွေက ယုံကြည်မှု ရှိဟန်ဆောင်ကြတယ်။ ဒါကိုလည်း အမျိုးသမီးတွေက မအဘူး၊ သိတယ်။ အမျိုးသားတစ်ယောက်ဟာ ယုံကြည်မှုရှိလာရင် ရည်ရွယ်ချက်တွေ၊ စိတ်ဝင်စားတာတွေ ရှိလာတယ်လေ။

**မောင်အတ္တ** ။ ။ တစ်ခုနဲ့တစ်ခု သွားပြီး ဆက်စပ်နေတာပဲနော်။

**ဒေါက်တာနီး** ။ ။ နံပါတ်သုံးက ကြင်နာမှုကို ပြသပါ တဲ့။ ကြင်နာမှု ပြတာဟာ ရေရှည် တွဲရမယ့်သူတွေအတွက် အရေးကြီးတယ်။ ဒါလည်း အမျိုးသမီးတွေကသိတယ်။ လိမ်လို့ မရဘူး။ ကြင်နာမှုပြတာရဲ့နောက်ကွယ်မှာ စာနာထောက်ထားတတ်တာတွေ၊ နားလည်မှု ရှိတာတွေပေါ့။ ပြောဆိုကြရင်လည်း နားထောင်ပေးတတ်တာ။ လှုပ်ရှားဆောင်ရွက်မှုတွေကလည်းကောင်းတဲ့ အပြုအမူ ရှိတာ၊ ဂရုစိုက်တတ်တာ၊ အကူအညီကို လက်မတွန့်ဘဲ ပေးတတ်တာဟာ အမျိုးသမီးတစ်ယောက်ကို ချဉ်းကပ်ဖို့အတွက် ကြင်နာမှုရဲ့ အခြေခံပဲလေးပဲလေ။ ဒီလိုလုပ်ဆောင်ပေးရတာ ကုန်ကျစရိတ်မများဘူး။ အမျိုးသမီးတွေရဲ့ ခံစားချက်ကျ အပြည့်အဝထောက်ခံချက် ရတယ်။


နောက် နံပါတ်လေးက စွမ်းဆောင်နိုင်တာကို ပြပါ တဲ့။ စွမ်းဆောင်နိုင်တယ်ဆိုတာ အတူတူသွားလာတဲ့အခါ ပစ္စည်းလေးတွေ မ,ပေးတာ၊ ကိုင်ပေးတာ၊ (ပေါ့ပေါ့လေးကို ပြောတာမဟုတ်ဘူးနော်) လေးတာတွေ သယ်ပေးတာတွေပေါ့။ အမျိုးသားတစ်ယောက်ရဲ့ ကာယစွမ်းအင်ကို မျက်ဝါးထင်ထင် တွေ့ရအောင်ပေါ့။ ချဉ်းကပ်နည်း တစ်ခုပဲလေ။

**မောင်အတ္တ** ။ ။ ကျွန်တော်တို့လို ရေတစ်ခွက်တောင် မသယ်ချင်တဲ့ သူတွေ မိန်းမကို ရမှာမဟုတ်တော့ဘူး။





**ဒေါက်တာနီး** ။ ။ အေးပေါ့ကွာ။ အဝတ်အစားကောင်း ဝတ်ပေးပါ တဲ့။ ဒါဟာ အမျိုးသားတစ်ယောက်ရဲ့ သန့်ရှင်းမှု၊ တန်ဖိုးထားမှု၊ တစ်ကိုယ်ရေ ကျန်းမာမှုနဲ့အတူ စိတ်ကိုပါ ဖော်ပြပေးတာပဲ။ အဝတ်အစားကြောင့် စိတ်ကို ကြည်နူးစေတယ်လေ။ အထင်ကြီးစေတယ်။ စွပ်ကျယ်ဝတ်ပြီး အမျိုးသမီးနား ကပ်ကြည့်ပါလား။ နောက်ကို ခြေနှစ်လှမ်း




* A change of feeling is a change of destiny.

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်သွားမယ်။ အဲ... ပုံမှန် ဝတ်ထားသူလည်း ပုံမှန်ပဲ။ စတိုင်နဲ့စမတ်ကျကျ ဝတ်ထားရင် ရှေ့ကို ခြေတစ်လှမ်းတိုးလာလိမ့်မယ်ကွ။

**မောင်အတ္တ ။** ။ ဒါဆို မိန်းမပိုးမယ်ဆိုရင် အကျီအသစ် ဝယ်ဝတ်ရမှာပေါ့။

**ဒေါက်တာနိုး ။** ။ နောက်တစ်ချက် **ရိုးသားမှုကို ပြပါ**တဲ့ကွ။ အမျိုးသားတစ်ယောက်အတွက် ရိုးသားမှုဟာ အရေးကြီးတယ်။ အမျိုးသမီးတွေက ဒါကို တန်ဖိုး ထားတတ်ကြတယ်လေ။ ရိုးသားမှုက လိမ်လို့မရဘူး။

နောက်ဆုံး တစ်ချက်ကတော့ ခဏခဏ ပြောနေကြတာလေး **ချစ်တာကို သိအောင်ပြပါ** တဲ့။ အမျိုးသားတွေက ဒါကိုမပြနိုင်ဘူး။ ပြောပေးရမယ်။ ပြောတိုင်း မရိုးနိုင်တဲ့စကားလုံးပဲ။ နောက်ဆုံး အချိန်တိုင်းက "ငါ မင်းကို ချစ်တယ်ဆိုပဲ" ကွ။ ဒါပေမဲ့ အမျိုးသားတိုင်း မလုပ်ချင်ကြဘူး။

**မောင်အတ္တ ။** ။ မခက်တာကိုပဲ မပြောချင်ကြဘူးနော်။

**ဒေါက်တာနိုး ။** ။ အခု ပြောခဲ့တာတွေက အမျိုးသားတွေက အမျိုးသမီးတွေဆီ ချဉ်းကပ်တဲ့အခါ ရေရှည်အတွက် ရည်ရွယ်ပြီး နေပေးရတာ၊ လုပ်ပေးရတာ၊ စဉ်းစားပေးရတဲ့ အပိုင်းတွေပဲ။ ဒီလိုပဲ အမျိုးသမီးဘက်ကလည်း အမျိုးသားကချဉ်းကပ်တာဆိုတော့ ပိုပြီး မြဲမြဲအောင်နေပေးရမယ့် နည်းတွေရှိသေးတယ်။

**မောင်အတ္တ ။** ။ ရှိသင့်တာပေါ့ ဆရာရယ်။ အမျိုးသားတွေအတွက်ကျတော့ လုပ်ပေးရတာ များသလိုပဲ။

**ဒေါက်တာနိုး ။** ။ အမျိုးသမီးတွေက ထွေထွေထူးထူး မလိုပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဆီကို လာကြတာကိုး။ ဒီတော့ အမျိုးသမီးတွေအတွက် နံပါတ်တစ် **ရုပ်ပိုင်းဆိုင်ရာ လှပကြည့်ကောင်း ချစ်စဖွယ်ပုံစံဖြစ်အောင် နေပေးရမယ်**တဲ့။ ဘာမှ ပုံမလာရင် ဘယ်သူမှ





မလာဘူး ဆိုသလိုပေါ့။ ပုံလာမှ လူကလာမှာလေ။ ဒါတွေက အမျိုးသမီးတွေရဲ့ သဘာဝတွေပဲ။ ဖြစ်သလိုနေပြီး မပြင်မဆင်ရှိနေတာ မကောင်းဘူးပေါ့။

နောက် ဒုတိယအချက်က **သစ္စာရှိပါ** တဲ့။ သစ္စာမရှိရင် ထားသွားမှာလေ။ နောက်တစ်ချက်က အရေးကြီးတယ်ကွ။ ဒါက ခွင့်မလွှတ်နိုင်တဲ့ဟာ။ **တခြားတစ်ယောက် နဲ့ ဖောက်ပြားတာကို ရှောင်ရမယ်**တဲ့။ ဒါက အမျိုးသားတိုင်း မကြိုက်ကြဘူးလေ။ ရှိခဲ့ရင်တောင် **သက်ရှိ** အမျိုးသားကို ဘာမှမပြောရဘူးတဲ့။

နောက်တစ်ချက်ကတော့ **ဝတ်စားဆင်ယင်မှုပါ။ ကိုယ့်အသားကို နည်းနည်းပဲဖော်ပါ** တဲ့။ ဆိုလိုတာကကွာ... အမျိုးသမီးတွေရဲ့ ခန္ဓာကိုယ် အရေပြားမှန်သမျှ မမြင်ရအောင် ဖုံးထားရမယ်။ မမြင်ရလေ ဆွဲဆောင်မှုရှိလေပဲ။ ရေရှည်တွဲရမယ့်သူကျ ဒါကိုကြည့်ပြီး ရွေးကြတာကွ။ အဖော်အချွတ်က ခဏတာ လူတွေကို ရွေးကြတာလေ။ မတူဘူး။

**မောင်အတ္တ ။** ။ ဟုတ်ပါတယ်။ လူတိုင်းက မမြင်ရမှ ကြည့်ချင်တာ၊ မြင်ပြီးရင် မကြည့်ချင်တော့ဘူး။ မစားဖူးတာ **စားပြီး**ရင်လည်း မစားချင်တော့ဘူးတဲ့။

**ဒေါက်တာနိုး ။** ။ အေး... ချဉ်းကပ်တဲ့အခါ ဟိုဟာလိုတယ်၊ ဒီဟာလိုတယ်နဲ့ စည်းကမ်းတွေသာ ပြောနေတာပဲ။ **အရင်**တုန်းက တက္ကသိုလ်ကျောင်းသားတွေ ချဉ်းကပ်တဲ့နည်းကတော့ **ဘာမှ** မလိုပါဘူး။ လွယ်လိုက်တာ။ တစ်ယောက်နဲ့ တစ်ယောက် ဘာမှ **တွက်**မထားကြဘူး။ ဒီလိုပဲ ငြိသွားတာ အများကြီးပါပဲ။

**မောင်အတ္တ ။** ။ ဆရာ အဲဒီနည်းလေးတော့ ပေးပါလား။

**ဒေါက်တာနိုး ။** ။ အေး... ဒီခေတ်မှာ နည်းသွားပြီလို့ **ထင်တယ်။** မျိုးဆက်မတူတော့ဘူး။ အရင်မျိုးဆက်တွေ **ထက်**ထက်ပေါ့။ အခုမျိုးဆက်တွေက IT မျိုးဆက်တွေ ဖြစ်ကုန်ပြီ။ **အရာရာ**

* Love is the most powerful and still most unknown energy in the world.

www.burmeseclassic.com

www.burmeseclassic.com



တိုင်း အထိအတွေ့ပဲ။ ဘယ်ဟာမဆို လက်နဲ့ထိပြီး ပြီးသွားတာပဲ။ ပျက်ရင်လည်း ခဏပဲ။ ကြာရှည်မခံဘူး။

**မောင်အတ္တ** ။ ။ အဲဒီမျိုးဆက်က တက္ကသိုလ်ဆိုတာ ပြန်ပြောဦးလေ ဆရာ။ လိုရင်းမရောက်မှာ ကြောက်လို့။

**ဒေါက်တာနိုး** ။ ။ အရင်တုန်းက အမျိုးသားနဲ့ အမျိုးသမီး မစွံရင်၊ ရှာလို့မတွေ့ရင် ဆောင်ပုဒ်လေးရှိတယ်။ အဲဒီအတိုင်း လုပ်ဖြစ်သွားကြတာ များတယ်။ "မစွံ တောင်တက်၊ မတက် လှေလှော်၊ မလှော် ရေကူး၊ မကူး စာသင်" တဲ့။ ဆိုလိုတာက မစွံတဲ့သူတွေက တောင်တက်အသင်းမှာ ပါရမယ်။ ဒါနဲ့ မတွေ့ဘူးဆိုရင် လှေလှော်အသင်းမှာ လှုပ်ရှားပေါ့။ အဲဒါလည်း မစွံပြန်ဘူးဆိုရင်တော့ ရေကူး။ ဒါနဲ့ မစွံသေးရင် စာသင်ပေးတဲ့နေရာတွေမှာပါပေါ့။ စာသင်ဆိုတာ အရင်တုန်းက "အ" သုံးလုံးဆိုတာ ရှိတယ်လေ။ ဒီလိုနဲ့ တွေ့ကြတာပဲ။ ဒါပေမဲ့ ဒီခေတ်မှာ မရှိတော့ဘူးလို့ ထင်တာပဲ။ IT ခေတ်ဆိုတော့ Chat ရင်းနဲ့ပဲ ငြိကြတော့တာကွ။

**မောင်အတ္တ** ။ ။ ဒါတော့ လိုက်မမီတော့ဘူး ဆရာ။

**ဒေါက်တာနိုး** ။ ။ ဒါက အရင်တုန်းကဟာတွေ ပြောတာကွာ။ ဒါပေမဲ့ သိပ္ပံပညာရှင်တွေရဲ့ အတွေးအခေါ်ကတော့ အချစ်ဆိုတာ သိပ္ပံပညာထဲက တစ်ခု၊ အတိအကျပြောရရင်တော့ကွာ။ အချစ်နဲ့ အိမ်ထောင်ရေးဆိုတာ ဓာတုဗေဒဆိုင်ရာကိစ္စလေးတစ်ခုလို့ပဲ ဆိုတယ်။ ဒါကြောင့် တချို့က အဆိပ်အတောက်ရှိတဲ့ စွန့်ပစ်ပစ္စည်းလို့ သဘောထားကြတယ်။ သိပ္ပံသဘောအရ အသုံးဝင်တယ်လို့လည်း သတ်မှတ်တယ်။ အဆိပ်အတောက်ရှိတယ်လို့လည်း သတ်မှတ်တယ်ကွာ။ မတူကြဘူးပေါ့။

**မောင်အတ္တ** ။ ။ ဒါကြောင့် Sex Education လို့ပြောပြီး Sex Motivation ဖြစ်သွားနိုင်တာပေါ့နော်။





**ဒေါက်တာနိုး** ။ ။ အောင်မာ... မင်းတောင် နားလည်လာပြီပဲ။ အဲဒါပြောပြော Sex is good medicine တဲ့။ Sex က ဆေးပဲပေါ့ကွာ။

အေးပေါ့ကွာ။ တစ်ချက်စီပဲ ပြောမယ်ကွာ။

၁။ Sex က ပျော်စေတာ၊ အားအင်ဖြစ်စေပြီး သွေးထဲကို အန်ဒေါ်ဖင် (Endorphins) တွေရောက်ပြီး စိတ်ဓာတ်ကျတာတွေ ကုပေးတယ်။

၂။* Sex ကြောင့် အချိန်တိုအတွင်းမှာ နှာချေတာ၊ ရင်ကျပ်တာတွေမရှိတော့ ပန်းနာ (Asthma) တွေကို ပိုကောင်းစေတယ်။

၃။ Sex ကြောင့် စွမ်းအင်တွေကုန်လို့ အဆီကျစေတယ်။

၄။ Sex က ရေကူးတဲ့ လေ့ကျင့်ခန်းလိုပဲ။ ခန္ဓာကိုယ်ကြွက်သားအားလုံး အလုပ်လုပ်ပေးတယ်။

၅။ Sex ရှိတုန်းမှာ အီစထရိုဂျင် ထုတ်လုပ်တဲ့အတွက် ဆံပင်တွေသန်တယ်။

၆။ အသားအရည်တွေ ပိုကောင်းလာတယ်။

၇။ စိတ်ငြိမ်ဆေးလိုပဲ စိတ်ကို တည်ငြိမ်စေနိုင်တယ်။

၈။ နမ်းရှုံ့တာကြောင့် သွားကြားထဲရှိ အစာတွေ ထွက်လာစေတယ်။ ဘာလို့လဲဆိုတော့ တံတွေး ပိုထွက်လာလို့ပဲ။

၉။ စိုးရိမ်ကြောင့်ကြမှုတွေ မရှိလို့ ခေါင်းကိုက်တာ ပျောက်စေတယ်။

၁၀။ အရေပြားရောင်ရမ်းတာ (Dermatitis) တို့၊ ယားယံတာတို့ဖြစ်ခဲ့ရင် Sex ကြောင့် သက်သာသွားတယ်။ ချွေးတွေထွက်လာပြီး သန့်ရှင်းပေးတဲ့အတွက် အရေပြား ပိုလှလာတယ်။

* Love isn't how you feel. It's what you do.

www.burmeseclassic.com

www.burmeseclassic.com



မောင်အတ္တ ။ ။ အိုး... များလှချည်လား။

ဒေါက်တာနိုး ။ ။ အေးပေါ့ကွာ။ အထိုက်အလျောက် ကောင်းကျိုးတွေ ရှိလို့ ကမ္ဘာ့ကုလသမဂ္ဂ ကျန်းမာရေးအဖွဲ့က စစ်တမ်းမှာ နေ့တိုင်းမှာ လူသန်း ၁၀၀ က Sex ရှိနေတယ်လို့ ဆိုတာပဲလေ။

မောင်အတ္တ ။ ။ အိုး... သေချာလေ့လာပြီး တွက်ထားကြတာပဲနော်။

ဒေါက်တာနိုး ။ ။ ကဲ... တို့တစ်တွေလည်း အမျိုးသားတွေ လိုချင်တာ Sex အမျိုးသမီးတွေ လိုချင်တာ Love ကို ဒီနေရာမှာပဲ အဆုံးသတ်လိုက်ကြရအောင်။ ။

## အိမ်ထောင်ပြုမယ်ဆိုရင် Anti-Virus လိုမိန်းမကို ယူရမယ်

ဒေါက်တာနိုး ။ ။ အမျိုးသားတွေ အိမ်ထောင်ပြုမယ်ဆိုရင် ယူသင့်တဲ့ မိန်းမကို ကွန်ပျူတာကြီးတစ်ခုနဲ့နှိုင်းပြီး ပြောပြမယ်။

မောင်အတ္တ ။ ။ ဒါဆိုရင်တော့ စိတ်ဝင်စားစရာပဲ။ မိန်းမဆို မိန်းမပဲပေါ့။ ဘာတွေကွာနေသလဲ ဆရာရယ်။ မိန်းမတွေ ကြားရင် ဆရာ့ကို ပြောနေဦးမယ်။ ဆရာယူတဲ့ မိန်းမကကော ဆရာပြောတဲ့အချက်နဲ့ ညီသလား မေးမှာပေါ့။

ဒေါက်တာနိုး ။ ။ ဒါက ခွင်းချက်လေကွာ။ စာအုပ်ထဲကနဲ့ အပြင်နဲ့တော့ ဘယ်တူပါ့မလဲ။ ဒါပေမဲ့ သီအိုရီက သိဒ္ဓိရိုးလက်တွေ့က လက်တွေ့ပဲလေ။

မောင်အတ္တ ။ ။ ကဲပါ ဆိုပါဦး။ ဆရာပြောတဲ့ မိန်းမတွေ။

ဒေါက်တာနိုး ။ ။ ပထမဆုံး စပြောရရင် ကွန်ပျူတာမှာပါတဲ့ Hard Disk အကြောင်း ပြောရအောင်။ ဒီတော့ Hard Disk က ဘာလုပ်တာလဲ။

မောင်အတ္တ ။ ။ ဆရာကလည်း မိန်းမအကြောင်းပြောမယ်ဆိုပြီး Hard disk အကြောင်း ရောက်သွားပြီ။ Hard disk ဆိုတာ အရာရာတိုင်း (File မျိုးစုံ Photo, Text, Video, Document) ကို သိမ်းထားပြီး အမြဲတမ်း မှတ်မိနေတယ်လေ။

* Jealous is disease, Love is a healthy condition.

www.burmeseclassic.com



ဒေါက်တာနိုး ။ ။ အေးကွ။ Hard disk လို မိန်းမက အရာရာတိုင်း အမြဲတမ်း မှတ်မိတာပဲ လုပ်ပေးနိုင်တယ်။ တခြား ဘာတာဝန်မှ မရှိဘူးနော်။

မောင်အတ္တ ။ ။ ဟုတ်တာပေါ့ ဆရာ။ နောက်တော့ကော။

ဒေါက်တာနိုး ။ ။ Ram မိန်းမတဲ့။ သူကျတော့ မေ့တတ်တယ်။ အသုံးပြုတဲ့အချိန်လေးမှာပဲ သတိရတယ်။ ဒီတော့ ခက်ခဲတယ်လေ။ အားမကိုးရဘူးပေါ့။

မောင်အတ္တ ။ ။ အင်းပေါ့ ဒါတော့ အားမကိုးရဘူးပေါ့။

ဒေါက်တာနိုး ။ ။ နောက် Window မိန်းမတဲ့။

ဒေါက်တာနိုး ။ ။ ဒါကျတော့ တစ်မျိုးကြီး။ ဘာကြောင့် ပြောတာလဲ။

မောင်အတ္တ ။ ။ Window me, window 7, window XP နဲ့ ပေါ်နေတာပဲလေ။ ကွန်ပျူတာကို ကောင်းကောင်းအလုပ်လုပ်ပေးနိုင်တာပဲလေ။ ဒါပေမဲ့ ဒီ Window တစ်ခုတည်းနဲ့ ကွန်ပျူတာက အလုပ်လုပ်လို့ မရဘူး။ တခြား Software တွေ မှီခိုရသေးတယ်။ ဥပမာ ကွာ ပုံဆွဲမယ်ဆိုရင် Photoshop, Video ဆိုရင် Editing software တွေ လိုလာပြီ။ ဒါပေမဲ့ ဒီ Window မရှိရင်လည်း ကွန်ပျူတာက အလုပ်မလုပ်တော့ဘူး။ ဒီလို Window နဲ့တူတဲ့ မိန်းမယူတယ်ဆိုရင် အဝတ်လျှော်ဖို့ တစ်ယောက်၊ ဟင်းချက်ဖို့ တစ်ယောက် လိုနေတာနဲ့ မတူဘူးလား။

မောင်အတ္တ ။ ။ အင်း... ဟုတ်တာပဲနော်။ နောက်တစ်မျိုးကကော။

ဒေါက်တာနိုး ။ ။ Excel မိန်းမတဲ့။ သူကလည်း အတွက်အချက်ကတော်ပါဘိနဲ့။ ဒါပေမဲ့ Excel ဆိုတာ Hard disk တွေ၊ Window တွေ၊ Ram ပေါ် မူတည်ပြန်တော့ သူများကို အားကိုးရသေးတယ်တဲ့။ ဒီလိုမိန်းမက အတွက်အချက်တော်လွန်းပြီး ဒုက္ခပေးနိုင်တယ်တဲ့။





မောင်အတ္တ ။ ။ ရှုပ်မှ ရှုပ်ကိုး။ ရှိသေးလား။

ဒေါက်တာနိုး ။ ။ ရှိတာပေါ့။ Screen Saver မိန်းမတဲ့။ ကွန်ပျူတာမှာ Screen Saver ဆိုတာ ပါတဲ့ ကွန်ပျူတာ အသုံးပြုတဲ့ သူအတွက် အသုံးမဝင်ဘူး။ ဒါပေမဲ့ အပျင်းပြေတော့ တစ်ခါတလေ ကစားလို့ရတယ်။ ဒီလို မိန်းမတွေလည်း ရှိတယ်။ အသုံးမဝင်ဘူး။ အပျော်အတွက် သုံးတယ်။

မောင်အတ္တ ။ ။ ဒါတော့ ဘယ်သူက ဒီလိုမိန်းမ ယူချင်ပါ့မလဲ။

ဒေါက်တာနိုး ။ ။ အေးပေါ့ကွာ။ နောက်တစ်ယောက် ရှိသေးတယ်။ များနေပြီလား။ Internet မိန်းမတဲ့။

မောင်အတ္တ ။ ။ Intenet ဆိုတော့ စွယ်စုံပေါ့။ ဟုတ်တယ် မဟုတ်လား။

ဒေါက်တာနိုး ။ ။ အေး... ဒီလိုမိန်းမကျပြန်တော့ အတော်မှန်နေတယ်။ ဆက်သွယ်လို့တောင် မရတော့ဘူးတဲ့။ difficult to access တဲ့။ ချိတ်ရတာ သိပ်ပြီးခက်တာပဲ။ ပင်ပန်းတာပေါ့။

မောင်အတ္တ ။ ။ ဒါလည်း ဟုတ်တာပေါ့။ မိန်းမကတော့ မိန်းမပဲ။ အချိန်လေး ပေးဦးမှပေါ့။

ဒေါက်တာနိုး ။ ။ အေး သူ့ထက်ပိုပြီး ဆိုးတာရှိတယ်။ Server မိန်းမတဲ့။ သူ့ကိုလိုချင်ရင် အမြဲတမ်း အလုပ်ရှုပ်နေတာပဲ။ သူက အလုပ်ရှုပ်လို့ မတွေ့ရတာနော်။ Internet မိန်းမကျတော့ အလုပ်ရှုပ်တာ မရှုပ်တာ မသိဘူး။ လုံးဝ အဆက်အသွယ် မရတာ။ ကွာတယ်နော်။ အဆက်အသွယ်မရတာနဲ့ အလုပ်ရှုပ်တတ်တဲ့ မိန်းမတွေလေ။

မောင်အတ္တ ။ ။ ဒါကတော့ သူ့အကြောင်းနဲ့သူကိုး ဆရာရေ။

ဒေါက်တာနိုး ။ ။ ယောကျာ်းတစ်ယောက်အတွက်တော့ ဆိုးတာပေါ့ကွာ။ နောက် အမျိုးအစားက ပိုပြီး မိုက်တယ်ကွ

* With love and patience; nothing is impossible.

www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီတယ်။ Multimedia မိန်းမတဲ့။ သူကကျတော့ စိတ်ဝင်စားဖွယ်လေးတွေ မျိုးစုံလုပ်နိုင်တယ်။ လှလည်းလှတယ်။ ဆိုးတာကတော့ စိတ်မချရပြန်ဘူးကွာ။ ပြည့်စုံပြန်တော့ လိုအပ်တာလေးက ရှိနေသေးတာပဲလေ။

**မောင်အတ္တ ။** ။ ဆရာကလည်း ယူစရာကို မရှိတော့ဘူး။

**ဒေါက်တာနီး ။** ။ နောက်တစ်ယောက်ကတော့ CD Rom မိန်းမတဲ့ကွ။

**မောင်အတ္တ ။** ။ ဒါလည်း မိုက်တာပဲ။ CD Rom တွေက မျိုးစုံပဲလေ။

**ဒေါက်တာနီး ။** ။ အေး CD Rom တွေကလည်း အမျိုးစုံ၊ အချိန်နဲ့အမျှ တောက်လျှောက်ပေါ်နေတာပဲ။ တအားမြန်တာပဲ။ လိုက်မမီဘူးလေ။ တချို့မိန်းမတွေက ခေတ်ရှေ့ပြေးလွန်းနေတယ်။ ယောကျ်ား ကျန်ခဲ့ဦးမှာ။

**မောင်အတ္တ ။** ။ ဆရာကလည်း ဆရာ့အတွက်ပဲ ကြည့်တာကို။

**ဒေါက်တာနီး ။** ။ E-mail မိန်းမတဲ့။ သူကလည်း E-mail လို အမျိုးစုံလာနိုင်တယ်။ E-mail စာစောင် ဖွင့်ဖို့ Window, server, Ram, software တွေလိုသလိုပဲ သူ လိုချင်တာတွေ များနေတယ်ကွာ။ အကုန်လုံးလိုချင်ပြီး အကုန်လုံးအသုံးမပြုတတ်တဲ့ မိန်းမတဲ့။

**မောင်အတ္တ ။** ။ ဒါဆို ကုန်ပြီပေါ့။ ဆရာ ပြောချင်တဲ့မိန်းမ။

**ဒေါက်တာနီး ။** ။ အေး ရှိသေးတယ်ကွ။ Anti-Virus မိန်းမတဲ့။ Anti-Virus မိန်းမကျတော့ အိမ်ထောင်ရှင်မ ဖြစ်နိုင်တယ်တဲ့ကွာ။ Anti-Virus ဆိုတာ မမျှော်လင့်ဘဲ ရောက်လာတယ်။ လာပြီဆိုလည်း ကောင်းတာတွေကို လုပ်သွားသလို မကောင်းတာကို ဖယ်ရှားပေးသွားတယ်။ သူ့ဘာသာသူ လုပ်တာပါ။

ကွန်ပျူတာအနေနဲ့ပြောရင် Anti-Virus က ကွန်ပျူတာထဲက အရေးကြီးတာတွေ၊ မကြီးတာတွေ၊ သူ အသုံးပြုသွားတာပဲ။ Anti-virus မရှိရင် ကွန်ပျူတာထဲက File တွေ ဆုံးရှုံးမှာနော်။ အဲ တကယ်လို့





သူ့ကို လုံးဝအားမကိုးခဲ့ရင်လည်း အရာရာတိုင်း ဆုံးရှုံးမယ်တဲ့ကွာ... ရှင်းလား။ နည်းနည်းရှုပ်နေမှာပေါ့။

**မောင်အတ္တ ။** ။ ဟုတ်တယ် ဆရာ။ နည်းနည်းလေး ရှုပ်သွားပြီ။

**ဒေါက်တာနီး ။** ။ ဒီလို Anit-Virus မိန်းမက ကိုယ့်ဆီရောက်လာမယ့် သူ့ဘာသာသူ မိသားစုတာဝန်တွေ လုပ်ဆောင်မယ်။ အိမ်မှာရှိနေတဲ့ဟာတွေ မဆုံးရှုံးသင့်တာ မဆုံးရှုံးအောင် သုံးပေးတယ်။ သုံးတတ်စွဲတတ်တယ်။ အဲဒီတော့ အိမ်ထောင်သည် ယောကျ်ားတွေအတွက် လိုအပ်တယ်လေ။ ဘဝကိုလည်း ပျော်စေတယ်။ မိသားစုကိုလည်း ထိန်းထားတယ်။

တကယ်လို့ ဒီလို မိန်းမတွေကို အိမ်ထောင်ရှင်မအနေနဲ့ လက်မခံခဲ့ရင် ဆုံးရှုံးနိုင်တာတွေ အများကြီးတဲ့။ ကွန်ပျူတာကို သုံးနေရင် ပိုပြီးသိမှာပေါ့။ Virus ကြောင့် ကွန်ပျူတာပျက်စီးပြီး ဒီ Anti-virus ကပဲ ကွန်ပျူတာကို ကောင်းသွားစေတာလေ။

**မောင်အတ္တ ။** ။ ကျွန်တော်ကတော့ ချစ်တာနဲ့ပဲ ဆုံးဖြတ်ပြီး ယူတော့မယ်။

**ဒေါက်တာနီး ။** ။ ဟေ...။

---

* Love is our true destiny.

www.burmeseclassic.com